ကြေးမုံ
The Mirror Daily
၁၉၅၇ ဖြေ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်းတရားကို သိလေ၏။

ဗာလဝဂ်(ခမ္မပဒ-၆၅)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်၊ တနင်္ဂနွေနေ့။ Sunday, 16 March 2025 ၁၁၇၆၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Asia World Port Terminal-AWPT ဆိပ်ကမ်းတံတားအတွင်း ဆိပ်ကမ်းလုပ်ငန်းများဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆိပ်ကမ်းလုပ်ငန်းကဏ္ဍစွမ်းဆောင်နိုင်မှုအခြေအနေများနှင့် ကုန်သွယ်မှုဆိုင်ရာအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Asia World Port Terminal-AWPT ဆိပ်ကမ်းသို့ သွားရောက်၍ ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှုအခြေအနေများနှင့် ကုန်သွယ်မှုဆိုင်ရာအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့★



အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှု အရှိန်အဟုန်ဖြင့် ဖော်ထုတ်တိုက်ဖျက်

မြန်မာနိုင်ငံ နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလောင်းကစားမှုနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းများ လုပ်ကိုင်နေကြသော ဒုစရိုက်ဂိုဏ်းများကို နိုင်ငံတကာနှင့်ပူးပေါင်းပြီး ဒုစရိုက်မှုနှိမ်နင်းရေးအသွင်ဖြင့် တက်ကြွစွာ ဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိရာ အဆိုပါဒုစရိုက်လုပ်ငန်းများ အခြေအနေကို နေ့စဉ်နှင့်အမျှမြင်တွေ့နေရပေသည်။

အွန်လိုင်းလိမ်လည်မှုနှင့်လောင်းကစားမှုများ ပမာဏကြီးထွားနေခြင်းသည် အွန်လိုင်းပေါ်မှငွေကြေးအကျိုးအမြတ်ကြီးမားစွာရရှိနေခြင်း၊ မြန်မာနိုင်ငံတွင် သာမက အခြားနိုင်ငံများရှိ ပြည်သူများအား အွန်လိုင်းပေါ်မှလွှမ်းခြုံ၍ သားကောင်အဖြစ် ဖမ်းယူနိုင်ရန်ဆောင်ရွက်ကြခြင်းကြောင့် ပမာဏကြီးမားများပြားလာခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို ထိထိရောက်ရောက် ပြတ်ပြတ်သားသား တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ထိုင်းနိုင်ငံအပါအဝင် မြန်မာနိုင်ငံအရှေ့ဘက်ရှိ အိမ်နီးချင်းနိုင်ငံအချို့ကိုတစ်ဆင့်ခံဖြတ်ကျော်၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများအသီးသီးမှ တရားမဝင် ဝင်ရောက်လာကြသည့် အထူးသဖြင့် ကရင်ပြည်နယ် မြဝတီမြို့ – ရွှေကုက္ကိုလ်နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကိုကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား မြန်မာ–ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုကို ရှေးရှု၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နေ့စဉ်နှင့်အမျှ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်ကို တွေ့မြင်နေရသည်။

အလားတူ မြဝတီမြို့ – မင်းလက်ပံနှင့် KK Park နယ်မြေများသို့ နယ်စပ်ဒေသ တရားမဝင်လမ်းကြောင်းများမှဝင်ရောက်လာကြသည့် ပြည်ပနိုင်ငံသားများကိုလည်း ထပ်မံစိစစ်ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက နေ့စဉ်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက အထောက်အထားအချက်အလက်မှန်ကန်သော ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားများနှင့် စနစ်တကျလွှဲပြောင်းပေးအပ်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့မှ မတ်လ ၁၃ ရက်နေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၆၀၁၅ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက် ၃၂၁၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့သည်။ ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၈၀၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ရှိနေပြီဖြစ်ပြီး ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားသည်။ မြန်မာနိုင်ငံ နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများတွင် ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှ ကြိုးကိုင်နေသော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူရန် ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးတို့ကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသော နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကို နယ်စပ်ဒေသများတွင် တက်တက်ကြွကြွ ထိထိရောက်ရောက် ပူးပေါင်းလက်တွဲတိုက်ဖျက်လျက်ရှိသည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူအဆင့်ဆင့်နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် မိမိတို့နယ်မြေဒေသများအလိုက် မိမိတို့ဒေသများအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားမှုများနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှု လုပ်ငန်းများအပါအဝင် အခြားဒုစရိုက်မှုလုပ်ငန်းများ မရှိစေရေးအတွက် ရှာဖွေဖော်ထုတ်ခြင်း၊ ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်းတို့ကို ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့များပါဝင်သည့် ပူးပေါင်းအဖွဲ့များက တင်းတင်းကျပ်ကျပ် စိစစ်ရှာဖွေဖော်ထုတ်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ တရားမဝင်အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများသည် အကျင့်စာရိတ္တပျက်ပြားသည့်ကြီးမားကျယ်ပြန့်သော ဒုစရိုက်မှုများဖြစ်သည်။ အဆိုပါဒုစရိုက်မှုများကြောင့် မြန်မာနိုင်ငံရှိ ပြည်သူများသာမက အခြားနိုင်ငံများရှိ ပြည်သူများပါ လိမ်လည်လှည့်ဖြားခံရပြီး ဆင်းရဲဒုက္ခအမျိုးမျိုး ရောက်စေနိုင်သည့်အပြင် သက်ဆိုင်ရာနိုင်ငံများ၏ပုံရိပ်ကိုပါ ကျဆင်းစေနိုင်သဖြင့် ယခုထက်ပိုမို၍ ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် တိုက်ဖျက်နိုင်ရန် အမျိုးသားရေးအသွင်ဖြင့် အားလုံးပူးပေါင်းပါဝင် လက်တွဲဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။



၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိက လုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွဲ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီ ဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလ ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများစာဖတ်နှုန်းမြင့်တက်စေရန်ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့် အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

၁၅ - ၃ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၄၈၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကြေးမုံ

စာတည်းမှူးချုပ်	– ဦးဝင်းနိုင်	အကြီးတန်း	– ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊
ခေတ္တ စာတည်းမှူး	– ဦးအေဝမ်းစိုး	သတင်းထောက်များ	ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
စာတည်းများ	– ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ	အငယ်တန်း သတင်းထောက်များ	– ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	– ဒေါ်ဇင်မာဝင့်
		စာပြင်	– ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
ဘာသာပြန်	– ဦးနိုင်လင်းကြည်၊	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	– ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	အီးမေးလ်နှင့် အွန်လိုင်း	– ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၃
မန္တလေးဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒွေစာရင်း ၀၁-၂၉၁၄၄၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

မိမိတို့အနေဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများ၊ ကန့်သတ်ချက်များကို ကျော်လွှား၍ ပို့ကုန်များ ပိုမိုတင်ပို့နိုင်ရေး နည်းလမ်းရှာဖွေဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Asia World Port Terminal-AWPT ဆိပ်ကမ်းလုပ်ငန်းကိစ္စရပ်များနှင့်ပတ်သက်၍ အမှာစကားပြောကြားစဉ်။

★ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Asia World Port Terminal-AWPT ဆိပ်ကမ်းတံတားရှိသုံးထပ်ဆောင်ခန်းမသို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှုအခြေအနေများနှင့်ပတ်သက်၍ ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ နောက်ခံသမိုင်းအကျဉ်း၊ မူဝါဒများ၊ မြန်မာ့ဆိပ်ကမ်းများ၊ နှစ်အလိုက် ဆိပ်ကမ်းတံတားများ တိုးတက်လာမှု၊ ရန်ကုန်ဆိပ်ကမ်းနှင့် သီလဝါဆိပ်ကမ်း ဧရိယာတို့ရှိ ဆိပ်ကမ်းတံတားများ၊ ဆိပ်ကမ်းလုပ်ငန်းဆောင်ရွက်မှုနှင့် တိုးတက်မှုအခြေအနေ အကျဉ်းချုပ်၊ ပြည်ပသို့ ပင်လယ်ရေကြောင်းမှ လယ်ယာထွက်ကုန်များ တိုးမြှင့်တင်ပို့ခြင်း၊ ရန်ကုန်-ကော့သောင်း-ရနောင်း ခရီးစဉ်ဖြင့် သွင်းကုန်/ပို့ကုန် ဆောင်ရွက်နိုင်မှု၊ Transshipment ဖြင့် ကုန်သွယ်မှုကို မြှင့်တင်ခြင်း၊ ဘဏ္ဍာငွေရှာဖွေနိုင်မှုနှင့် သုံးစွဲမှုအခြေအနေများ၊ လုပ်ငန်း ဆောင်ရွက်မှုအပေါ် သုံးသပ်တင်ပြချက်များကို လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ကုန်သွယ်မှုဆိုင်ရာ အခြေအနေများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ စီးပွားရေးဦးတည်ချက် ၃ ရပ်တို့နှင့် အညီ ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ပို့ကုန်မြှင့်တင်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် မတ်လအထိ ကုန်သွယ်မှု အခြေအနေများ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် လအလိုက်ကုန်သွယ်မှုအခြေအနေများ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် မတ်လ ၁၅ ရက်အထိ ပို့ကုန်ဆိုင်ရာ ကုန်ပစ္စည်းအုပ်စုအလိုက် အမှန်တင်ပို့နိုင်မှု၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် မတ်လ ၁၅ ရက်အထိနှင့် ယခင်နှစ်အလားတူကာလ ပို့ကုန်အုပ်စုအလိုက်နှိုင်းယှဉ်ချက်၊ ပို့ကုန်အများဆုံးတင်ပို့ခဲ့သည့် ကုန်ပစ္စည်းများနှင့် နိုင်ငံများ၊ ဆန်/ဆန်ကွဲ၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းနှင့် ဝါဂွမ်းတင်ပို့မှု၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် မတ်လ ၁၅ ရက်အထိ အုပ်စုအလိုက် သွင်းကုန်ဆောင်ရွက်မှုနှင့် ဘဏ္ဍာရေးနှစ်အလိုက် သွင်းကုန်အများဆုံး တင်သွင်းခဲ့ရသည့် ကုန်ပစ္စည်းများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆိပ်ကမ်းလုပ်ငန်း ကိစ္စရပ်များနှင့်ပတ်သက်၍ ယခင်က မိမိတို့နိုင်ငံမှ ဆိပ်ကမ်းသည် အရှေ့တောင်အာရှတွင် ပို့ကုန်များ အဓိကတင်ပို့သည့် ဆိပ်ကမ်းတစ်ခုဖြစ်ခဲ့ကြောင်း၊ ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် ပို့ကုန်များတင်ပို့မှု လျော့နည်းလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများ၊ ကန့်သတ်ချက်များကို ကျော်လွှား၍ ပို့ကုန်များ ပိုမိုတင်ပို့နိုင်ရေး နည်းလမ်းရှာဖွေဆောင်ရွက်သွားရန် လိုကြောင်း၊ စာမျက်နှာ ၄ သို့ ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား Asia World Port Terminal-AWPT ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှုအခြေအနေများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ရှင်းလင်းတင်ပြစဉ်။

- ❋ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် သင်္ဘောများဆိုက်ကပ်ခွင့် ခွဲဝေပေးရာတွင် ဆိပ်ကမ်းများ၌ မျှ၍ ဆိုက်ကပ်ခွင့်ပေးရန်လို
- ❋ ဝင်ရောက်လာသည့် သင်္ဘောအမျိုးအစားများအလိုက်၊ အရွယ်အစားအလိုက် ဆိပ်ကမ်းများတွင် ဆိုက်ကပ်ခွင့်အား စဉ်းစားဆောင်ရွက်ရန်လို
- ❋ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတား စီမံကိန်းပြီးစီးသွားပါက ဖြစ်ပေါ်လာနိုင်မည့် သင်္ဘော ဝင်/ထွက် ကန့်သတ်မှုများကို ကြိုတင်တွက်ဆပြင်ဆင်ထားရန်လို
- ❋ မိမိတို့အနေဖြင့် စက်မှုစိုက်ပျိုးရေးထုတ်ကုန်များ၊ စားသောက်ကုန်များကိုလည်း တင်ပို့နိုင်ပြီး ထုတ်လုပ်မှုကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်

★ စာမျက်နှာ ၃ မှ

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် သင်္ဘောများဆိုက်ကပ်ခွင့် ခွဲဝေပေးရာတွင် ဆိပ်ကမ်းများ၌ မျှ၍ ဆိုက်ကပ်ခွင့်ပေးရန် လိုကြောင်း၊ ဝင်ရောက်လာသည့် သင်္ဘောအမျိုးအစားများအလိုက်၊ အရွယ်အစားအလိုက် ဆိပ်ကမ်းများတွင် ဆိုက်ကပ်ခွင့်အား စဉ်းစားဆောင်ရွက်ရန် လိုကြောင်း၊ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတား စီမံကိန်းပြီးစီးသွားပါက ဖြစ်ပေါ်လာနိုင်မည့် သင်္ဘော ဝင်/ထွက်ကန့်သတ်မှုများကို ကြိုတင်တွက်ဆပြင်ဆင်ထားရန် လိုကြောင်း။

စိုက်ပျိုးရေးနှင့် ပတ်သက်သည့်ထုတ်ကုန် ပစ္စည်းများကို ပိုမိုထုတ်လုပ်တင်ပို့

ပို့ကုန်နှင့်ပတ်သက်၍ တင်ပြချက်များအရ မိမိတို့နိုင်ငံအပေါ် စီးပွားရေးအရ ပိတ်ဆို့မှုများရှိသဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို တိုးမြှင့်၍ ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရန် လိုကြောင်း၊ ဈေးကွက်ရှိပြီး ဖြစ်သည့် ထုတ်ကုန်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်ရန် လိုကြောင်း၊ အဓိကအားဖြင့် စိုက်ပျိုးရေးနှင့် ပတ်သက်သည့် ထုတ်ကုန်ပစ္စည်းများကို ပိုမိုထုတ်လုပ်တင်ပို့နိုင်ရန် လိုကြောင်း၊ မိမိတို့အနေဖြင့် စက်မှုစိုက်ပျိုးရေး ထုတ်ကုန်များ၊ စားသောက်ကုန်များကိုလည်း တင်ပို့နိုင်ပြီး ထုတ်လုပ်မှုကို ယခုထက်ပိုမို တိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဈေးကွက်ရှိပြီး ဖြစ်သည့် ရော်ဘာနှင့် ကော်ဖီတို့ကဲ့သို့ ထုတ်ကုန်များကိုလည်း အရည်အသွေး ပြည့်မီစွာဖြင့် တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ် တင်ပို့သွားနိုင်ရန် လိုကြောင်း၊ ထုတ်လုပ်မှုတိုးမြှင့်ရန် စိုက်ကေများ တိုးချဲ့ဆောင်ရွက်စက်ရုံများ တည်ဆောက်၍ ပြောင်းမှ ပြောင်းထုတ်ကုန် ကုန်ချော ထုတ်လုပ်မှုများကိုလည်း အဆင့်အလိုက် ပြောင်းလဲ ဆောင်ရွက်သွားရန် လိုကြောင်း။

ဆိပ်ကမ်းများနှင့်ပတ်သက်၍ မျှမျှတတဖြစ်စေရေး စီမံဆောင်ရွက်

ဆန်နှင့်ပတ်သက်၍ အရည်အသွေးပြည့်မီသည့် ဆန်များကို ကြိတ်ခွဲထုတ်လုပ်နိုင်ရန် လိုပြီး တန်ဖိုးမြင့်ပြီး အရည်အသွေးပြည့်မီသည့်ဆန်များကို တင်ပို့နိုင်ရမည်ဖြစ်ကြောင်း၊ သီးထပ်စိုက်ပျိုးခြင်းများကို အောင်မြင်အောင် ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေးထွက်ကုန်များ နှစ်ဆတက်လာမည်ဖြစ်ပြီး ကုန်ချော ထုတ်ကုန်များသည်လည်း တိုးတက်လာမည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှ ထုတ်လုပ်သည့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များအား ပြည်ပသို့တင်ပို့မှုကို ကန့်သတ်ထားခြင်း မရှိသည့် အတွက် ပြည်ပသို့ လျင်မြန်ချောမွေ့စွာဖြင့် တင်ပို့နိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်က အလေးထားဆောင်ရွက်သွားရန် လိုကြောင်း၊ ဆိပ်ကမ်းမှ ပို့ဆောင်သည့်မော်တော်ယာဉ်များ အချိန်မီ ထွက်ခွာနိုင်ရေးအတွက်လည်း လမ်းကြောင်းများကို စနစ်တကျ တွက်ချက်ထားရန်လိုပြီး ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်ပေါ်စေရေးအတွက်လည်း လိုအပ်သည်များ စီမံဆောင်ရွက်ထားရှိရန် လိုကြောင်း၊ ဆိပ်ကမ်းများနှင့်ပတ်သက်၍ မျှမျှတတဖြစ်စေရေး စီမံဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ငွေကြေးကဏ္ဍ၌ ခိုင်မာတောင့်တင်းသည့် လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံနှင့်ပြည်သူလူထု၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးကို တိုက်ရိုက်အထောက်အကူပြုသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ ၎င်းကိုအခြေခံသည့် ထုတ်ကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း (Agro Base Industry) ကဏ္ဍတို့၌ ရင်းနှီးမြှုပ်နှံခြင်းကို ဦးစားပေးဆောင်ရွက်ကြစေလို ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှတ်တရလက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Asia World Port Terminal-AWPT ဆိပ်ကမ်းတံတားအတွင်း လှည့်လည်၍ ဆိပ်ကမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ကြည့်ရှုစစ်ဆေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Asia World Port Terminal-AWPT ဆိပ်ကမ်းတံတားအတွင်း ဆိပ်ကမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက အမှတ်တရလက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။

- **ဈေးကွက်ရှိပြီးဖြစ်သည့် ရော်ဘာနှင့် ကော်ဖီတို့ကဲ့သို့ ထုတ်ကုန်များကိုလည်း အရည်အသွေးပြည့်မီစွာဖြင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့သွားနိုင်ရန်လို**
- **ပို့ကုန်များတိုးမြှင့်ရရှိရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်ရန်လို**
- **ပန်းတိုင်ရည်မှန်းချက်ပြည့်မီပြီး အထွက်နှုန်းကောင်းမွန်မှသာလျှင် ပြည်ပပို့ကုန်များလည်း တိုးတက်လာမည်**
- **စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ငွေကြေးကဏ္ဍ၌ ခိုင်မာတောင့်တင်းသည့် လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံနှင့်ပြည်သူလူထု၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးကို တိုက်ရိုက်အထောက်အကူပြုသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ ၎င်းကိုအခြေခံသည့် ထုတ်ကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း** (Agro Base Industry) **ကဏ္ဍတို့၌ ရင်းနှီးမြှုပ်နှံခြင်းကို ဦးစားပေးဆောင်ရွက်ကြစေလို**

လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုံးပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်မည့် ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ် - ၂၀၂၅ ကျင်းပ

ရန်ကုန် မတ် ၁၅

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး)၏ အစီအစဉ်ဖြင့် ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ်-၂၀၂၅ (Yangon Investment Forum-2025) ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ Wyndham Grand Yangon Hotel ၌ ကျင်းပသည်။



ဦးစွာ ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ်-၂၀၂၅ အခမ်းအနားကို မြန်မာ့ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်တို့က မင်္ဂလာမောင်းကို တီး၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကျော်ဒေဝနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ဦးတို့က အမှာစကားများ ပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ရန်ကုန်တိုင်းဒေသကြီးသည် နိုင်ငံ၏ စီးပွားရေးမောင်းနှင်မှုအတွက် အရေးပါသော ဒေသတစ်ခုဖြစ်သည့်အပြင် ရင်းနှီးမြှုပ်နှံရန် အကောင်းဆုံးဒေသများထဲမှ တစ်ခုဖြစ်ကြောင်း၊ MSME လုပ်ငန်းများသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများနှင့် ချိတ်ဆက်မှုရရှိပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအပေါ် ထိရောက်စွာ ပံ့ပိုးပေးနိုင်သည့်လုပ်ငန်း (Supporting Industries) များအဖြစ် ချိတ်ဆက်မှုများရရှိကာ ထုတ်လုပ်မှုကွင်းဆက်ကောင်းများ ဖြစ်ပေါ်လာရန်လိုအပ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စတင်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ ပံ့ပိုးကူညီမှုများသည် အရေးကြီးသဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ဥပဒေနှင့်အညီ ကူညီပံ့ပိုးပေးရန် အသင့်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် အားကောင်းသည့်ဒေသတစ်ခုဖြစ်ပြီး လျှပ်စစ်နှင့်စွမ်းအင်လုပ်ငန်း၊ စိုက်ပျိုးရေး၊ စက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းတို့အပြင် MSMEs လုပ်ငန်းများကို ပိုမိုကောင်းမွန်လာစေရေးကို ပေါင်းစပ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နားလည်မှုစာချွန်လွှာများကို သက်ဆိုင်ရာ တာဝန်ရှိသူများက လက်မှတ်ရေးထိုးကြကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ ယနေ့ဖိုရမ်တွင် MSMEs လုပ်ငန်းများ အပါအဝင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပြခန်း စုစုပေါင်း ၂၇ ခန်း စိတ်ဝင်စားဖွယ် ခင်းကျင်းပြသခဲ့ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူးက ရှင်းလင်းတင်ပြသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲများကို ဆက်လက်ကျင်းပရာ “Power Investment & EV prospect in Yangon” “Agriculture, Industry and Services in Yangon” နှင့် “Bridging MSMEs & Investment in Yangon” ခေါင်းစဉ်များကို ဆွေးနွေးကြသည်။ ထိုသို့ဆွေးနွေးရာတွင် လျှပ်စစ်ကဏ္ဍ၊ စိုက်ပျိုးရေး၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍနှင့် MSMEလုပ်ငန်း ကဏ္ဍတို့၏ အခွင့်အလမ်းများကို အစိုးရဌာနများမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကကဏ္ဍမှ ကျွမ်းကျင်ပညာရှင်များက သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် ပါဝင်ဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးခဲ့သည့်ကဏ္ဍ သုံးခုအပေါ် စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း တွေ့ဆုံချိတ်ဆက်ဆွေးနွေးခြင်း (Business Networking & Matching) အစီအစဉ်ကို ဆက်လက်ကျင်းပရာ ဖိုရမ်သို့ တက်ရောက်လာကြသည့်လုပ်ငန်းရှင်များက တက်ကြွစွာ ပါဝင်ဆွေးနွေးကြပြီး ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများအကြား တိုက်ရိုက်စီးပွားရေးချိတ်ဆက်မှုများ ပိုမိုရရှိခဲ့ကြသည်။

အဆိုပါဖိုရမ်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖော်ထုတ်ပေးရန်၊ ပြည်တွင်း အသေးစား၊ အငယ်စား၊ အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများအကြား ဆက်သွယ်ချိတ်ဆက်လာနိုင်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး ဖိုရမ်၏ ဆောင်ပုဒ်မှာ “Sustainable Growth, Smart Investment: The Future of Yangon” “စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု၊ ကောင်းမွန်သောရင်းနှီးမြှုပ်နှံမှုနှင့် ရန်ကုန်၏ အနာဂတ်” ဟူ၍ ဖြစ်သည်။

သတင်းစဉ်



တပ်ကုန်းမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေး

တပ်ကုန်း မတ် ၁၅

၂၀၂၄-၂၀၂၅ ပညာသင်နှစ် မတ်လ အတွင်းကျင်းပမည့် တက္ကသိုလ်ဝင် စာမေးပွဲတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနိုင်ရေး တပ်ကုန်းမြို့နယ်မီးသတ်ဦးစီးဌာနက ယနေ့နံနက်ပိုင်းတွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးကွင်းဆင်းဆောင်ရွက်သည်။


ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော် ကြီးကြပ်၍ ဒုမီးသတ်ဦးစီးမှူး ဦးသော်ခန့်ဝေနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဝ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက စာဖြေဌာနဖွင့်လှစ်ထားသည့် ကျောင်းများနှင့် ကျောင်းပတ်ဝန်းကျင် မီးဘေးအန္တရာယ်ကင်းဝေးရေး စစ်ဆေးခြင်း၊ ကျောင်းဝင်းအတွင်း ရေကန်များပါမကျန် အရေးပေါ် ရေအသုံးပြုနိုင်ရေး ရေဖြည့်တင်းခြင်းများနှင့် အနီးနေအိမ်များ၊ စျေးဆိုင်များအား မီးလောင်မှု၊ မီးလန့်မှု မဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်ရေး၊ အရေးပေါ် မီးသတ်ဖုန်းနံပါတ်များ မြင်သာသောနေရာတွင် ကပ်ထားရေးနှင့် မီးသုံးစွဲမှုဆိုင်ရာ အသိပညာပေးခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တင်စိုးလွင် (ပြန်/ဆက်)

နေရောင်ခြည်စွမ်းအင်(Solar Energy) သုံးနည်းပညာဖြင့် လျှပ်စစ်ထုတ်လုပ်ခြင်း

ဒေါက်တာသန့်စင် (ရူပဗေဒ)

နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ထုတ်လုပ်ရာတွင် အဓိကပစ္စည်းမှာ ဆိုလာပြား (Solar panel) များဖြစ်ပါသည်။ ဆိုလာပြားများကို ဆီလီကွန်ဒြပ်စင် (Silicon) ပေါ်အခြေခံပြီး တစ်ပိုင်းလျှပ်ကူးပစ္စည်းဖြစ်ရန် ဖန်တီးထုတ်လုပ်ထားပါသည်။ ဆိုလာပြားများကို အဓိကအားဖြင့် မိုနိုဆိုလာပြား (Monocry stalline panels) နှင့် ပိုလီဆိုလာပြား (Polycry stalline panels)ဟူ၍ ခွဲခြားထားပါသည်။ စွမ်းရည်ပိုမိုမြင့်မားသော မိုနိုဆိုလာပြားများကို ပိုမိုအသုံးများကြပါသည်။ မိုနိုဆိုလာပြားများသည် ပိုလီဆိုလာပြားများထက်တပ်ဆင်ရာတွင် နေရာအနည်းငယ်သာလိုအပ်ပြီး စွမ်းအင်ပိုမိုထုတ်လုပ်ပေးပါသည်။ ဈေးနှုန်းလည်း ပိုကြီးပါသည်။



အမှုန်သဘာဝနှင့် လှိုင်းသဘာဝ နှစ်မျိုးပါဝင်

ယခုအခါ ဆိုလာပြားများကို အမေရိကန်၊ အင်္ဂလန်၊ ဂျပန်၊ တရုတ်၊ ဗီယက်နမ်၊ အိန္ဒိယ၊ ထိုင်း စသည့်နိုင်ငံများတွင် နည်းပညာမြင့်စွာဖြင့် အပြိုင်အဆိုင် ထုတ်လုပ်နေကြပါသည်။ မြန်မာနိုင်ငံတွင် အသုံးများသော ဆိုလာပြားများကို တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ အိန္ဒိယနိုင်ငံများမှ အများဆုံးတင်သွင်းကြပါသည်။ ဆိုလာပြားများ၏ လျှပ်စစ်ထုတ်လုပ်မှုပါဝါ (Watt)မှာလည်း ဝပ် ၇၀ မှ ၇၂၀ ခန့်အထိ မြင့်မားစွာ ထုတ်လုပ်ထားပါသည်။ ဆိုလာပြားများပေါ်သို့ နေရောင်ခြည်ကျရောက်သောအခါ နေရောင်ခြည်တွင်ပါဝင်သော ဖိုတွန်အမှုန် (photon particle) လေးများသည် ဆိုလာပြားမျက်နှာပြင်ကို ထိမှန်ရိုက်ခတ်ပြီး ဆိုလာပြားတွင်ပါဝင်သော တစ်ပိုင်းလျှပ်ကူး (Semiconductor) ပစ္စည်းများမှ အီလက်ထရွန်များထွက်ရှိကာ တစ်ဖက်သွားလျှပ်စီး (Direct Current – DC) ကို ထုတ်လွှတ်ပေးပါသည်။ နေရောင်ခြည်တွင် ဖိုတွန်မှုန်လေးများ ပါဝင်နေခြင်းကို ရူပဗေဒပညာရှင်ကြီး အိုင်းစတိုင်း (Albert Einstein) က စတင်တွေ့ရှိခဲ့ပြီး ၁၉၀၅ ခုနှစ်တွင် ဖိုတွန် (Photon) အမှုန်ဟု အမည်ပေးခဲ့ပါသည်။ ထို့ကြောင့် နေရောင်ခြည်ကို အမှုန်သဘာဝနှင့် လှိုင်းသဘာဝ နှစ်မျိုးစလုံးပါဝင်သော လျှပ်စစ်သံလိုက်လှိုင်းဟု ခေါ်ကြပါသည်။


နေရောင်ခြည်စွမ်းအင်သုံး ရေခဲသေတ္တာများ တပ်ဆင်ပေး

စာရေးသူသည်ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ရူပဗေဒဌာနတွင် တွဲဖက်ပါမောက္ခ တာဝန်ဖြင့် ၂၀၀၅ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ တာဝန်ထမ်းဆောင်နေစဉ် ပါမောက္ခ ဒေါက်တာခင်မောင်ထွန်းဦးဆောင်ကာ နေရောင်ခြည်စွမ်းအင်သုံး မီးဖိုဖြင့် ထမင်းဟင်းများချက်ပြုတ်ခြင်း၊ နေရောင်ခြည်စွမ်းအင်ဖြင့် ရေငန်မှရေချိုချက်ခြင်း၊ နေရောင်ခြည်သုံး သီးနှံအခြောက်ခံရုံဖြင့် ခရမ်းချဉ်သီး၊ ခရမ်းသီး၊ စားသုံးသီးနှံများကို အခြောက်ခံပါက မှိုမတက်သည့်အပြင် အရောင်နှင့် အရသာပါမပြောင်းစေဘဲ လပေါင်းများစွာ သိမ်းဆည်းထားနိုင်သည့် သုတေသနများကို ပြုလုပ်ခဲ့ပါသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ပြန်ပြည့်မြဲစွမ်းအင်ကော်မတီတွင် နေရောင်ခြည်စွမ်းအင် အသုံးချကော်မတီ၌ ဥက္ကဋ္ဌတာဝန်ယူကာ စက်မှုဇုန်များရှိ လမ်းများတွင် ဆိုလာဖြင့် မီးတိုင်များ မီးလင်းရန် တပ်ဆင်ပေးခဲ့ပါသည်။ နေပြည်တော်ကားကြီးကွင်းအနီးတွင်လည်း ဆိုလာမီးတိုင်များကို နေပြည်တော်တိုင်းစစ်ဌာနချုပ်က တာဝန်ပေးသဖြင့် တပ်ဆင်ပေးခဲ့ပါသည်။ ၎င်းနောက် ဟင်္သာတတက္ကသိုလ်သို့ ပါမောက္ခတာဝန်ဖြင့် ရာထူးတိုး ပြောင်းရွှေ့သွားပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျေးရွာ ၁၁ ရွာတွင် လျှပ်စစ်မီးမရရှိသောကြောင့် ကျန်းမာရေးသုံးဆေးပစ္စည်းများ (ဥပမာ– မြွေဆိပ်ဖြေဆေးများ) ကို ရေခဲသေတ္တာများတွင် သိုလှောင်နိုင်ရန် အခက်အခဲရှိသဖြင့် နေရောင်ခြည်စွမ်းအင်သုံး ရေခဲသေတ္တာကို သုတေသနပြုလုပ်ရန် WHO က ကမ်းလှမ်းလာသဖြင့် သုတေသနလုပ်ကြည့်ရာ အောင်မြင်သဖြင့် ကျေးရွာ ၁၁ ရွာတွင် နေရောင်ခြည်စွမ်းအင်သုံး ရေခဲသေတ္တာများ တပ်ဆင်ပေးခဲ့ပါသည်။ ထို့ကြောင့် တိုင်းဒေသကြီးအဆင့် သုတေသနဆုကို ရရှိခဲ့ပါသည်။

၂၀၂၄ ခုနှစ် နောက်ပိုင်းတွင် နေရောင်ခြည်စွမ်းအင်သုံးဆိုလာနည်းပညာဖြင့် လျှပ်စစ်ထုတ်ယူခြင်းမှာ ပိုမိုအဆင့်မြင့်လာပါသည်။ အိမ်တစ်အိမ်တွင် 6 KW နေရောင်ခြည်လျှပ်စစ်သုံး လျှပ်စစ်ပါဝါကို တပ်ဆင်ပါက (၁) 200 AH (Ampere Hour) မှ 300 AH အထိရှိသော LiFe Po 4 – battery 51.2 DCV ဘက်ထရီတစ်လုံး၊ (၂) 6.2 KW Solar Hybrid Inverter with Internet Monitoring Wifi Device IP 20 အမျိုးအစားတစ်စုံနှင့် (၃) ဝပ် ၅၀၀ မှ ၇၀၀ အထိ အမျိုးအစားမျိုးစုံရှိသော ဆိုလာပြားများ လိုအပ်ပါသည်။

ယခုခေတ်သုံး လစ်သီယံအိုင်းယွန်း ဖော့စဖိတ် ဘက်ထရီ (Lithium Iron Phosphate – LiFe Po 4) များသည် 3.2 V ပမာဏရှိသော Lithium battery cells လေးများကို ဆက်သွယ်ပေါင်းစည်းထားခြင်းဖြစ်ပါသည်။ ဥပမာ – အဆိုပါ cells ၁၆ ခုကို တန်းဆက်ထားပါက 51.2 V ရရှိမည်ဖြစ်ပြီး 48 V ဆိုလာပြားတွင် အသုံးပြုနိုင်ပါသည်။ လစ်သီယံဘက်ထရီတွင် BMS (Battery Management System) ပါရှိပါသည်။ ၎င်းသည် ဘက်ထရီဆဲလ်များကို အနည်းဆုံး 2.5 V နှင့် အများဆုံး 4.2 V ထက်မကျော်ရန် ကာကွယ်တားဆီးပေးသည့်အပြင် ပြင်ပမှ အပူချိန်မြင့်တက်ခြင်းဖြင့် ဘက်ထရီပျက်စီးခြင်းမဖြစ်ရန် ကာကွယ်ပေးထားပါသည်။

စာမျက်နှာ ၇ သို့ ❖



“အိမ်တစ်အိမ်တွင် 6 KW နေရောင်ခြည်လျှပ်စစ်သုံးလျှပ်စစ်ပါဝါကို တပ်ဆင်ပါက (၁) 200 AH (Ampere Hour) မှ 300 AH အထိရှိသော LiFe Po 4 – battery 51.2 DCV ဘက်ထရီတစ်လုံး၊ (၂) 6.2 KW Solar Hybrid Inverter with Internet Monitoring Wifi Device IP 20 အမျိုးအစားတစ်စုံနှင့် (၃) ဝပ် ၅၀၀ မှ ၇၀၀ အထိ အမျိုးအစားမျိုးစုံရှိသော ဆိုလာပြားများ လိုအပ်”

❖ စာမျက်နှာ ၆ မှ

Solar Inverter များတွင် Energy Storage Inverter, Single Phase Inverter, Three Phase Inverter စသည်ဖြင့် အမျိုးမျိုးရှိပါသည်။ အင်ဗတ်တာများတွင် နေရောင်ခြည်သုံး ဆိုလာပြားများ၊ ဘက်ထရီများ၊ မီးစက်များ၊ အိမ်သုံးလျှပ်စစ်မီးများ စသည်တို့နှင့် တွဲသုံးနိုင်သော အင်ဗတ်တာများ အမျိုးမျိုးရှိပါသည်။ 6.2 KW (Kilo Watt) မှစ၍ ပါဝါများစွာအသုံးပြုနိုင်သည့် အင်ဗတ်တာမျိုးစုံ ရှိပါသည်။ အင်ဗတ်တာဆိုသည်မှာ ဘက်ထရီမှ ထုတ်ပေးသော D.C ဗို့အားကို A.C ဗို့အားသို့ ပြောင်းပေးသောပစ္စည်းဖြစ်ပါသည်။ ဆိုလာအင်ဗတ်တာများတွင် MPPT (Maximum Power Point Tracking) စနစ်ကို ထည့်သွင်းတည်ဆောက်ထားပါသည်။ ထို့ကြောင့် အသုံးပြုရာတွင် ပိုမိုစိတ်ချရပါသည်။ 6.2 KW အင်ဗတ်တာကို 280 AH ဘက်ထရီဖြင့် တပ်ဆင်ထားပါက အိမ်တစ်အိမ်တွင် အိမ်သုံးလျှပ်စစ်မီး lighting နှင့် ရေခဲသေတ္တာကို ၂၄ နာရီ အသုံးပြုနိုင်ပြီး ထမင်းပေါင်းအိုးနှင့် တစ်ကောင်အား လေအေးပေးစက်နှစ်လုံးခန့်ကို လေးနာရီခန့် အသုံးပြုနိုင်ပါသည်။ လျှပ်စစ်မီးပျက်သည့်အချိန်တွင် အလိုအလျောက် မီးပြောင်းပေးသော ကိရိယာ ATS ဖြင့် ဆိုလာဘက်ထရီနှင့် အင်ဗတ်တာမှလျှပ်စစ်မီးကို ဆက်လက်အသုံးပြုနိုင်ပါသည်။ အိမ်တစ်အိမ်အတွက် စုစုပေါင်း ကုန်ကျစရိတ်မှာ သိန်း ၁၀၀ ကျော်ခန့် ကုန်ကျပါသည်။ ဘက်ထရီ၊ အင်ဗတ်တာများကို သုံးနှစ်အာမခံပေးပြီး နှစ်နှစ်လက်ခမယူဘဲ ပြုပြင်ပေးပါသည်။ ဆိုလာပြားများကို ၁၀ နှစ် အာမခံပေးကာ တပ်ဆင်ပေးပါသည်။ ထို့ကြောင့် လျှပ်စစ်မီတာခနှင့် တွက်ချက်ကြည့်ပါက ငါးနှစ်ခန့် အသုံးပြုရလျှင် တပ်ဆင်ရသည်မှာ အကျိုးရှိပါသည်။

လျှပ်စစ်မီးမရှိသည့်နေရာများတွင် ဆိုလာဖြင့် လျှပ်စစ်မီးပေးခြင်းကို Off grid ဟုခေါ်ပြီး လျှပ်စစ်မီးဖြင့် ဆိုလာလျှပ်စစ်ပေါင်းစပ်အသုံးပြုခြင်းကို hybrid အသုံးပြုခြင်းဟု သာမန်အားဖြင့် ခေါ်ဆိုကြပါသည်။ တချို့အိမ်များတွင် သာမန်ဝပ် 580 ဆိုလာပြား၊ ခဲအက်စစ်ဘက်ထရီအိုး၊ Solar Charge Controller တစ်ခုကို အသုံးပြု၍ အိမ်သုံးမီးအဖြစ် တပ်ဆင်ပါက ဈေးနှုန်းအနည်းငယ်မျှသာ ကုန်ကျနိုင်ပါသည်။ အိမ်တစ်အိမ်အတွက် အသုံးပြုနိုင်သော ဆိုလာမီးပေးသည့် ပစ္စည်းအစုံလိုက် တစ်စုံချင်းကိုလည်း ဈေးကွက်တွင် ရောင်းချနေပါသည်။




လက်တွေ့အသုံးချနေ


စာရေးသူသည် ရန်ကုန်မြို့ရှိ ဟိုတယ်တစ်ခုတွင် Solar ပါဝါ 150 KW (Kilo Watt) ရှိသော ခေတ်မီဆိုလာပြားများ၊ ဘက်ထရီများ၊ အင်ဗတ်တာများ အသုံးပြု၍ ဆိုလာစွမ်းအင်ဖြင့် ဟိုတယ်တစ်ခုလုံး ဓာတ်လှေကားပါမကျန် အသုံးပြုနိုင်ရန် ဆိုလာတပ်ဆင်နေခြင်းကို သွားရောက်လေ့လာခဲ့ပါသည်။ မြန်မာနိုင်ငံမှ နိုင်ငံခြားတွင် သွားရောက်ပညာသင်ခဲ့သော ဆိုလာနည်းပညာကျွမ်းကျင်သည့် ပညာရှင်များ၊ အလုပ်သမားများကိုယ်တိုင်တပ်ဆင်ပြီး လက်တွေ့အသုံးချနေပါသည်။ သိန်း ၄၈၀၀ ကျော်ခန့်သာ ကုန်ကျပါသည်။ KKZ Solar Power Generation Sale and Service မှ တာဝန်ယူ တပ်ဆင်နေပါသည်။

ယခုအခါတွင် လျှပ်စစ်မီးမရရှိနိုင်သေးသည့် တချို့ကျေးလက်ဒေသများတွင် မြေအောက်မှ ရေများ၊ မြစ်များ၊ ချောင်းများမှရေများကို နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများ၊ ဆိုလာအင်ဗတ်တာ (Solar Pumping Inverter) များကို အသုံးပြုကာ ရေတင်ပြီး စိုက်ပျိုးရေးအတွက် အသုံးပြုနေပါသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် နေရောင်ခြည်စွမ်းအင်ကို တစ်ဖက်တစ်လမ်းမှ လက်တွေ့အသုံးချနေခြင်းဖြစ်ပါသည်။ စက်ရုံ၊ အလုပ်ရုံများစွာရှိသော စက်မှုဇုန်များတွင်လည်း နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် လျှပ်စစ်ထုတ်ယူအသုံးချနေကြပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုအနည်းဆုံး စွမ်းအင်ဖြစ်သည့်အပြင် သဘာဝမှ လက်ဆောင်ပေးထားသော နေရောင်ခြည်စွမ်းအင်ကို လက်တွေ့အသုံးချကာ စက်မှုလက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ဟိုတယ်များ၊ စက်မှုဇုန်များနှင့် အိမ်များတွင် လက်တွေ့အကျိုးရှိစွာ တပ်ဆင်နေကြပြီး နိုင်ငံတော်ကလည်း လိုအပ်သည်များကို ပံ့ပိုးကူညီပေးနေပါသည်။

ထို့ကြောင့် နေရောင်ခြည်စွမ်းအင်ဖြင့် ခေတ်မီလျှပ်စစ်စွမ်းအင်ကို ထုတ်ယူအသုံးပြုကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။





“ဆိုလာဖြင့် လျှပ်စစ်မီးပေးခြင်းကို Off grid ဟုခေါ်ပြီး လျှပ်စစ်မီးဖြင့် ဆိုလာလျှပ်စစ်ပေါင်းစပ်အသုံးပြုခြင်းကို hybrid အသုံးပြုခြင်းဟု သာမန်အားဖြင့် ခေါ်ဆိုကြပါသည်။ တချို့အိမ်များတွင် သာမန်ဝပ် 580 ဆိုလာပြား၊ ခဲအက်စစ်ဘက်ထရီအိုး၊ Solar Charge Controller တစ်ခုကို အသုံးပြု၍ အိမ်သုံးမီးအဖြစ် တပ်ဆင်ပါက ဈေးနှုန်းအနည်းငယ်မျှသာ ကုန်ကျနိုင်ပါသည်။ အိမ်တစ်အိမ်အတွက် အသုံးပြုနိုင်သော ဆိုလာမီးပေးသည့် ပစ္စည်းအစုံလိုက် တစ်စုံချင်းကိုလည်း ဈေးကွက်တွင် ရောင်းချနေ”

နှစ်(၈၀) ပြည့်တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးရှိ နဝင်းချောင်းတံတားအဆင့်မြှင့်တင် ဖွင့်လှစ်

နေပြည်တော် မတ် ၁၅

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၂၄၅/၇) ရှိ နဝင်းချောင်းတံတား ပေ ၁၉၀ အား နှစ်လမ်းသွားတံတားမှ လေးလမ်းသွားတံတား အဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတား၌ ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌမြို့တော်ဝန် ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များနှင့် နေပြည်တော်စည်ပင်သာယာရေး ကော်မတီမှတာဝန်ရှိသူများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ရဲမိုးနှင့် နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်တို့က မင်္ဂလာအချိန်တွင် နဝင်းချောင်းတံတားအား ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်တို့က နဝင်းချောင်းတံတား အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်း အထိမ်းအမှတ် ကမ္ဘည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍ တာဝန်ရှိသူများနှင့်အတူ အမွေးနုံ့သာရည်များ ပက်ဖျန်းပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် အခမ်းအနား တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်၍ တိုးချဲ့တည်ဆောက်ထားသည့် တံတားအသစ်ကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ နဝင်းချောင်းတံတားသည် မူလက နှစ်လမ်းသွားတံတားသာဖြစ်ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် နှစ်လမ်းသွားအဆင့်မှ လေးလမ်းသွားအဆင့်သို့ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၆) မှ တာဝန်ယူ၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ပြီး အဆိုပါတံတား၏ ကမ်းကပ်ခုံများ ရေတိုက်စားပျက်စီးခဲ့သဖြင့်လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရန် ယာယီဘေလီတံတားထိုး၍ ဆောင်ရွက်ခဲ့သည်။

ယခုအခါ အခိုင်အမာတံတားအဖြစ် အသွား/အပြန်လေးလမ်းသွား တိုးချဲ့တည်ဆောက်ခြင်းနှင့် တစ်ဆက်တည်းတံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ထပ်မံရေတိုက်စားမှုမရှိစေရေးအတွက် တံတား၏ Up Stream နှင့် Down Stream တို့တွင် ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန် Gabion Box ကမ်းထိမ်းနံရံများ ပြုလုပ်ခြင်း၊ ရေလမ်းကြောင်း ဖြောင့်ခြင်းနှင့် မြစ်ကမ်းနံရံများကို ကျောက်ကြီးစီမြေထိန်းနံရံ ပြုလုပ်ဆောင်ရွက်ခြင်းတို့ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ထားရှိပြီးဖြစ်သည်။

ရာဂီမုန်တိုင်းကြောင့် ပျက်စီးခဲ့ရသော နဝင်းချောင်းတံတားနှင့် ကင်းသာလမ်းဆုံကြား ဆက်စပ်သည့်လမ်းအပိုင်းကိုလည်း ယာဉ်များအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် လမ်းပခုံးများ တိုးချဲ့ခြင်း၊ မြေထိန်းနံရံအနိမ့် (Toll Wall) များပြုလုပ်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေစီးမြောင်းများ၊ ရေထုတ်ပြွန်များလည်း သတ်မှတ်လိုအပ်ချက်များနှင့်အညီ တည်ဆောက်ထားပြီးဖြစ်သည်။

ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးသည် အာဆီယံဟိုင်းဝေးလမ်းမကြီး (AH-1) အပိုင်းတွင်ပါဝင်သောကြောင့် ယာဉ်သွားလာမှုများပြားသည့်အတွက် နဝင်းချောင်းတံတားအား လက်ရှိနှစ်လမ်းသွားအဆင့်မှ လေးလမ်းသွားအဆင့်သို့ တိုးချဲ့တည်ဆောက်ပေးသကဲ့သို့ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး၏ လမ်းအကျယ်ကိုလည်း လေးလမ်းသွားအဆင့်မှ ခြောက်လမ်းသွားအဆင့်အထိ တိုးမြှင့်နိုင်ရန်အတွက် အကြိုလုပ်ငန်းများအနေဖြင့် လမ်းတာပေါင် အကျယ်ပေ ၉၀ ရရှိအောင်တိုးချဲ့ခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် လမ်းဘေး ဝဲ/ယာတွင် သစ်ပင်များ စနစ်တကျ စိုက်ပျိုးခြင်းတို့ကို စီမံချက်ချဆောင်ရွက်လျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့သည် ပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်စေရေးတို့အတွက် ဒေသဆိုင်ရာတာဝန်ရှိသူများ၊ B.O.T ကုမ္ပဏီများနှင့် ပူးပေါင်း၍ လမ်း၊ တံတားများကို အင်္ဂါရုပ်နှင့် ကိုက်ညီအောင် ကြပ်မတ်ဆောင်ရွက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်း လုပ်ငန်းများကို အရည်အသွေးပြည့်မီစွာဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ၃၃ ကေဗွီတလုတ္ထော်(တွံတေး) ဓာတ်အားခွဲရုံဖွင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၁၅

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ တွံတေးမွေးမြူရေးဇုန် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၃၃ ကေဗွီ တလုတ္ထော် (တွံတေး) ဓာတ်အားခွဲရုံဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက အဆိုပါဓာတ်အားခွဲရုံ၌ ကျင်းပသည်။

ဦးစွာ ဓာတ်အားခွဲရုံဖွင့်ပွဲ မုခ်ဦးကို သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဓာတ်အားခွဲရုံဖွင့်ပွဲ အခမ်းအနား ကမ္ဘည်းမော်ကွန်းအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ၦင်းနောက်ဓာတ်အားခွဲရုံဖွင့်လှစ်နိုင်ခြင်းအတွက် တွံတေးမွေးမြူရေးဇုန်ဥက္ကဋ္ဌ ဦးတင်ရွှေက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော် အကြီးအကဲက တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊ ကုန်ထုတ်လုပ်ငန်းများ တိုးတက်၍ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး၊ လျှပ်စစ်ဓာတ်အား တည်ငြိမ်ပြည့်ဝစွာ ရရှိစေရေးနှင့် စိုက်ပျိုးမွေးမြူရေးတိုးတက်ထုတ်လုပ်ရေးတို့အား အဓိကအခန်းကဏ္ဍမှ ဦးစားပေး ဆောင်ရွက်ရန် လမ်းညွှန်မှုအရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် မြေနေရာ အကျယ်အဝန်း၊ လမ်းပန်းဆက်သွယ်ရေး လမ်းကြောင်း၊ ရေမြေအနေအထားအရ လုပ်ငန်းသဘာဝနှင့် ဆီလျော်သည့် တွံတေးမွေးမြူရေးဇုန်ကို အကောင်အထည်ဖော် စီမံဆောင်ရွက်လျက်ရှိရာ မွေးမြူရေးဇုန်လျှပ်စစ်ဓာတ်အားရရှိရေးအတွက် 33/11 KV ၊ 5 MVA ဓာတ်အားခွဲရုံ အပါအဝင် 33 kV ကောင်းကင်ဓာတ်အားလိုင်း၊ 11 KV ကောင်းကင်ဓာတ်အားလိုင်း၊ ဓာတ်အားဖြန့်ဖြူးရေးထရန်စဖော်မာ၊ ၄၀၀ ဗို့ ကောင်းကင်ဓာတ်အားလိုင်း၊ လမ်းမီးဓာတ်အားလိုင်းနှင့် လမ်းမီးများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း တို့၏ ရန်ပုံငွေများဖြင့် ကျခံသုံးစွဲတည်ဆောက်ခဲ့ပြီး လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ခဲ့ရာ ယခု တွံတေးမွေးမြူရေးဇုန်ကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန် အဆင်သင့် ဖြစ်နေပြီဖြစ်ကြောင်းနှင့် ယခုလိုစီမံဆောင်ရွက်ပေးခြင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကုန်ထုတ်လုပ်ငန်းတိုးတက်မှုကို အထောက်အပံ့ရရှိသည့်အပြင် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်း၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည်ဖြင့် အစစအရာရာ ထပ်မံတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)

တောင်ကြီးမြို့၌ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ လှုပ်ရှားမှုအခမ်းအနားကျင်းပ

တောင်ကြီး မတ် ၁၅

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ လှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် ရှမ်းပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က မြန်မာ့သနပ်ခါးကို လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ယူနက်စကိုသို့ တင်သွင်းရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့အသိအမှတ်ပြုရိုးရာအမွေအနှစ်အဖြစ် အသိအမှတ်ပြုမှု ရရှိရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့်အတူ ပြည်သူများအားလုံး ပါဝင်ဆောင်ရွက်ကြသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့ရိုးရာသနပ်ခါး Video Clip ကိုပြသ၍ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက “သနပ်ခါး” တေးသီချင်းဖြင့် သရုပ်ဖော်ကပြတင်ဆက်ပြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှ ခရိုင်တိုင်းရင်းဆေးမှူး ဒေါ်ခင်သီတာဦးက မြန်မာ့သနပ်ခါးဆေးဖက်ဝင်ပုံများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ်အမျိုးသမီးကော်မတီနာယက၊ ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသူများအား သနပ်ခါးလိမ်းခြယ်ပေးခဲ့ကြောင်း သိရသည်။



ပြည်နယ်(ပြန်/ဆက်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား ဂုဏ်ဝိသိဋ္ဌပူဇော်ပွဲ အခမ်းအနားကျင်းပ



ရန်ကုန် မတ် ၁၅

နိုင်ငံတော်မှ ချီးမြှင့်သည့် အဘိဓဇမဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိခဲ့ကြသည့် ဆရာတော်သုံးပါးအား ဂုဏ်ဝိသိဋ္ဌပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ကျင်းပသည်။

ဦးစွာ ပုသိမ်မြို့ ပစ္စိမာရုံကျောင်းတိုက်ပဓာန နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တခေမိန္ဒ ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော် ရရှိခဲ့ကြသည့် ဆရာတော်များ၏ ထေရုပ္ပတ္တိကို ဖတ်ကြားကာ ဂုဏ်ပြုလျှောက်ထားလွှာများ ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ရရှိကြသည့် မြစ်ကြီးနားမြို့ ခေမာသီဝံ ပရိယတ္တိ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တစန္ဒာဝရာ ဘီဝံသနှင့် ပုသိမ်မြို့ ပစ္စိမာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တခေမိန္ဒ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဗိုလ်တထောင်မြို့နယ် မင်္ဂလာရာမ ပါဠိတက္ကသိုလ် ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာသာရာဘိဝံသတို့အား အလှူရှင်များနှင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ခေမာသီဝံပရိယတ္တိ စာသင်တိုက်ဆရာတော် ထံမှ ရေစက်ချတရားနာယူကြသည်။

ဘွဲ့တံဆိပ်တော်ရရှိတော်မူကြသည့်ဆရာတော်ကြီး များအား ဂုဏ်ပြုပူဇော်ပွဲကို ရန်ကုန်ရောက် ရမ်းဗြဲ မြို့နယ်ဖွားများ စုပေါင်း၍ ကျင်းပခဲ့ခြင်းဖြစ်ပြီး သမ္မတ နိဗ္ဗာန်ကုန်နှင့် သင်္ကန်းတိုက်မိသားစုက တစ်ပါးလျှင် ငွေကျပ် ၂၅ သိန်း၊ ရမ်းဗြဲမြို့နယ်အသင်းက တစ်ပါးလျှင် ငွေကျပ် ငါးသိန်း လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



သန်လျင်မြို့နယ် သာသနာ့ဗိမာန်ကြီး၌ မတ် ၁၅ ရက်က မဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ရွှေယမင်း ကျောင်း ဆရာတော် ဘဒ္ဒန္တ နန္ဒအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးချစ်ညီညီက ဘွဲ့တံဆိပ်တော်နှင့် အလှူငွေ ဆက်ကပ်လှူဒါန်းစဉ်။

သန်းဝင်း(သန်လျင်)



နှစ်(၈၀)မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)က ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး ခရိုင်/မြို့နယ်များမှ အသင်းသား အသင်းသူ ၈၀ ခန့်က အမျိုးသားသွေးလှူဘဏ်၌ မတ် ၁၅ ရက်တွင် စုပေါင်းသွေးလှူဒါန်းခဲ့ရာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို) ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

ဝေါမြို့ရှိ ကြုတူစေတီတော်မြတ် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား အထွတ်တင်မင်္ဂလာအခမ်းအနား ကျင်းပ



ဝေါ မတ် ၁၅

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် ရှေးဟောင်းသမိုင်းဝင်ဆုတောင်းပြည့်ကြုတူစေတီတော်ကြီး နှစ်ဆူအနက် နောင်တော်လေးစေတီတော် ရွှေသင်္ကန်းကပ်လှူခြင်း စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား အထွတ်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရှေးဟောင်းသမိုင်းဝင်ကြုတူစေတီတော် မြတ်ကြီး၌ ကျင်းပသည်။

ဦးစွာ ဝေါမြို့နယ်အတွင်းရှိ ဆရာတော်ကြီးများနှင့် ဆရာတော်သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာနှင့် ထီးတော် ရွှေသင်္ကန်းအသစ် တဖန်ပြန်လည် ကပ်လှူခြင်း စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ဒါတဗွဝဝတ္ထုအစုစုတို့ကို လှူဒါန်းမှုတို့အား ရေစက်သွန်းချ တရားတော်နာယူကြသည်။

ဆက်လက်၍ စေတီတော်ပေါ်သို့ တင်လှူပူဇော်မည့် ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို စေတီတော်အား လက်ယာရစ် သုံးပတ်လှည့်လည် ပင့်ဆောင်ပူဇော်၍ မင်္ဂလာအချိန်တွင် ပန်းရထားဖြင့် စေတီတော်မြတ်ကြီးပေါ်သို့ ပင့်ဆောင်ခဲ့ပြီး ဝေါမြို့သုခိတာရုံကျောင်း ဆရာတော် ဥူးအဂ္ဂနန္ဒ ဦးစီးအမှူးပြု၍ အလှူရှင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်သန်း၊ စေတီတော်ဂေါပက အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား စေတီတော်အထွတ်သို့ တင်လှူပူဇော်ခဲ့ကြောင်း သိရသည်။

စိုးမိုး(ပြန်/ဆက်)

၂၀၂၅ ခုနှစ်အတွက် ရုပ်ရှင်မျိုးဆက်သစ်လူငယ်များ ပြုစုပျိုးထောင်ရေးစီမံကိန်း (FLY Project 2025) လျှောက်လွှာခေါ်ယူ

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
၂၀၂၅ ခုနှစ်အတွက် ရုပ်ရှင်မျိုးဆက်သစ်လူငယ်များ ပြုစုပျိုးထောင်ရေးစီမံကိန်း
(FLY Project 2025) လျှောက်လွှာခေါ်ယူခြင်း

၁။ အာဆီယံနိုင်ငံများနှင့် Asian Film Commission Network (AFCNet) အဖွဲ့ဝင်နိုင်ငံများမှ ၂၀၂၅ ခုနှစ်အတွက် ရုပ်ရှင်မျိုးဆက်သစ်လူငယ်များ ပြုစုပျိုးထောင်ရေးစီမံကိန်း (ASEAN–ROK Film Leader Incubator; FLY Project 2025) ကို ကိုရီးယားသမ္မတနိုင်ငံ၊ ဘူဆန်မြို့တွင် ၄-၉-၂၀၂၅ ရက်နေ့မှ ၁၉-၉-၂၀၂၅ ရက်နေ့အထိ ဇာတ်လမ်းတို၊ မှတ်တမ်းရုပ်ရှင်ရိုက်ကူးခြင်းသင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပပြုလုပ်မည်ဖြစ်ရာ မြန်မာနိုင်ငံမှ (၂)ဦး ရွေးချယ်စေလွှတ်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါ FLY Project 2025 သို့ တက်ရောက်ရန် လျှောက်ထားလိုသူများသည် အောက်ပါအချက်လက်များနှင့် ပြည့်စုံသူဖြစ်ရပါမည်-

(က) သင်တန်းသားများအတွက် သတ်မှတ်အရည်အချင်း
- (၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
- (၂) ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း မွေးဖွားသူဖြစ်ရမည်၊
- (၃) အနည်းဆုံး ဇာတ်လမ်းတို သို့မဟုတ် မှတ်တမ်းဇာတ်လမ်း သို့မဟုတ် ဗီဒီယို ဇာတ်ကား(၂)ကား ရိုက်ကူးဖူးသူဖြစ်ရမည်၊
- (၄) အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်စွာ ပြောဆိုနိုင်သူဖြစ်ရမည်၊
- (၅) နိုင်ငံခြားခရီးသွားလာမှုအတွက် ပိတ်ပင်ခြင်းခံထားရသူ မဖြစ်စေရ၊
- (၆) ဘူဆန်နိုင်ငံတကာရုပ်ရှင်ပွဲတော်နှင့် Asian Film Academy (BAFA) တို့တွင် ပြုလုပ်သည့် အစီအစဉ်တစ်ခုခုဌ ပါဝင်ဖူးသူ မဖြစ်စေရ။

(ခ) လျှောက်လွှာတွင်ပါရှိရမည့်အချက်များ
- (၁) သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများတွင် ပြည့်စုံစွာ ဖြည့်စွက်ခြင်း၊
- (၂) လျှောက်ထားသူ၏ စိတ်ပါဝင်စားမှု၊ ကိုယ်ရေးအကျဉ်း၊ အနာဂတ်အစီအစဉ်များ ရေးသားဖော်ပြထားသည့် မိတ်ဆက်စကား။

၃။ လျှောက်လွှာများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၊ အမှတ်(၂၈) ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရယူလျှောက်ထားနိုင်ပါသည်။

၄။ လျှောက်ထားသူများအနေဖြင့် လျှောက်လွှာများကို ပြည့်စုံစွာဖြည့်စွက်ပြီး လိုအပ်သည့်အချက်အလက်(၆)စုံ၊ ရိုက်ကူးထားသည့် Project Video File (၂)ခုနှင့်အတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့ ၄-၄-၂၀၂၅ ရက်၊ (သောကြာနေ့) ရုံးချိန်အတွင်း အရောက်ပေးပို့ရမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်း လူတွေ့ဖြေဆိုရမည်ဖြစ်သည်။

၅။ အသေးစိတ်သိလိုပါက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ(ရန်ကုန်)၊ နိုင်ငံတကာဌာနစု တယ်လီဖုန်းအမှတ် ၀၁-၇၅၃၇၉၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

မြတ်မော်တင်ကို ဖူးပါလို့ နေကြာကိုတဲ့ ခူးခဲ့သည်

မြင့်စိုး(နတလ)



မဟာမကုဋ္ဌရံသီ ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်။

သားရွှေအိုးထမ်းခဲ့သည့် ဧရာဝတီခရီးစဉ်

သည်တစ်ခေါက် မွေးရပ်မြေ တိုင်းဧရာဝတီခရီးစဉ်က ကျွန်တော့်အဖို့ သားရွှေအိုးထမ်းလာသည်ကို မြင်ရကိန်းနှင့် ကြုံခဲ့သည်ဟု ပြောရပေတော့မည်။ ခရီးစဉ်၏ဦးတည်ရည်ရွယ်ချက်ကိုလည်း ဆောင်ရွက်နိုင်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရင်း ဧရာဝတီတိုင်းဒေသကြီး၏ ရွှေမြို့တော် ပုသိမ်တွင် ကျင်းပပြုလုပ်နေသည့် ပေါ်ဆန်းဖိုရမ်-၂၀၂၅ ကိုလည်း အချိန်ပိုင်းမျှ တက်ရောက်လေ့လာခွင့်ရခဲ့သည်။ ယင်းအပြင် ကျွန်တော့်ဘဝတစ်သက်တာ၌ထိုနေရာထိုဒေသသို့မရောက်သေးသရွေ့ ကိုယ့်ကိုယ်ကိုယ် ဧရာဝတီသားစစ်စစ်ပါဟု ပြောရန်အတွက် သိမ်ငယ်စိတ်ဝင်နေခြင်းကို ရှင်းလင်းဖယ်ထုတ်နိုင်ခဲ့ပြီဖြစ်သည်။ တိတိကျကျပြောရလျှင် ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက အဆိုတော် (ဦး)သန်းထွန်းလေး၏ ကျွန်တော့်မမ ပုသိမ်သူ သီချင်းကို အော်ဟစ်သီဆိုရင်း မော်တင်စွန်းဘုရားပွဲသို့ စိတ်ကူးဖြင့်သာ အကြိမ်ပေါင်းများစွာ ရောက်ဖူးခဲ့သော ကျွန်တော်၊ သီချင်းထဲက မဟာမကုဋ္ဌရံသီ ဆံတော်ရှင် မြတ်မော်တင်စွန်း စေတီတော်ကြီးကို ဖူးမြော်ကြည်ညိုခွင့်ရခဲ့ပါပြီ။ သည့်အတွက် ကျွန်တော်မြင့်စိုး(နတလ)သည် ဧရာဝတီသားစစ်စစ်အမှန်ပင် ဖြစ်ခဲ့ချေပြီတကား။

ရုက္ခနေကြောကိုးမျိုး

ခရီးစဉ်၏ မူလရည်ရွယ်ချက်အတိုင်း မတ်လ ၅ ရက်နေ့ နံနက်စောစော နေပြည်တော်မှထွက်ခွာ၍ ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်းရှိ ကြာဖြူကျေးရွာသို့ သွားရောက်ကာ ရွှေကြာဖြူ(၁) စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ တောင်သူ ဦးဝင်းဘို၏ လယ်ယာမြေတွင် စမ်းသပ်စိုက်ပျိုးထားသော ရုက္ခနေကြောမျိုးများဖြစ်သည့် **အန်တူတအော်(ANTUTA OR)**၊ **ဗော်ကန်အော်(VULKAN OR)**၊ **ဂျိုယာ(JOYA)**၊ **ဟစ်ပိုလိုက်(HIPPO LITE)**၊ **မာဟွမ်းကေအယ်လ်ပီ(MAHAON KLP)**၊ **စဗျက်တလာနာကေအယ်လ်ပီ(SVETLANA KLP)**မျိုးခြောက်မျိုး ခူးဆွတ်ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ရုက္ခနေဖက်ဒရေးရှင်းနိုင်ငံ Fund RC Investment မှ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ရရှိခဲ့သော အလေးချိန် ၇ ဒသမ၂၀ ကီလိုဂရမ်ရှိရုက္ခနေကြောမျိုး ကိုးမျိုးကို တစ်မျိုးလျှင် သုည ဒသမ ၀၅ ဧက နေရာသတ်မှတ်ကာ မျိုးစေ့များကို ရုက္ခရွက်ဖျန်းမြေဩဇာဖြင့် စိမ်ခြင်း၊ စိုက်ပျိုးထားသည့်ကာလ အတွင်း သွင်းအားစုများကို သတ်မှတ်နှုန်းထားအတိုင်း အသုံးပြုခြင်း၊ ရုက္ခရွက်ဖျန်းမြေဩဇာကိုလည်း သတ်မှတ်ရက်အတိုင်း ဖျန်းပေးခြင်း၊ တန်းကြားနှစ်ပေ၊ ပင်ကြား ကိုးလက်မ နည်းစနစ်များအတိုင်း စိုက်ခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ ရုက္ခနေကြောမျိုး ကိုးမျိုးအနက် **အန်တေး** (ANTEY)၊ **ဂျူလီယာ** (JULIA)၊ **နွမ်း** (NORM) သုံးမျိုးတို့ကို မတ်လ ၁ ရက်နေ့တွင် စံကွက်ရိတ်သိမ်းခဲ့ရာ နေကြာပွင့်အရွယ်အစားနှင့် အစေ့အဆန်ပါဝင်မှု၊ အလေးချိန်တို့အပေါ်မူတည်၍ ကျွမ်းကျင်ပညာရှင်များ၏ ခန့်မှန်းတွက်ချက်မှုအရ **အန်တေး**နေကြာမျိုးသည် တစ်ဧကလျှင် ၅၂ တင်းနှုန်း၊ **ဂျူလီယာ**နေကြာမျိုးသည် တစ်ဧကလျှင် ၈၂ တင်းနှုန်း၊ **နွမ်း**နေကြာမျိုးသည် တစ်ဧကလျှင် ၆၄ တင်းနှုန်း ထွက်ရှိနိုင်ကြောင်း သိရသည်။ အလားတူ ဒေသမျိုးဖြစ်သည့် ရေဆင်းစပ်မျိုး-၁ နေကြာမျိုးကိုလည်း အထက်ပါနည်းစနစ်များအတိုင်း စိုက်ပျိုးခဲ့ပြီး စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် ၆၇ တင်းနှုန်း ထွက်ရှိခဲ့ပါသည်။ ယနေ့ စံကွက်ရိတ်သိမ်းပြီးစီးခဲ့သော ရုက္ခနေကြောခြောက်မျိုး၏ တစ်ဧက ပျမ်းမျှအထွက်နှုန်းများမှာ **အန်တူတအော်**(ANTUTA OR) မျိုးသည် ၇၆ တင်းခန့်၊ **ဗော်ကန်အော်**(VULKAN OR) မျိုးသည် ၆၉ တင်းခန့်၊ **ဂျိုယာ** (JOYA) မျိုးသည် ၆၂ ဒသမ ၅ တင်းခန့်၊ **ဟစ်ပိုလိုက်** (HIPPO LITE) မျိုးသည် ၆၂ ဒသမ ၅ တင်းခန့်၊ **မာဟွမ်းကေအယ်လ်ပီ** (MAHAON KLP) မျိုးသည် ၇၆ တင်းခန့်၊ **စဗျက်တလာနာကေအယ်လ်ပီ** (SVETLANA KLP)မျိုးသည် ၅၆ တင်းခန့်စီ ထွက်ရှိနိုင်ကြောင်း သိရသည်။ အဆိုပါရုက္ခနေကြောမျိုးကိုမျိုးနှင့် ဒေသမျိုးဖြစ်သည့် ရေဆင်းစပ်မျိုး-၁ နေကြာမျိုးတို့မှ ထွက်ရှိသော နေကြာစေ့များကို ဆီကြိတ်ခွဲပြီးချိန်၌ ရရှိမည့် ပိသာန္နန်းထားများကိုလည်း စနစ်တကျ မှတ်တမ်းရယူသွားမည်ဖြစ်သည်။

အဆိုပါ ရုက္ခနေကြောမျိုးများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နေပြည်တော်တွင် စမ်းသပ်စိုက်ပျိုးထားသည်။ ယင်းအထွက်နှုန်းများကိုလည်း စောင့်ကြည့်လေ့လာရမည်။ ဝါးခယ်မတွင် **ဂျူလီယာ(JULIA)** မျိုးက ပို၍ထွက်နှုန်းကောင်းသလို နေပြည်တော်တွင် **နွမ်း(NORM)**က ပို၍ထွက်နိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရ၏။ ဝါးခယ်မမြို့နယ် ရွှေကြာဖြူ(၁) စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ တောင်သူဦးဝင်းဘို၏ လယ်မြေ၌ ယမန်နှစ်က ဆင်းရွှေကြာ(၂) နေကြာမျိုးများကို ရုက္ခရွက်ဖျန်း မြေဩဇာစိမ်ခြင်း၊ ဖျန်းခြင်းများ ပြုလုပ်စိုက်ပျိုးပြီး ပျားပုံးများထားရှိ၍ စံကွက်ရိတ်သိမ်းခူးဆွတ်ချိန်တွင် ကျွန်တော်ရောက်ခဲ့သေးသည်။ စိုက်နည်းစနစ်မှန်ကန်ခြင်း၊ ရေသွင်းရေထုတ်ပြုလုပ်နိုင်ခြင်း၊ ရုက္ခရွက်ဖျန်းမြေဩဇာ၊ ဓာတ်မြေဩဇာများ အသုံးပြုခြင်း၊ ပျားပုံးသုံးခြင်းတို့ ဆောင်ရွက်ခဲ့၍ တစ်ဧကလျှင် အစို တင်း ၇၀၊ အခြောက် ၆၅ တင်း ထွက်ရှိခဲ့သည်။ ယခုနှစ် ရုက္ခနေကြောမျိုးများ စိုက်ပျိုးချိန်၌ ထူးခြားမှုက ပျားပုံးများအသုံးမပြုဘဲ စိုက်ပျိုးခဲ့ခြင်းဖြစ်၏။ တစ်ဧကတင်း ၅၀ ထွက်သည်ဆိုလျှင်ပင် တောင်သူအတွက် သင့်တင့်သောဝင်ငွေရရှိနိုင်သကဲ့သို့ ဒေသဆီဖူလုံရေးအတွက် အကျိုးပြုမည်ဟု တွက်ဆမိပါသည်။

တိုင်းဧရာ၏ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနား

ဧရာဝတီ တိုင်းဒေသကြီးသည် နိုင်ငံတော်၏စပါးကျီဆိုသည့် ဂုဏ်ပုဒ်နှင့်အညီ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားကို ၂၀၂၅ ခုနှစ် မတ်လ ၂ ရက်နေ့ နံနက်ပိုင်းတွင် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရှင်များ၊ ဒေသခံတိုင်းရင်းသား တောင်သူလယ်သမားများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုခမ္မ မင်းအောင်လှိုင်ထံမှ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က ဖတ်ကြားသည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်ကယမန်နှစ် တောင်သူလယ်သမားနေ့ အခမ်းအနားတွင် စိုက်ပျိုးရေးပညာရှင်များ၊ တောင်သူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ နွေစပါးပန်းတိုင် အထွက်နှုန်းရရှိရေး ညှိနှိုင်းဆွေးနွေးကာ ရလဒ်များဖော်ထုတ်ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် အထွက်နှုန်းများတိုးလာကြောင်း၊ ယနေ့အခမ်းအနားတွင် စပါးသာမက သီးနှံစုံပန်းတိုင်အထွက်နှုန်းရရှိရေး ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထူးချွန်ဆုများချီးမြှင့်ရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြစ်သော မိုးစပါး၊ နွေစပါး၊ မတ်ပဲ နှစ်သီးစိုက်ထူးချွန်ဆု၊ မြေပဲ၊ အုန်းချိုမွေး၊ ပီလောပီနံစိုက်ပျိုးရေးထူးချွန်ဆု၊ ဝန်ဆောင်မှုရငွေအများဆုံးပေးသွင်းသည့် လုပ်ငန်းရှင်ဆု၊ ကဏန်းပျော့မွေးမြူရေး ထူးချွန်ဆု၊ ဓာတုကင်းလွတ်ပေါ်ဆန်း ဘေးကျား စိုက်ပျိုးရေးထူးချွန်ဆု၊ နေကြာ၊ ဘိလပ်နာနတ်၊ အစေ့ထုတ်ပြောင်း၊ ပဲပုပ်၊ သီဟိုဠ်၊ ရော်ဘာ၊ အုန်း၊ ကော်ဖီ၊ ဒူးရင်း၊ ငရုတ်ကောင်း၊ ကွတ်ကီး၊ ပဲကြီး စသည့် စိုက်ပျိုးရေးထူးချွန်ဆုများ၊ ရေငန်ပုစွန်မွေးမြူရေး၊ ဘဲမွေးမြူရေး၊ နို့စားနွားမွေးမြူရေး၊ အသားစားကြက်၊ ဥစားကြက်မွေးမြူရေး၊ ဒေသနွားမွေးမြူရေး စသည်ဖြင့် ဆုပေါင်းများစွာတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။ တေးဂီတဖျော်ဖြေပွဲများလည်း ပါဝင်ပေရာ မြောင်းမြပညာရေးကောလိပ်မှ ကျောင်းသူလေးများ၏ ကျေးလက်ရိုးရာအက၊ တေးသံရှင် ဇင်သူသူထွန်း၊ စိုးထက်အောင်တို့၏ ဖျော်ဖြေမှုများအပြင် ဝါးခယ်မဦးရဲမောင်၊ နိုင်ငံကျော်တေးသံရှင် ဦးသန်းထွန်းလေးတို့၏ သီဆိုဖျော်ဖြေမှုများလည်း ပါဝင်ကြောင်း သိရသည်။

စာမျက်နှာ ၁၁ သို့ ❍



ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းဒေသ ဧးချိုင်ကျေးရွာ အဝင်တံတား။

❍ စာမျက်နှာ ၁၀ မှ

တောင်သူလယ်သမားနေ့ အခမ်းအနား ဒုတိယနေ့၌ ပို့ကုန်နှစ်ဆ တိုးမြှင့်ရေးစကားဝိုင်း ဆွေးနွေးပွဲပြုလုပ်ခဲ့ရာ ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားပြီးနောက် တိုင်းဒေသကြီးဦးစီးမှူးများနှင့်အတူ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဒေါက်တာပပဝင်း၊ ဒေါက်တာခင်ငြိမ်းချမ်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒေါက်တာဝင်းသန်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနဗဟိုဌာန (မြောင်းမြ)မှ ဒေါ်ဖြူပြာလွင်တို့က သက်ဆိုင်ရာဘာသာရပ်အလိုက် ဆွေးနွေးခဲ့ကြသည်။ တတိယနေ့တွင် ဝန်ကြီးချုပ်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် တက်ရောက်၍ ပါဝင်ဆွေးနွေးကြပြီး ပြခန်းပေါင်း ၅၁ ခန်းကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ ပိတ်ပွဲအခမ်းအနား မကျင်းပမီ ခရိုင်အလိုက်ပြခန်းများ၊ စံပြခရိုင်၊ မြို့ရွာများ၊ စံပြတောင်သူဆုများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီးတရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ပေါ်ဆန်းဖိုရမ်-၂၀၂၅

ဧရာဝတီတိုင်းဒေသကြီး ပေါ်ဆန်းဖိုရမ်-၂၀၂၅ ကို မတ်လ ၅ ရက်နေ့ နံနက်ပိုင်းက ပုသိမ်မြို့ရှိ မြို့တော်ခန်းမတွင် ကျင်းပခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသအသီးသီးနှင့် နေပြည်တော်ရှိ ဧမ္မူသီရိ၊ ပုဗ္ဗသီရိ စသည့်မြို့နယ်များမှ ပညာရှင်များနှင့် တောင်သူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များသည် အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က “ဧရာဝတီ ပေါ်ဆန်းအရည်အသွေးကောင်းမွန်ပြီး စျေးကွက်ရရှိစေရေး ဧရာဝတီတိုင်းဒေသကြီး ပေါ်ဆန်းဖိုရမ်-၂၀၂၅ ကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် စုစုပေါင်း ပေါ်ဆန်းစိုက်ဧက ခုနစ်သိန်းခွဲကျော်ရှိပါကြောင်း၊ ပေါ်ဆန်းစပါးမျိုးများကို လေ့လာရာတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြဗဟို သုတေသနစိုက်ပျိုးရေး ဥယျာဉ်ကို ၁၉၂၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဒေသမျိုးများ စုဆောင်း၍ မျိုးရွေးချယ်စိုက်ပျိုးခဲ့ရာ ၁၉၄၄ ခုနှစ်တွင် ရွေးချယ်ရရှိခဲ့သော (D-44-8)မျိုးကို ပေါ်ဆန်းမွေးနှင့် ၁၉၆၀ ပြည့်နှစ်တွင် ရွေးချယ်ရရှိခဲ့သော (D-60-8)မျိုးကို ပေါ်ဆန်းဘေးကျားမျိုးအဖြစ် မှတ်တမ်းတင်ခဲ့သည့် သမိုင်းအထောက်အထားများ ရှိခဲ့သည့်အတွက် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြသည် ပေါ်ဆန်း၏ မိဘဒေသဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ပေါ်ဆန်းစပါးမျိုးများကို တိုင်းဒေသကြီးအနှံ့ စိုက်ပျိုးလျက်ရှိပြီး ဓာတုကင်းလွတ်သည့် ပေါ်ဆန်းကို ရေကြည်မြို့နယ် နွားရေတိုက်ကျေးရွာတွင် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ပေါ်ဆန်းစတင်မွေးဖွားရာဒေသလည်း ဖြစ်ခြင်းကြောင့် ပေါ်ဆန်းအရည်အသွေးကောင်းမွန်ပြီး စျေးကွက်ရလာစေရန် လိုအပ်ပါကြောင်း၊ ရေကြည်မြို့နယ် နွားရေတိုက်ကျေးရွာတွင် ပေါ်ဆန်းစပါးမျိုး ခုနစ်မျိုးကို စမ်းသပ်စိုက်ပျိုးခဲ့ရာ ဖျာပုံဒေသထွက် ပေါ်ဆန်းရင်စပါးမျိုးသည် အထွက်နှုန်းအကောင်းဆုံးဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ဧရာဝတီပေါ်ဆန်း တစ်ခေတ်ဆန်းအောင်ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားလိုပါကြောင်း” ပြောကြားခဲ့သည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က လိုအပ်သည်များ ရှင်းလင်းဆွေးနွေးပြီးနောက် သရောင်းချောင်းမျိုးသန့်ခြမ် သုတေသနပညာရှင် ဒေါ်ကြည်ကြည်ဦး၊ စိုက်ပျိုးရေးဦးစီးဌာန Biotech ဌာနခွဲမှ ပညာရှင် ဒေါက်တာဌေးဌေးအောင်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသနမှူး ဒေါ်ဖြူပြာလွင်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ပညာရှင် ဒေါက်တာအေးလဲ့လဲ့လှိုင်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင် ပညာရှင် ဦးနေမျိုးဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန Biotech ဌာနခွဲမှ ပညာရှင် ဒေါက်တာခင်မျိုးမြင့်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ လက်ထောက်ကထိက ပညာရှင်ဦးစိုးခိုင်၊ စိုက်ပျိုးရေးသုတေသနဌာနမှ ပညာရှင် ဒေါက်တာကျော်စွာဦး၊ မျိုးစေ့ဘဏ်တာဝန်ခံ ပညာရှင် ဒေါ်ဥမ္မာအောင်တို့က သက်ဆိုင်ရာဘာသာရပ်အလိုက် စာတမ်းများ ဖတ်ကြားကြသည်။



ဝါးခယ်မမြို့နယ် ကြာဖြူကျေးရွာ၌ စမ်းသပ်စိုက်ပျိုးခဲ့သော ရုရှားနေကြာမျိုးများ ဆွတ်ခူးရိတ်သိမ်းခဲ့စဉ်။

ထို့နောက် ပေါ်ဆန်းစိုက်ပျိုးထုတ်လုပ်မှုအခြေအနေများ၊ အခက်အခဲများ၊ မျိုး၊ သွင်းအားစုသုံးစွဲမှု အကြံပြုချက်များနှင့် သုတေသနဆောင်ရွက်မှုများ၊ ဆန်ကြိတ်ခွဲခြင်း၊ အရည်အသွေးထိန်းသိမ်းခြင်းနှင့် အစားအစာဘေးအန္တရာယ် ကင်းရှင်းစေခြင်း၊ ပြည်တွင်းပြည်ပဈေးကွက်အလားအလာများကို အဖွဲ့လိုက်ဆွေးနွေးခဲ့ကြပြီး အဖွဲ့ကိုယ်စားလှယ်များက ဆွေးနွေးချက်ရလဒ်များအား ပြန်လည်တင်ပြခဲ့ကြသည်။ ဧရာဝတီတိုင်းဒေသကြီး ပေါ်ဆန်းဖိုရမ်-၂၀၂၅ ကို စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်များ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ ဒေသခံတောင်သူများ၊ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့သည့် တိုင်းဒေသအသီးသီးနှင့် နေပြည်တော်ရှိ ဧမ္မူသီရိ၊ ပုဗ္ဗသီရိ စသည့်မြို့နယ်များမှ ပညာရှင်များနှင့် တောင်သူများ စုစုပေါင်း အင်အား ၈၀၀ ကျော် တက်ရောက်ခဲ့ကြပြီး မတ်လ ၅ ရက်နေ့နှင့် ၆ ရက်နေ့ နှစ်ရက်တိုင်တိုင် ကျင်းပခဲ့ကြောင်း သိရသည်။

ဟိုင်းကြီးကျွန်းမှာ ခဏတာ

ဟိုင်းကြီးကျွန်းဆိုသည့် အသံကို ကြားလိုက်သည်နှင့် နေပြည်တော်က ဝန်ထမ်းအိမ်ရာတစ်ခု ဖြစ်သော ပိတောက်အိမ်ရာတွင် နေထိုင်ကြသည့် တပည့်မများကို ပြေး၍သတိရမိသည်။ နတလမှာ တာဝန်ထမ်းဆောင်စဉ် ကတည်းက ထိုအိမ်ရာတွင် နေထိုင်ကြသည့် အပျိုကြီးမမများကို ဟိုင်းကြီးကျွန်း သူများဟု ကျီစယ်နောက်ပြောင်ခဲ့ဖူး၍ ပါတည်း။ ယင်းသို့ နောက်ပြောင်ခဲ့လင့်ကစား ကျွန်တော်ကိုယ်တိုင်ပင် လျှင် ဟိုင်းကြီးကျွန်းသို့ မရောက်ဖူးသေးပါ။ အလားတူ ဧရာဝတီတိုင်းဒေသကြီးထဲက မြို့နယ် ၂၆ မြို့နယ်ထဲမှာ ကျွန်တော် မရောက်ဖူးသေးသော မြို့နယ် ငါးမြို့နယ် ကျန်ပါသေးသည်။ ယခုတစ်ခေါက်တော့ ဟိုင်းကြီးကျွန်းသို့ ရောက်ခဲ့ပါပြီ။ တပည့်မအပျိုကြီးများကို သတိရ၍ ပြုံးမိသေး၏။ မတ်လ ၆ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်



ဟိုင်းကြီးကျွန်းမြို့အဝင်ဆိုင်းဘုတ်တွင် အမှတ်တရ။

နှင့်အတူ ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့သို့ သွားရောက်ပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက မြို့ရှောင်လမ်း အရှည်တစ်မိုင် ကတ္တရာခင်းခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ ဆက်လက်၍ ဇီးချိုင်ကျေးရွာသို့ သွားရောက်ကာ ပေ ၁၆၀ တံတားတည်ဆောက်ပြီးစီးမှု၊ ချဉ်းကပ်လမ်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုပါသည်။ ထိုမှ ငွေတောင်(ခ)မြွေတောင် ကမ်းခြေကို သွားရောက်ကြည့်ရှုလေ့လာခဲ့ပါသည်။ မြတ်မော်တင် ဆံတော်ရှင် စေတီတော်မြတ်ကြီးကို လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးအဖွဲ့များ အနေဖြင့် ငွေတောင်ကမ်းခြေသို့လည်း မပျက်မကွက် လာရောက်လည်ပတ်ကြကြောင်း သိရသည်။

ဟိုင်းကြီးကျွန်းမြို့ အရှေ့ဘက်တွင် ပုသိမ်မြစ်၊ ငပုတောမြို့နယ် ချောင်းဝကျေးရွာအုပ်စု အနောက်ဘက်တွင် ဟိုင်းကြီးချောင်း၊ ငပုတောမြို့နယ် ကျောက်ချောင်း ကျေးရွာအုပ်စု တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ မြောက်ဘက်တွင် ဟိုင်းကြီးချောင်းနှင့် ငပုတောမြို့နယ် မဲခရဲ၊ မြို့သစ်ကျေးရွာအုပ်စုများနှင့် နယ်နိမိတ်ထိစပ်လျက်ရှိပါသည်။ ဟိုင်းကြီးကျွန်းမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှအမြင့် ၁၄ ပေအထက်တွင် တည်ရှိကာ ဟိုင်းကြီးတောင်မှာ ပင်လယ်ရေမျက်နှာပြင်အထက် ၃၆၁ ပေ မြင့်ပါသည်။ ဟိုင်းကြီးကျွန်းတွင် ဗမာ၊ ရခိုင်နှင့် ကရင် စုစုပေါင်း ၁၂၀၀၀ ကျော် နေထိုင်လျက်ရှိကြပြီး အခြားလူမျိုးအနည်းငယ်တွေ့ရသည်။

မြတ်မော်တင်ကို ဖူးခဲ့သည်

ဂေါတမမြတ်စွာဘုရား ပွင့်တော်မူပြီးနောက် သတ္တသတ္တာဟ ခုနစ်ဌာနထဲမှ တစ်ခုဖြစ်သော ရာဇယတန လင်းလွန်းပင်အောက်၌ ခုနစ်ရက် သီတင်းသုံး စံနေတော်မူစဉ် တပုဿနှင့် ဘလ္လိကကုန်သည် ညီနောင်တို့ သွားရောက်ဖူးမြော်ခွင့်ရခဲ့ပြီး ဆံတော်ဓာတ်များကိုလည်း ပင့်ဆောင်ခွင့်ရခဲ့ကြသည်။ ၎င်းညီနောင်နှစ်ဦး ဆံတော်များပင့်၍ ပြန်လည်ထွက်ခွာလာစဉ် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်နေ့တွင် ပုသိမ်မြို့တောင်ပိုင်း(ကုသိမနာရုဏ်၊ တောင်ပိုင်း) နာဂရာဇမျှော်(ခေါ်) မော်တင်စွန်း(ခေါ်) သရနတောင်အင်္ဂုစွန်းသို့ ရောက်လာကြသည်။ ဆံတော်ဓာတ်များမှ အံ့ချီးဖွယ်ရာတန်ခိုးပြာဋိဟာများ ပြသသဖြင့် ဇေယျသေန နဂါးမင်းသည် လူအသွင်ဖန်ဆင်း၍ ဆံတော်ဓာတ်နှစ်ဆူကို ရအောင်ယူပြီး သရနတောင် (ယခု မော်တင်စွန်းအင္ဂု)၌ စိုင်တမော့အရွယ် စေတီတော်ကို ဆံတော်ဓာတ်များ ဌာပနာ၍ တည်ထားခဲ့သည်။ ဇေယျသေန နဂါးမင်းအမျိုးပြု၍ စေတီကို တက်ရောက်ဖူးမြော်သော အနောက်တောင်ဘက်မှ လမ်းကို နဂါးလမ်း၊ ဆင်ဖြူတော် တက်ရောက်ဖူးမြော်သည့် တောင်ဘက် အရပ်မှလမ်းကို ဆင်ဖြူတော်လမ်း၊ အရှေ့တောင်ဘက်ကလမ်းကို ဝိဇ္ဇာလမ်း ဟု ယနေ့တိုင် ခေါ်တွင်ခဲ့ကြသည်။

ကျန်စစ်သားမင်း၏ မြေးတော် အလောင်းစည်သူမင်းသည် တိုင်းခန်းလှည့်လည်လာစဉ် မော်တင်စွန်းအင္ဂုသို့ အရောက် ဖောင်တော်ဆိုက်သွားသဖြင့် ဥဏှတော် ၂၅ တောင်ရှိ ဖောင်တော်ဦး စေတီကို တည်ခဲ့သည်။ ၎င်းပြင် မော်တင်စွန်းစေတီတော်မြတ်ကိုလည်း သံတောင် ၄၀ ထိ မွမ်းမံပြင်ဆင်တည်ထားခဲ့သည်။

ဂုဏ်ယူပါသည် တိုင်းဧရာဝတီ

ဧရာဝတီတိုင်းဒေသကြီး ဂုဏ်ဆောင် ပေါ်ဆန်းစပါးမျိုး ပြန်လည်ပေါ်ထွန်းလာစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေကြသည်။ နွေစပါး၊ မိုးစပါးနှင့် ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ အပါအဝင် သီးနှံစုံ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ထုတ်ကုန်နှစ်ဆတိုးမြှင့်နိုင်ရေးကိုလည်း နည်းမျိုးစုံဖြင့် ဆောင်ရွက်နေကြသည်။ မိမိတို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအနေဖြင့်လည်း စိုက်ပျိုးရေး သမဝါယမအသင်းများဖွဲ့စည်း၍ ပန်းတိုင်အထွက်နှုန်းရရှိအောင်၊ မျိုးကောင်းမျိုးသန့်များဖြန့်ဝေနိုင်အောင် စိုက်ပျိုးရေးရရှိအောင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။ ကိုယ်တိုင်က ဧရာဝတီတိုင်းသားဖြစ်နေသောကြောင့် ပို၍သံယောဇဉ်ရှိနေပါသည်။ မိမိဇာတိ လေးမျက်နှာမြို့နယ်နှင့် ဟသံတ၊ အင်္ဂပူ၊ မြန်အောင်၊ ကြံခင်း၊ ရေကြည်၊ သာပေါင်းမြို့နယ်များအပါအဝင် ၂၆ မြို့နယ်စလုံး တည်ငြိမ်အေးချမ်းစေချင်ပါသည်။ ရိုးသားကြိုးစား ဧရာဝတီသားဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကျွန်တော် အမြဲဂုဏ်ယူဟစ်ကြွေးနေသော စကားတစ်ခွန်းရှိပါသည်။ ဒါ……ငါတို့ဧရာဝတီ ဟူ၍။ ။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် တက္ကသိုလ်ဝင်စာမေးပွဲစစ်ဆေးမည့် စာစစ်ဌာနများ လှည့်လည်ကြည့်ရှု

စစ်တွေ မတ် ၁၅

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ပေါ်ရှိ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စစ်ဆေးမည့် စာစစ်ဌာနများဖြစ်သော အခြေခံပညာအထက်တန်းကျောင်းများတွင် နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်ပြီး နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းအတွင်း တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနိုင်ရန် စာသင်ခန်းများအား စနစ်တကျစီစဉ်ဆောင်ရွက်ထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က တက္ကသိုလ်ဝင်စာမေးပွဲသည် အရေးကြီးသည့်စာမေးပွဲကြီးတစ်ခုဖြစ်ခြင်းကြောင့် ကျောင်းသား ကျောင်းသူများ အနှောင့်အယှက်ကင်းကင်းဖြင့် စိတ်အေးချမ်းသာစွာ၊ လုံခြုံမှုရှိစွာ စာမေးပွဲဖြေဆိုနိုင်ရန် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး နယ်မြေခံတပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုကြပြီး ကျောင်းအတွင်း တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနိုင်ရန် စနစ်တကျစီစဉ်ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းအတွင်း ရခိုင်



ပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ဆိုလာစနစ်ဖြင့် ရေတင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း သက္ကေပြင်ကုန်းသို့ သွားရောက်ပြီး ကျောင်းအတွင်း စာဖြေခန်းများ၊ ကျောင်းပတ်ဝန်းကျင်များတွင် နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ကျောင်းသားမိဘများနှင့်တွေ့ဆုံပြီး ကျောင်းသားကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရန် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးသွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ရွှေဘုန်းပွင့်စေတီတော်အဝင်လမ်း မုခ်ဦးဆောင်ရွက်မည့်နေရာအား ကြည့်ရှုစစ်ဆေး

တောင်ကြီး မတ် ၁၅

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် တောင်ကြီးမြို့ ကျက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော်အဝင်လမ်း မုခ်ဦးတည်ဆောက်မည့် နေရာနှင့် ရွှေဘုန်းပွင့် အတက်လမ်း ကတ္တရာကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်မည့် နေရာများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကြီးမြို့ ကျက်သရေဆောင် ရွှေဘုန်းပွင့် စေတီတော် လုံးတော်ပြည့်



ရွှေသင်္ကန်း ဆက်ကပ်နိုင်ရေး ဆက်ကပ်ဆောင်ရွက်ပြီးစီးမှုနှင့် အတွက် စေတီတော်အား သစ်စေး စေတီတော်သဘာဝဘေးဒဏ်များ မှ ကာကွယ်နိုင်ရန်အတွက် လေတိုက်နှုန်း၊ မြေငလျင်လှုပ်ခတ် မှုနှုန်းကို တွက်ချက်၍ လိုအပ်သည့် Epoxy ကော်များ ဖြည့်စွက်၍ Reinforcement အားဖြည့်ခြင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခြင်းနှင့် ရွှေဘုန်းပွင့်စေတီတော်ပရိဝုဏ်အတွင်းရှိ သံဆန်ခါများ ပြန်လည်ဆေးသုတ်နိုင်ရန် ပြုပြင်နေမှုကို ကြည့်ရှု၍ တာဝန်ရှိသူများကို လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေဘုန်းပွင့်ဘုရား အတက်၊ အဆင်းလမ်း (ဘုရားလမ်းဆုံမှ ရေထွက်ဦးနေလလမ်းဆုံအထိ) လမ်းပိုင်းအား AC ကတ္တရာအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်မည့် နေရာနှင့် မြစိမ်းတောင်ဘုရား မုခ်ဦးအနီး S ကွေ့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်မည့် နေရာကို သွားရောက်ကြည့်ရှုရာ လုပ်ငန်းဆောင်ရွက်မည့် ကိစ္စရပ်များကို ပြည်နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းရာ ပြည်နယ်ဝန်ကြီးချုပ်က လျာထားချက်အတိုင်း ဆောင်ရွက်ရန်နှင့်တန်ဖိုး၊ လုပ်ငန်းမပြောင်းဘဲ နေရာပြောင်းရွှေ့ ဆောင်ရွက်ပေးကြရန် ဖြည့်စွက်မှာကြား၍ လုပ်ငန်းဆောင်ရွက်မည့် လမ်းနေရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ကချင်ပြည်နယ်ဝန်ကြီးချုပ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်စွာကျင်းပနိုင်ရေး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း

မြစ်ကြီးနား မတ် ၁၅

ကချင်ပြည်နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာနပေါင်း ၂၂ ခု ဖွင့်လှစ်၍ ကျင်းပသွားဖြစ်မည်ရာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။

တိုက်တွန်းမှာကြား

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ကချင်ပြည်နယ်အတွင်း Grade-5 မှ Grade-9 အထိ စာမေးပွဲများကို အေးချမ်းတည်ငြိမ်စွာ ကျင်းပနိုင်ခဲ့ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲကို တစ်နိုင်ငံလုံးအတိုင်း အတာဖြင့် မတ် ၁၇ ရက်မှ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ပြည်နယ်အတွင်း မြို့နယ်ပေါင်း ၁၂ မြို့နယ်တွင် စာစစ်ဌာန ပေါင်း ၂၂ ခု ဖွင့်လှစ်၍ စာရင်းရှိ ကျောင်းသား ကျောင်းသူဦးရေ ၉၀၀၀ ကျော် ဝင်ရောက်ဖြေဆိုကြမည် ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ အေးချမ်းတည်ငြိမ်စွာ ဖြေဆိုနိုင်ရေး၊ လုံခြုံရေးဆိုင်ရာအစီအမံများ၊ မေးခွန်းလွှာနှင့် အဖြေလွှာများ သယ်ယူပို့ဆောင်ခြင်းနှင့် စာမေးပွဲဖြေဆိုချိန်အတွင်း လိုအပ်သည်များကို အချင်းချင်းညှိနှိုင်းပေါင်းစပ်၍ တည်ငြိမ်အေးချမ်းစွာ၊ အောင်မြင်စွာကျင်းပနိုင်ရေး မိမိတို့အားလုံးက ဝိုင်းဝန်းပူးပေါင်းကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

ညှိနှိုင်းဆောင်ရွက်

ယင်းနောက် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည့် အစီအစဉ်များ၊ လျှပ်စစ်မီးဖြန့်ဖြူးဆောင်ရွက်သွားမည့် အစီအစဉ်



များကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက သက်ဆိုင်ရာဌာနများအလိုက် လုံခြုံရေးအစီအမံများနှင့် အခြားလိုအပ်ချက်များအပေါ် ပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး လိုအပ်သည်များကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ဌာနဆိုင်ရာများအကြား ပေါင်းစပ်ချိတ်ဆက်၍ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ကနေဒါနိုင်ငံ၏ အာဏာရ လစ်ဘရယ်ပါတီခေါင်းဆောင် မှာခ်ကာနေး ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆို

အော့တဝါ မတ် ၁၅

ကနေဒါနိုင်ငံ၏ အာဏာရ လစ်ဘရယ်ပါတီခေါင်းဆောင် မှာခ်ကာနေးသည် နိုင်ငံ၏ ၂၄ ဦးမြောက်ဝန်ကြီးချုပ်အဖြစ် မတ် ၁၄ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုပြီး အစိုးရအဖွဲ့သစ်တစ်ရပ် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

အဖွဲ့ဝင် ၂၄ ဦးပါ အစိုးရအဖွဲ့သစ်တွင် ကနေဒါ-အမေရိကန်ဆက်ဆံရေးကို စီမံခန့်ခွဲရာတွင် အဓိကကျသူများ ပါဝင်သည်။

နိုင်ငံခြားရေးဝန်ကြီး မီလာနေးကျိုလီသည် ၎င်းရာထူးနေရာတွင် ဆက်လက်တည်ရှိနေပြီး ဘဏ္ဍာရေးဝန်ကြီးဟောင်း ဒိုမီနစ်လီဘလန်စ်သည် ဝန်ကြီးချုပ်မှာခ်ကာနေး၏ နိုင်ငံတကာကုန်သွယ်ရေးဝန်ကြီး အသစ်အဖြစ် ကနေဒါ-အမေရိကန် နှစ်နိုင်ငံကုန်သွယ်မှုဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

ဆန်းသစ်တီထွင်မှု၊ သိပ္ပံနှင့်စက်မှုဝန်ကြီးဟောင်း ဖရန်ကိုစစ်ဖီလစ်ချမ်ပါနီသည် ဘဏ္ဍာရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

ယခုဖွဲ့စည်းသည့် အစိုးရအဖွဲ့သစ်တွင်ပါဝင်သည့် ဝန်ကြီးများ၏ စွမ်းဆောင်ရည်ဖြင့် ကနေဒါနိုင်ငံ၏ စီးပွားရေးနှင့်လုံခြုံရေးကို ပိုမိုအားကောင်းစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံး၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြီးခဲ့သည့် မတ် ၉ ရက်တွင် ကျင်းပသည့် လစ်ဘရယ်ပါတီခေါင်းဆောင်ပိုင်းရွေးကောက်ပွဲတွင် မှာခ်ကာနေးသည် ထောက်ခံမဲအသာစီးဖြင့် အနိုင်ရခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း ဂျက်စတင်ထရူဒေါက ကနေဒါဘုရင်ခံချုပ် မာရီဆိုင်မွန်ထံ ရာထူးမှ နုတ်ထွက်စာ တင်သွင်းပြီးနောက် မှာခ်ကာနေးသည် ဝန်ကြီးချုပ်ရာထူး တာဝန်များကိုထမ်းဆောင်ရမည်ဖြစ်သည်။

မှာခ်ကာနေးသည် ဇူလိုလနောင်းပိုင်း သို့မဟုတ် မေလအစောပိုင်းတွင် ရွေးကောက်ပွဲတစ်ရပ် ပြန်လည်ကျင်းပသွားဖွယ်ရှိသည်။

ပုံမှန်အားဖြင့် ရွေးကောက်ပွဲကို အောက်တိုဘာ ၂၀ ရက်တွင် ကျင်းပရမည်ဖြစ်သော်လည်း အမေရိကန်-ကနေဒါကုန်သွယ်မှုဆိုင်ရာ ဆောင်ရွက်ချက်များ အပြန်အလှန် လုပ်ဆောင်ရမည်ဖြစ်သည့် အတွက် မှာခ်ကာနေးသည် ရွေးကောက်ပွဲကို စောစီးစွာ ကျင်းပသွားနိုင်ဖွယ်ရှိကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက သုံးသပ်ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်



ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံသုံးနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး မတ် ၂၂ ရက်တွင် စတင်မည်

တိုကျို မတ် ၁၅

ဂျပန်အစိုးရသည်ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံ သုံးနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို မတ် ၂၂ ရက်တွင် မြို့တော်တိုကျိုဌ် ကျင်းပရန် စီစဉ်နေကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးတွင် နှစ်နိုင်ငံကြား ဆိုင်းငံ့ထားသည့် ကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်ပြီး ဂျပန်နှင့်တရုတ် နှစ်နိုင်ငံသီးခြားဆွေးနွေးပွဲကို ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

သုံးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ ဂျပန်နိုင်ငံခြားရေးဝန်ကြီး အီဝါယာ တာကီရှိ၊ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီနှင့် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချိုတာယယ်လ်တို့ တက်ရောက်မည်ဖြစ်သည်။

ဝန်ကြီးများသည် ပြည်သူအချင်းချင်း အပြန်အလှန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကျဆင်းနေသော ကလေးမွေးနှုန်းကို ပြန်လည်ကောင်းမွန်လာစေရန် အစီအမံများအပါအဝင် နယ်ပယ်အများ အပြားတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ဆွေးနွေးကြမည်ဟု မျှော်လင့်ရသည်။

ထို့ပြင် ယခုနှစ်ကုန်ပိုင်းတွင် သုံးနိုင်ငံ ထိပ်သီးအစည်းအဝေး ကျင်းပရန် ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ဂျပန်နှင့်တရုတ် နှစ်နိုင်ငံ အဆင့်မြင့် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်ကိုလည်း ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။ အဆိုပါ အဆင့်မြင့်စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲသည် ၂၀၁၉ ခုနှစ်တွင် ပေကျင်း၌ နောက်ဆုံး အကြိမ်ကျင်းပပြီးနောက် ခြောက်နှစ်ခန့်အကြာ ပထမဆုံးပြန်လည် ကျင်းပခြင်းဖြစ်သည်။

ဂျပန်-တရုတ် အဆင့်မြင့်စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲသည် ဂျပန်ရေထွက်ကုန်များ တင်သွင်းမှုအပေါ် တရုတ်နိုင်ငံက ရပ်ဆိုင်းထားခြင်းအပါအဝင် နှစ်နိုင်ငံကြား ဆိုင်းငံ့ထားသော ပြဿနာများကို ဖြေရှင်းရန် အခွင့်အလမ်းတစ်ခု ဖြစ်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်



အိုင်အက်စ်စစ်သွေးကြွ ထိပ်တန်းခေါင်းဆောင်တစ်ဦးကို စစ်ဆင်ရေးဆင်နွှဲစဉ်အတွင်း သတ်ဖြတ်ခဲ့ကြောင်း အီရတ်ဝန်ကြီးချုပ် ပြောကြား

ဘဂ္ဂဒက် မတ် ၁၅

အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အိုင်အက်စ်စစ်သွေးကြွ ထိပ်တန်းခေါင်းဆောင်တစ်ဦးကို စစ်ဆင်ရေးဆင်နွှဲစဉ်အတွင်း သတ်ဖြတ်ခဲ့ကြောင်း အီရတ်ဝန်ကြီးချုပ် မိုဟာမက်ရှီယာ အယ်လ်ဆူဒါနီက မတ် ၁၄ ရက်တွင် ပြောကြားသည်။

စစ်သွေးကြွ ထိပ်တန်းခေါင်းဆောင် အဘူခါဒီဂျာသည် အီရတ်ပူးပေါင်းစစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့နှင့် နိုင်ငံတကာညွှန့်ပေါင်းတပ်ဖွဲ့များ၏ ပူးပေါင်းစစ်ဆင်ရေးဆောင်ရွက်မှုအတွင်း သေဆုံးခဲ့ကြောင်း အီရတ်ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အဘူခါဒီဂျာသည် အိုင်အက်စ်အဖွဲ့၏ ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်ပြီး အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့၌ စစ်ဆင်ရေးများကို ကြီးကြပ်ကွပ်ကဲသူဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

၎င်းအား မည်သည့်အချိန်တွင် မည်ကဲ့သို့ သတ်ဖြတ်ခဲ့သည်ကို အသေးစိတ်ဖော်ပြခြင်းမရှိပေ။ သို့သော် အဘူခါဒီဂျာအား ကမ္ဘာ့အန္တရာယ်အရှိဆုံး အကြမ်းဖက်သမားတစ်ဦးအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

အီရတ်အစိုးရသည် ၂၀၁၇ ခုနှစ်တွင် အိုင်အက်စ်စစ်သွေးကြွအဖွဲ့ကို အောင်နိုင်သည်ဟု ကြေညာထားသော်လည်း အိုင်အက်စ်တို့သည် မြို့ပြဒေသများ၊ သဲကန္တာရများနှင့် ဝေးလံခေါင်သီသော ဒေသများရှိ လုံခြုံရေးတပ်ဖွဲ့များနှင့် အရပ်သားများကို တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

အီသီယိုပီးယားနိုင်ငံက ရှစ်လအတွင်း ကော်ဖီတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၂၆ ဘီလီယံ ဝင်ငွေရရှိ

အဒစ်အဘာဘာ မတ် ၁၅

အီသီယိုပီးယားနိုင်ငံသည် လွန်ခဲ့သည့် ရှစ်လအတွင်း ကော်ဖီတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၂၆ ဘီလီယံ ဝင်ငွေရရှိခဲ့ကြောင်း အီသီယိုပီးယား ကော်ဖီနှင့် လက်ဖက်ရည်အာဏာပိုင်အဖွဲ့ (ECTA) က မတ် ၁၄ ရက်တွင်ပြောကြားသည်။

လက်ရှိ ၂၀၂၄- ၂၀၂၅ အီသီယိုပီးယားဘဏ္ဍာရေးနှစ်၏ ပထမရှစ်လအတွင်း ကော်ဖီတန်ချိန် ၂၅၇၀၀၀ ကျော် တင်ပို့ခဲ့ကြောင်း အီသီယိုပီးယား ကော်ဖီနှင့် လက်ဖက်ရည်အာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကော်ဖီထုတ်လုပ်မှု၊ ကုန်ထုတ်စွမ်းအားနှင့် အရည်အသွေးများ တိုးမြင့်လာစေသည့် အစိုးရ၏ ပြုပြင်ပြောင်းလဲမှုကြောင့် ပို့ကုန်ပမာဏမြင့်မားကာ ဝင်ငွေတိုးလာရခြင်း ဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ယခု ဘဏ္ဍာရေးနှစ်တွင် ကော်ဖီတန်ချိန် ၄၀၀၀၀၀ ကျော် တင်ပို့ခြင်းဖြင့် ကော်ဖီတင်ပို့မှုမှ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံရရှိရန် ခန့်မှန်းထားသည်။ "အာရာဗီကာ"ကော်ဖီ၏ မွေးရပ်မြေအဖြစ် သတ်မှတ်ခံထားရသော အီသီယိုပီးယားနိုင်ငံသည် ယခင်ဘဏ္ဍာနှစ်တွင် ကော်ဖီတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံကျော် ရရှိခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

ဂျပန်အာကာသယာဉ်မှူး အိုနိရှိတာကူယာနှင့် အခြားအာကာသယာဉ်မှူး သုံးဦးတို့ လိုက်ပါသည့် Crew Dragon အာကာသယာဉ် နိုင်ငံတကာအာကာသစခန်းသို့ အောင်မြင်စွာလွှတ်တင်

တိုကျို မတ် ၁၅

ဂျပန်အာကာသယာဉ်မှူး အိုနိရှိတာကူယာနှင့် အခြားအာကာသယာဉ်မှူး သုံးဦးတို့ လိုက်ပါသည့် Crew Dragon အာကာသယာဉ်ကို နိုင်ငံတကာအာကာသစခန်းသို့ အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

အိုနိရှိတာကူယာ၊ အမေရိကန်အာကာသယာဉ်မှူးနှစ်ဦးနှင့် ရုရှားအာကာသယာဉ်မှူးတစ်ဦးတို့လိုက်ပါသည့် အမေရိကန်ပုဂ္ဂလိကကုမ္ပဏီ SpaceX ၏ အာကာသယာဉ်ကို အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်ရှိ ကနေဒီအာကာသယာဉ်လွှတ်တင်ရေးစခန်း၌ မတ် ၁၄ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

Falcon 9 ဒုံးပျံကို တင်ဆောင်လာသော အဆိုပါအာကာသယာဉ်သည် လွှတ်တင်ပြီးနောက် ၁၀ မိနစ်ခန့်အကြာတွင် သတ်မှတ်ထားသည့် ပတ်လမ်းတစ်ခုတွင် ဒုံးပျံမှ ခွဲထွက်သွားသည်။

ဂျပန်အာကာသယာဉ်မှူး အိုနိရှိတာကူယာသည် မြေပြင်ထိန်းချုပ်ရေးစခန်းဖြင့် ဆက်သွယ်ပြောဆိုခဲ့ပြီး ၎င်းအား ထောက်ပံ့အားပေးလျက်ရှိသည့် ဂျပန်ပြည်သူများအား ဂျပန်ဘာသာဖြင့် ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ကိုးနှစ်အတွင်း ပထမဆုံးအကြိမ် မြေဆွဲအား သုည၌ နှင့် ကြုံတွေ့နေရပြီး ၂၈ နာရီကျော်ကြာမြင့်မည့် အာကာသခရီးစဉ်ကို ပျော်ရွှင်စွာဖြတ်သန်းနေရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အိုနိရှိတာကူယာသည် အာကာသစခန်းတွင် ခြောက်လခန့် နေထိုင်ရန် စီစဉ်ထားသည်။ ယခုအာကာသခရီးစဉ်သည် သူ၏ ဒုတိယမြောက်ခရီးစဉ်ဖြစ်သည်။ သူသည် ၂၀၁၆ ခုနှစ်တွင် ပထမဆုံးအကြိမ် အာကာသသို့ သွားရောက်ခဲ့ဖူးကြောင်း သိရသည်။

ယခုခရီးစဉ်အတွင်း အိုနိရှိတာကူယာသည် နိုင်ငံတကာအာကာသစခန်းရှိ Kibo ဓာတ်ခွဲခန်းတွင် ဂျပန်အာကာသစူးစမ်းလေ့လာရေးအေဂျင်စီက တီထွင်ထားသည့် ကာဗွန်ဒိုင်အောက်ဆိုက် ဖယ်ရှားရေးစနစ်အသစ်ကို တပ်ဆင်မည်ဖြစ်ပြီး အနာဂတ်တွင် လူလိုက်ပါသော အာကာသစူးစမ်းလေ့လာရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်မည်ဖြစ်သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ ငွေကျပ် တစ်ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၃၀ ဒသမ ၈ ကီလိုနှင့် စိတ်ကြွရှူးသွပ်ဆေးပြား ၁ ဒသမ ၅၄ သိန်း သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၅

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ ငွေကျပ် တစ်ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၃၀ ဒသမ ၈ ကီလိုနှင့် စိတ်ကြွရှူးသွပ်ဆေးပြား ၁ ဒသမ ၅၄ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၉ ရက် နံနက် ၅ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ ဟန်ဝင်းအောင် မောင်းနှင်ပြီး နိုင်မင်းထက်နှင့် စိုးမိုးအောင်တို့လိုက်ပါလာသည့် NISSAN CONDOR ခြောက်ဘီးယာဉ်ကို သတင်းအရရှာဖွေရာ ကာလတန်ဖိုး ငွေကျပ် တစ်ဘီလီယံကျော်တန်ဖိုးရှိ ပလတ်စတစ်ဆပ်ပြာခွက် ၃၀၈၀ ဖြင့်ထည့်ထားသည့် ဘိန်းဖြူ ၃၀ ဒသမ ၈ ကီလိုနှင့် စိတ်ကြွရှူးသွပ်ဆေးပြား ၁ ဒသမ ၅၄ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်သူများဖြစ်ကြသည့် တင်ဝင်းကို ပြည်ကြီးတံခွန်မြို့နယ် (ည)ရပ်ကွက် ၁၃၉(B) လမ်း ၆၂ x ၆၃ လမ်းကြားတွင် လည်းကောင်း၊ မသီရိဒုံနှင့် မဝါဝါစိုးတို့ကို



ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်တွင်လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်


တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ကျောက်စိမ်းများနှင့် တရားမဝင် ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၅

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မတ် ၁၃ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ဘားအံစက်မှုဇုန် အနီး၌ ယာဉ် ၁၈ စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၃၅ မျိုး၊ လူသုံးကုန်ပစ္စည်း ၂၇ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၈၇၇၂၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီး၊ စက်မှုဇုန်ထုတ် Pyay Truck နှစ်စီး၊ Hino Truck တစ်စီး၊ Dong Feng Tractor Head လေးစီး၊ Man Tractor Head သုံးစီး၊ Nissan Diesel Tractor Head တစ်စီး၊ Volvo Tractor Head တစ်စီး၊ Dayun Tractor Head တစ်စီး၊ Isuzu Giga Tractor Head တစ်စီး၊ Chenglong Tractor Head တစ်စီး၊ Hyundai Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် ၁၃ တွဲ (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၂၀၅၀၀၀၀၀) (စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၁၆၈၉၇၅၂၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်



ကရင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုက်မရော ပူးပေါင်းစစ်ဆေးရေးဂိတ်အနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၆၈၈၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux တစ်စီး၊ Mitsibishi Fuso Truck တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) (စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၈၆၈၈၆၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရောဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်အောင်ခရိုင် အတွင်း၌ တရားမဝင်အခြားသစ်သည် ဒသမ ၉၁၉ တန် (ခန့်မှန်း တန်ဖိုးငွေ ၁၂၄၉၈၄ ကျပ်)ကို သစ်တောဥပဒေအရလည်းကောင်း၊ မြောင်းမြမြို့နယ်နှင့် လပွတ္တာမြို့နယ်တို့၌ လိုင်စင်မဲ့ဆိုင်ကယ် သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀)ကို ပို့ကုန်၊သွင်းကုန် ဥပဒေအရလည်းကောင်း(စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၂၀၂၄၉၈၄ ကျပ်)ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

မတ် ၁၄ ရက်တွင် မန္တလေးတိုင်း ဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံ စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ မူဆယ်မြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ကျောက်စိမ်းဟုယူဆရသော လက်ကောက်ကွင်းကြမ်း ဆိုဒ်စုံ ၈၀၄ ကီလိုဂရမ် (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၅၇၂၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Foton Truck တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) (စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၆၀၇၂၈၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်းအမြဲတမ်း စစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးနှင့် မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်းငါးမျိုး၊ စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၄၈၅၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Mitsubishi Fuso Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၀၀၀၀၀၀၀) (စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၁၃၄၈၂၀၀၀)ကို သိမ်းဆည်း ရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

မတ် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၅၁ မှု (ခန့်မှန်းတန်ဖိုး ငွေ ၁၉၇၄၂၈၃၀၀ ကျပ်) ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် သိသာစွာ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှရရှိသည့် အခွန်အခများ၊ တရားဝင်အလုပ်အကိုင် အခွင့်အလမ်းများနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ အပေါ် ထိခိုက်နစ်နာမှုများလည်း ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်သွယ်မှုများ လျော့နည်း ပပျောက်စေရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၆-၃-၂၀၂၅ တနင်္ဂနွေနေ့

MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ပင်လယ်သုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၀ ပညာသိုက်သို့...ညွှန်ပြဆိုက်ဆိုက်... စာကြည့်တိုက်
၀၉:၁၅ ကာတွန်းအစီအစဉ် 'လှပသောကြေးနီးစည်' (အပိုင်း-၅)
၀၉:၄၀ မြန်မာ့ရိုးရာသနပ်ခါး
၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
၁၀:၂၅ နှစ်(၀၀)ပြည့် တပ်မတော်နေ့ ကြိုဆို ဝုက်ပြအစီအစဉ် 'ပြည်ချစ်သားမွန်တေးသဝဏ်' ဝေးဂိတဇျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်
၁၁:၁၅ အသိပညာနှင့်အမှုန်တရား 'လိမ်လည်မှုဇာတ် ကင်းဝေးရေး'
၁၂:၁၅ This Week's Special Interest
၁၃:၁၀ MRTV National News
၁၄:၀၀ နှစ်(၀၀)ပြည့်တပ်မတော်နေ့ဝုက်ပြဂုဏ်ရှိုး ပြန်မာနွယ်ဝင်ရုပ်ရှင် 'သူရဲကောင်းလေးများ'
၁၆:၁၅ နှစ်(၀၀)ပြည့်တပ်မတော်နေ့ဝုက်ပြတေး
၁၆:၃၀ ၂၀၂၅ခုနှစ်၊ တက္ကသိုလ်လင့်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာသိကောင်းစရာများ(မြန်မာစာဘာသာရပ်)
၁၇:၁၀ Sports Diary
၁၇:၃၅ ထူးခြားစုံလင်အာရုပဓိဗိတ်အစီအစဉ်
၁၈:၃၀ နှစ်(၀၀)ပြည့်တပ်မတော်နေ့ဝုက်ပြတေး
၁၈:၄၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ(တရုတ်) 'ငယ်ငံ့ထာဝရီး' (အပိုင်း-၂၅)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း ပိုးလေဝသအခြေအနေ
၂၁:၀၀ ဘဝနှင့်အနုပညာ 'အလှထက်အတတ်ပညာကိုဦးစားပေးတဲ့ ရွှမ်ရွှင်ရွှေပလေး' (အကယ်ဒမီဝင်သန်းန (အပိုင်း-၄)
၂၂:၁၀ နှစ်(၀၀)ပြည့်တပ်မတော်နေ့ဝုက်ပြရုပ်ရှင် ဆေးကောင်စံရုပ်ရှင် 'ဝေလည်းမွေးကြွေလည်းမွေး'

mtv

07:01 Evergreen Classic: Dhamma Settkyar (Nan Sandi)
07:12 Reconservation Thatbyinnyu Temple
07:30 Malikha & Fairy Island
07:43 Myanmar Traditional Thatched Roofs: IN-LEAF
08:00 News
08:28 Faces Of ASEAN (Cambodia)
08:35 Listening Pleasure, Instrumental Music (Xylophone) Misty Fog in Early Summer
08:47 Popsicle Sticks Art Creator
09:01 The Entomologist
09:22 Today Myanmar
10:01 News

Me

၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အဂၤ(ကချင်)
၀၆:၄၀ မြန်မာသံစဉ်တေးများ
၀၇:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ(ထိုင်း) 'ချစ်သူ့အနားကချစ်လိမ်ဖြာ' (အပိုင်း-၁၁) (ဇာတ်သိမ်းပိုင်း)
၀၇:၃၅ စတီရီယိုတေးများ
၀၇:၅၀ ပွဲညရဲ့ဇာတ်ခုံ အပိုင်း(၄)
၀၉:၁၀ ချစ်ဝရာအရွယ်ကစားကြမယ် 'သန်လျင်မူလတန်းကြီးကျောင်းနှင့် အမှတ်(၅)မူလတန်းကြီးကျောင်း(တာမွေ))
၀၉:၃၅ မြန်မာ့ရုပ်ရှင်(ဆေးကောင်စုံ) 'ချိန်း'

MRTV NRC

ကချင် (၀၆:၀၀ မှ ၀၈:၀၀)
ခါကြက်ဥပုတင်းလုပ်စားကြမယ်
ကယား (၀၈:၀၀ မှ ၁၀:၀၀)
ပိုးသားတိမ်ထူအောက်ကလွိုင်နန်းဗတောင်အလှ
ဝဂကကရင် (၁၀:၀၀ မှ ၁၁:၀၀)
သင်ယူလေ့လာတို့ရဲစာ(အပိုင်း-၈)
အနောက်ပိုင်းကရင် (၁၁:၀၀ မှ ၁၂:၀၀)
ဒေသတစ်လွှား စီတိုဝင်စားဖွယ်ရာများ(အပိုင်း-၁၉)
အရှေ့ပိုင်းကရင် (၁၂:၀၀ မှ ၁၃:၀၀)
မွန်မြတ်သဒ္ဒါကျောက်တလပ်စတုဒီသာ
ချင်း (ဇိုဇိုဖိုး) (၁၃:၀၀ မှ ၁၄:၀၀)
ဇီးပြုသီးနှင့်ကျန်းမာရေး

MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၃၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၃:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
၁၆:၀၀ သတင်းမုန်ကဏ္ဍ(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၁:၄၅ ဂုစမ်းရှာပွေ့ရှာဟောင်းအပွေ့

MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ထိုင်းနိုင်ငံ'
၀၉:၃၀ ဥပဒေရေးရာအကြောင်းဇာတ်လမ်းတို 'ကံဝမ်းပဲ'
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'စီယက်နမ်နိုင်ငံ'
၁၀:၃၀ နိုင်ငံတကာလူးကောက်ပွဲများအကြောင်း 'ဂျာမနီနိုင်ငံ'
၁၁:၀၀ ဂျူသိုဂျီမည်ပန်းတိုင်ဆီ (အပိုင်း-၇၆)

MRTV FARMERS' HD

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၅ ဝါသီးနံ့အထွက်တိုးစေဖို့သမဝါယမစနစ်ဖြင့် ပုံပိုးကူညီဖို့
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၀:၂၀ Family Farmers - the Future of Asia and the Pacific
၁၃:၂၀ 200 Futuristic Agriculture Machines That are Next Level
၂၀:၃၀ ရေမသေးဘကျော်ဘမော်(ဇာတ်လမ်း)
၂၂:၀၀ Departure (နိုင်ငံခြားဇာတ်လမ်း)

MRTV SPORTS HD

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Weekly Sports Info
၀၇:၄၅ Weekend News
၁၇:၀၀ အားကစားသတင်း
၁၈:၀၀ Pele Birth Of A Legend 2016

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio
Education Channel ကို ရေနွေဦးမှတ် (၉၁၀၀)မှစ၍ တစ်ကြိမ်လျှင် (၄)မှတ်၊ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ဝင်ရောက်လာသည့်ပြည်ပနိုင်ငံသား ၁၆၁ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် မတ် ၁၅

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မယ်ထော်သလေးနှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းလျက်ရှိရာ ယနေ့တွင် တရုတ်နိုင်ငံသား ၁၅၈ ဦးနှင့် အင်ဒိုနီးရှားနိုင်ငံသား သုံး ဦး ထပ်မံထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးလိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးမည့် ပြည်ပနိုင်ငံသားများအား ကောင်းမွန်စွာထိန်းသိမ်းထားရှိမှုနှင့် ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၁၆၁ ဦးတို့၏ ကိုယ်ရေးအချက်အလက်များ၊ မှတ်တမ်းများစာရင်းကောက်ယူနေမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ စာရင်းဇယားအချက်အလက်များ မှန်ကန်ပြည့်စုံစေရေး၊ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များနှောင့်နှေးကြန့်ကြာမှုမရှိစေရေးနှင့် အမြန်ဆုံးစနစ်တကျ ပြန်လည်လွှဲပြောင်းနိုင်ရေးကိစ္စရပ်များ အပေါ်လိုအပ်သည်များကို လမ်းညွှန်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် စာရင်းကောက်ယူခြင်းများ ဆောင်ရွက်စဉ်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၆၄၃၆ ဦးစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၃၅၈၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၈၄၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက် ပြတ်ပြတ်သားသားတိုက်ဖျက်နှိမ်နင်းပြီး စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၁၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘ ပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မတ် ၁၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “kaungmyat” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အထက်စံပြကျေးရွာနေ မြတ်မင်းထွန်းအား ညနေ ၅ နာရီ ၅ မိနစ်တွင် လည်းကောင်း၊ “@usoetint47” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် မင်းရပ်ကွက်နေ စိုးတင့်(ခ) ဇော်ထွန်းအား ည ၇ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ကျောက်ဆည်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ပဲတီစိမ်း ၁၃၅၅၈ ကော စိုက်ပျိုးခဲ့ပြီး ၁၆၅၄၇ တင်းထွက်ရှိ

ကျောက်ဆည် မတ် ၁၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် နွေ၊ မိုး၊ ဆောင်းရာသီအလိုက် ပဲတီစိမ်းသီးနှံ ၁၃၅၅၈ ကော စိုက်ပျိုးနိုင်ခဲ့ပြီး အထွက်နှုန်းအနေဖြင့် ၁၆၅၄၇ တင်း ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် မိုးကြို/နွေရာသီ၌ ပဲတီစိမ်း ၅၇၆၁ ကော စိုက်ပျိုးနိုင်ခဲ့ပြီး ရိတ်သိမ်းချိန်တွင် တစ်ဧကပျမ်းမျှ ၁၅ ဒသမ ၈၀ တင်းထွက်ရှိပြီး စုစုပေါင်း ၉၁၀၂၄ တင်းထွက်ရှိကြောင်း၊ မိုးရာသီ၌ ပဲတီစိမ်း ၅၃၁၇ ကေစိုက်ပျိုးနိုင်ခဲ့ပြီး ရိတ်သိမ်းချိန်တွင်တစ်ဧကပျမ်းမျှ ၁၅ ဒသမ ၈၄ တင်းထွက်ရှိပြီး စုစုပေါင်းတင်း ၅၉၅၉၀ ထွက်ရှိကြောင်း၊ ဆောင်းရာသီ၌ ဧက ၂၄၈၀ စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကပျမ်းမျှ ၁၆ ဒသမ ၃၅ တင်းထွက်ရှိပြီး စုစုပေါင်း ၁၄၆၃၃ တင်းထွက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်၌ ပဲတီစိမ်းသီးနှံများ စိုက်ပျိုးရာတွင်ဒေသရာသီဥတုနှင့်ကိုက်ညီပြီး အပင်ကောင်းစွာဖြစ်ထွန်း၍ရောဂါပိုးမွှားဒဏ်ခံနိုင်သည့် စွေးကွက်ဝင်အထွက်ကောင်းသော ရေဆင်း-၁၊ ရေဆင်း-၉၊ ရေဆင်း-၁၁၊ ရေဆင်း-၁၄ မျိုးများရွေးချယ်ကာ မိုးကြို/နွေရာသီတွင် (ဖေဖော်ဝါရီလလယ်မှမတ်လလယ်အထိ)၊ မိုးရာသီတွင် (မေလလယ်မှဩဂုတ်လလယ်အထိ)၊ မိုးနှောင်းရာသီတွင် (နိုဝင်ဘာလ)၌ စိုက်ပျိုးကြကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၃-၂၀၂၅

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	ဖောလမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၀၈၀	၃၁၉၅	၃၁၆၀	၃၀၉၅	၃၂၀၀	၃၂၁၅	၃၂၃၅	၃၁၅၀	၄၅၀၅	၃၄၄၅	၃၁၇၀	၃၁၇၀	၃၂၄၀	၃၂၀၅	၃၂၂၅	၃၄၀၅
95 Ron	၃၁၃၅	၃၂၅၀	၃၂၁၅	၃၁၅၀	၃၂၅၅	၃၂၇၀	၃၂၈၅	၃၂၀၅	၄၅၆၀	၃၅၀၀	၃၂၂၀	၃၂၂၅	၃၂၉၅	၃၂၆၀	၃၂၈၀	၃၅၃၅
HSD (500 ppm)	၂၆၅၅	၂၇၇၀	၂၇၃၅	၂၆၇၀	၂၇၇၅	၂၇၉၀	၂၈၁၀	၂၇၂၅	-	၃၀၂၀	၂၇၄၅	၂၇၄၅	၂၈၁၅	၂၇၈၀	၂၈၀၅	၃၀၆၀
HSD (50 ppm)	၃၂၈၅	၃၄၀၀	၃၃၆၅	၃၃၀၀	၃၄၀၅	၃၄၂၀	၃၄၄၀	၃၃၅၅	၄၈၃၀	၃၆၅၀	၃၃၇၅	၃၃၇၅	၃၄၄၅	၃၄၁၀	၃၄၃၅	၃၆၉၀
HSD (10 ppm)	၃၂၈၅	၃၄၀၀	၃၃၆၅	၃၃၀၀	၃၄၀၅	၃၄၂၀	၃၄၄၀	၃၃၅၅	-	၃၆၅၀	၃၃၇၅	၃၃၇၅	၃၄၄၅	၃၄၁၀	၃၄၃၅	၃၆၉၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၉၁၉	၃၀၀၁
95 Ron	၂၉၆၁	၃၀၅၃
HSD (500 ppm)	၂၄၉၇	၂၅၇၇
HSD (50 ppm)	၃၁၀၀	၃၂၀၀
HSD (10 ppm)	၃၁၀၀	၃၂၀၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကလေးမြို့၌ အခြေခံစာကြည့်တိုက်ပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

မုံရွာ မတ် ၁၅



စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကဖွင့်လှစ်သည့် အခြေခံစာကြည့်တိုက်ပညာသင်တန်း(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကလေးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိလူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ရန်အတွက် ဒေသဆိုင်ရာအာဏာပိုင်များ၏ အား၊ စာကြည့်တိုက်ကော်မတီဝင်များ၏ အား၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အားနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏အား ဆိုသည့်အား လေးအားကလည်း အဓိကကျသကဲ့သို့ ဗဟုသုတများစွာပေးစွမ်းနိုင်သည့် စာကြည့်တိုက်များ စနစ်တကျ လည်ပတ်ရန်အတွက် စာကြည့်တိုက်မှူးများသည် အရေးပါလှကြောင်း၊ တာဝန်ရှိသူများအနေဖြင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာအောင် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးညွှန့်ဝင်းအောင်က ရပ်ကွက်/ကျေးရွာစာကြည့်တိုက်များအတွက် သုတ၊ ရသစာအုပ် ၁၀၀ နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ချိုက အခြေခံစာကြည့်တိုက်ပညာသင်တန်းအတွက် ငွေကျပ် ၃၇၅၀၀၀ အား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူးထံ ပေးအပ်ချီးမြှင့်ကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက အခြေခံစာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါရုံးရှိ ကွန်ပျူတာသင်တန်းခန်းမနှင့် စာကြည့်တိုက် ကလေးစာဖတ်ခန်းအတွင်း ဒေသခံပြည်သူများနှင့် ကလေးသူငယ်များ စာပေဖတ်ရှုလေ့လာနေမှုများနှင့် ပြတိုက်ငယ်တို့အား လိုက်လံကြည့်ရှုခဲ့ကြပြီး တာဝန်ရှိသူများနှင့် ကလေးငယ်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

တာချီလိတ်မြို့၌ ရွှေဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ(အခြေခံ) သင်တန်းဆင်းလက်မှတ်ပေးအပ်

တာချီလိတ် မတ် ၁၅



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ရွှေဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ (အခြေခံ)သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဝိန်းကျောက် ရပ်ကွက်ရှိ မူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်ရီရီခိုင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန္ဒာထွန်းနှင့် တာဝန်ရှိသူများက သင်တန်းသားသင်တန်းသူများအား ECCD အခြေခံသင်တန်းဆင်း လက်မှတ်များ ချီးမြှင့်ပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် သင်တန်းသားသင်တန်းသူများက ကလေးများဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရန် သင်ကြားမည့်နည်းစနစ် လေးရပ်ဖြစ်သော သီချင်း၊ ကဗျာ၊ ပုံပြင်၊ ပြဇာတ်များဖြင့် သရုပ်ပြဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါသင်တန်းသို့ ကလေးသူငယ်များ ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြီး သင်တန်းနည်းပြများက သင်တန်းသား သင်တန်းသူ ၅၁ ဦးကို ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၁၅ ရက်အထိ စာတွေ့၊ လက်တွေ့ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

ကျော်ဇေယျာလင်း (တာချီလိတ်)

မြင်းခြံခရိုင်၌ နွေရာသီ အခြေခံပန်းချီရေးဆွဲနည်းသင်တန်း ဖွင့်လှစ်

မြင်းခြံ မတ် ၁၅



မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ ကျောင်းသားလူငယ်များအနေဖြင့် ပန်းချီရေးဆွဲရာတွင် အထောက်အကူပြုစေရန်ရည်ရွယ်၍ နွေရာသီအခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက် ၉ နာရီမှစတင်ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ဦးစွာ မြင်းခြံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးနွဲ့က ကျောင်းသားလူငယ်များမိမိကိုယ်ကိုယုံကြည်မှုရှိစေရန်၊ စိတ်ကူးစိတ်သန်းကောင်းများပေါ်ထွက်လာစေရန်၊ ပန်းချီရေးဆွဲခြင်းဖြင့် နှလုံးသားများနူးညံ့လာစေရန်စသည့်ရည်ရွယ်ချက်များနှင့် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းဆရာ ပန်းချီချစ်သော်က ပန်းချီအခြေခံနှင့် လူပုံရေးဆွဲနည်း၊ ရှုခင်းပုံရေးဆွဲနည်း၊ သရုပ်ဖော်ဒီဇိုင်းနှင့် လက်ရေး၊ အခြေခံမျဉ်းရေးဆွဲနည်း စသည့် ပန်းချီပညာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကို အခြေခံပညာကျောင်းများမှ ကျောင်းသားလူငယ် ၃၅ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး မတ် ၁၅ ရက်မှ ၂၃ ရက်အထိ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်များတွင် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်စွာ(မြင်းခြံ)

ကော့မှူးမြို့၌ အခြေခံပန်းချီသင်တန်း ဖွင့်လှစ်



ကော့မှူး မတ် ၁၅

နွေရာသီကျောင်းပိတ်ရက်များအတွင်း ကျောင်းသား ကျောင်းသူများ ဦးနှောက်ဉာဏ်ရည်ဖွံ့ဖြိုးစေရန်၊ အနုပညာအရည်အသွေးများ မြင့်မားတိုးတက်စေရန်ရည်ရွယ်၍အခြေခံပန်းချီသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်က ပန်းချီပညာကိုအခြေခံမှစ၍ အလွယ်တကူ ရေးဆွဲတတ်စေရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်းနှင့် အခြေခံအဂ်လိပ်စာသင်တန်းကိုလည်း ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပန်းချီပညာရှင် ဦးမောင်မောင်ချမ်းမြက သင်တန်းကာလတိုတောင်းသော်လည်း အတိုင်းအတာတစ်ခုအထိ တတ်မြောက်အောင်သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူ ၃၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို ခုနစ်ရက်ကြာ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်သူရ(ပြန်/ဆက်)

ဟိုပုံးမြို့နယ်၌ နွေရာသီရှမ်းစာပေရေးသားနည်းသင်တန်း ဆက်လက်ဖွင့်လှစ်သင်ကြားလျက်ရှိ

ဟိုပုံး မတ် ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ရှမ်းတိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှုအသင်းက ရှမ်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုနှင့် ရိုးရာစာပေမပျောက်ပျက်စေရန် ထိန်းသိမ်းရန်ရည်ရွယ်၍ နွေရာသီရှမ်းစာပေရေးသားနည်းသင်တန်းကို အမှတ် (၁) အခြေခံပညာမူလတန်းကျောင်း၌ ဆက်လက်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

အဆိုပါ နွေရာသီရှမ်းစာပေရေးသားနည်းသင်တန်းကို မတ် ၁ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းတွင် သင်တန်းနည်းပြ သံဃာတော်နှစ်ပါးက သင်ကြားပေးလျက်ရှိရာ သင်တန်းသား သင်တန်းသူ ၃၅ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။

ပေးအပ်ချီးမြှင့်

ဟိုပုံးမြို့နယ် ရှမ်းတိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှုအသင်းအနေဖြင့် သင်တန်းသား သင်တန်းသူများအား သင်ထောက်ကူပစ္စည်းအနေဖြင့် သင်ရိုးစာအုပ်တစ်အုပ်၊ ကဗျာစာအုပ်ငါးအုပ်၊ သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယ ထူးချွန်ဆုရရှိသူများအား ထူးချွန်ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်မည့်အပြင် သင်တန်းသား သင်တန်းသူ အားလုံးကို



သင်တန်းဆင်းလက်မှတ်နှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း ရှမ်းတိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဒေါ်နန်းအဲလစ်ထံက သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် နွေရာသီအခြေခံအားကစားသင်တန်းများဖွင့်လှစ်မှု ကြည့်ရှုအားပေး

ပုသိမ် မတ် ၁၅

ဧရာဝတီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီက ဦးစီးး၍ မတ် ၃ ရက်မှ ဧပြီ ၃ ရက်အထိ ဘောလုံး၊ ပြေးခုန်ပစ်၊ ရေကူး၊ ကြက်တောင်၊ မြန်မာ့သိုင်း၊ လက်ဝှေ့၊ အေရိုးဗစ်၊ ဂူရှူး၊ စားပွဲတင်တင်းနစ်၊ ကရာတေး၊ တိုက်ကွမ်ဒို၊ ဘော်လီဘော၊ ရိုးရာခြင်း၊ ခရစ်ကက်၊ ဟော်ကီ၊ စက်ဘီး၊ စစ်တုရင်၊ ဖူဆယ်၊ တင်းနစ်၊ ပိုက်ကျော်ခြင်း စသည့်အားကစားနည်း ၂၀ အား ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက နွေရာသီအခြေခံအားကစားသင်တန်းများတွင် ကျောင်းသား ကျောင်းသူများ တက်ရောက်လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များသည် ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းတွင် ဖွင့်လှစ်လျက်ရှိသော ပြေးခုန်ပစ်သင်တန်း၊ စားပွဲတင်တင်းနစ်သင်တန်းများတွင် ကျောင်းသား လူငယ်များအား လေ့ကျင့်သင်ကြားပေးနေမှုများ၊ ပုသိမ်မြို့ အဆင့်မြင့်ရေကူးကန်တွင် ရေကူးသင်တန်းသားများ လေ့ကျင့်သင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းသား လူငယ်များ နွေရာသီအားလပ်ချိန်တွင် အားကစား လေ့ကျင့်ခန်းများ လေ့ကျင့်ကစားခြင်းဖြင့် ကျန်းမာကြံ့ခိုင်သောလူငယ်များ ဖြစ်လာစေရန် လေ့ကျင့်ကြရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးတွင် အားကစားသိပ္ပံကျောင်းကို တည်ဆောက်လျက်ရှိရာ အားကစားဝါသနာပါပြီး ထူးချွန်လိုသူ ကျောင်းသား ကျောင်းသူများအနေဖြင့် တက်ရောက်သင်ကြားနိုင်မည်ဖြစ်ကြောင်း၊ အားကစားနည်းများစွာရှိသည့်အနက် မိမိဝါသနာပါသည့် အားကစားနည်းများကို စနစ်တကျ



လေ့ကျင့်သင်ကြားကြစေလိုကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိသူငယ်ချင်းများကို လည်း အားကစားနည်းများတွင် ပါဝင်သင်ကြားလာစေရေး စည်းရုံးဖိတ်ခေါ်ရန် မှာကြားပြီး သင်တန်းသား ကျောင်းသား ကျောင်းသူများအတွက် အားကစားပစ္စည်းများနှင့် အာဟာရဖြည့်စွက်စာများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ပျဉ်းမနားမြို့နယ်၌ လူငယ်စာဖတ်ဝိုင်းကျင်းပ



ပျဉ်းမနား မတ် ၁၅

လူငယ်စာဖတ်ဝိုင်းကို စာရေးဆရာ ဗညားကျန်းထော ရေးသားထားသည့် “လူအများနှင့်အဆင်ပြေအောင်ဆက်ဆံနည်း” ဆောင်းပါးဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြဗဟိုဌာနရှိ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

စာဖတ်ပိုင်းတွင် ကျောင်းသား ကျောင်းသူ လူငယ် ၁၃ ဦးတို့က ဆောင်းပါးပါ အကြောင်းအရာများကို ဆွေးနွေးကြရာ စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)နှင့် စာရေးဆရာ စာရေးဆရာမများက လူငယ်များ၏ ဆွေးနွေးမှုများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးကြပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်သင်းသင်းဇင်က နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

မျိုးသီဟ(ပြန်/ဆက်)

ကန့်ဘလူမြို့၌ အခြေခံပန်းချီပြိုင်ပွဲနှင့် အခြေခံပန်းချီသင်တန်းဆင်းပွဲ ကျင်းပ

ကန့်ဘလူ မတ် ၁၅

ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြဗဟိုဌာန၌ အခြေခံပန်းချီပြိုင်ပွဲနှင့် အခြေခံပန်းချီသင်တန်း(မူဆင့်) ဆင်းပွဲကို မတ် ၁၄ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

အဆိုပါ သင်တန်းတွင် တက်ရောက်နေသော သင်တန်းသားများအား အခြေခံပန်းချီပြိုင်ပွဲ



ကျင်းပရာ ကျောင်းသား ကျောင်းသူ ၅၀ တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းတွင် ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား ဆုများ ချီးမြှင့် ပေးအပ်ကာ သင်တန်းနည်းပြဆရာ ပန်းချီ ဦးစိုးမြင့်ဝေအား ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်သည်။ အခြေခံပန်းချီသင်တန်းကို မတ် ၅ ရက်မှ ၁၄ ရက်ထိ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

မြောက်ဥက္ကလာပမြို့နယ်၌ နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်



ရန်ကုန် မတ် ၁၅

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်းတွင် နွေရာသီအားကစားသင်တန်းများကို ယနေ့ နံနက် ၉ နာရီက အဆိုပါကျောင်းခန်းမ၌ ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

တက်ရောက်သင်ယူ

နွေရာသီ အခြေခံအားကစားသင်တန်းတွင် အေရိုးဗစ်သင်တန်းကို သင်တန်းသား သင်တန်းသူ ၅၃ ဦးက မတ် ၁၅ ရက်မှ ၂၈ ရက်အထိ လည်းကောင်း၊ မြန်မာ့သိုင်းသင်တန်းကို သင်တန်းသား သင်တန်းသူ ၄၅ ဦးနှင့် အလေးမသင်တန်းကို သင်တန်းသား သင်တန်းသူ ၃၅ ဦးတို့က မတ် ၁၅ ရက်မှ ဧပြီ ၁၀ ရက်အထိ လည်းကောင်း တက်ရောက်သင်ယူကြမည်ဖြစ်ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

ပခုက္ကူမြို့၌ နွေရာသီကွန်ပျူတာသင်တန်း ဖွင့်လှစ်သင်ကြား

ပခုက္ကူ မတ် ၁၅

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ဆုကြီးပန်သီလရှင်သင် ပညာရေးအလယ်တန်းကျောင်း၌ မတ် ၁၁ ရက်မှစတင်ပြီး အသက်မွေးဝမ်းကျောင်း အထောက်အကူပြု နွေရာသီ ကွန်ပျူတာသင်တန်း ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။



သင်တန်းကို အခြေခံနှင့် အဆင့်မြင့် နှစ်မျိုးခွဲ၍ သင်ကြားပေးလျက်ရှိရာ အခြေခံသင်တန်းတွင် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း၊ မြန်မာစာနှင့် အင်္ဂလိပ်စာ လက်ကွက်များ လေ့ကျင့်နည်း၊ Microsoft Word၊ Excel၊ Power Point များနှင့် Adobe Page Maker အသုံးပြု၍ ရုံးစာရေးသားနည်း၊ ဖိတ်စာနှင့်ယပ်တောင်များ ဖန်တီးရေးသားနည်း၊ စာရင်းဇယားပြုလုပ်နည်းများနှင့် အဆင့်မြင့်သင်တန်းတွင် ဓာတ်ပုံပြုပြင်နည်း၊ စာရင်းကိုင်၊ စာရင်းအင်းတွက်ချက်နည်း၊ လုပ်ငန်းတစ်ခု၏ အရှုံးအမြတ် တွက်ချက်နည်း၊ အဆောက်အအုံဒီဇိုင်းအမျိုးမျိုး ရေးဆွဲနည်း၊ (Software & Hardware) ကွန်ပျူတာ ပြုပြင်နည်းစသည့်ဘာသာရပ်များ ပါဝင်ကာ သင်တန်းသား သင်တန်းသူ ၆၄ ဦးကို မတ် ၁၁ ရက်မှ ဧပြီ ၁၁ ရက်အထိ တစ်လကြာ စာတွေ့ လက်တွေ့ စနစ်တကျသင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

ရွှေတောင်မြို့နယ်၌ နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲ ကျင်းပ

ရွှေတောင် မတ် ၁၅

ပြည်ခရိုင် ရွှေတောင်မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနက ဖွင့်လှစ်သည့် ၂၀၂၅ ခုနှစ် နွေရာသီ အခြေခံအားကစားသင်တန်းဆင်းပွဲကို ယမန်နေ့ နံနက်ပိုင်းက ရွှေတောင်မြို့နယ်အားကစာရုံ၌ ကျင်းပသည်။

အမှာစကားပြောကြား

သင်တန်းဆင်းပွဲတွင် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်က သင်တန်းဆင်း အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ သင်တန်းသား သင်တန်းသူများက မြန်မာ့သိုင်း၊ ဂူရှူး (နန်းချမ်)၊ ဂျူဒိုနှင့် အေရိုးဗစ် အားကစားနည်းတို့ကို အားကစားနည်းများ အလိုက် သရုပ်ပြသခဲ့ကြပြီး သင်တန်းနည်းပြများအား သင်တန်းဆင်းဂုဏ်ပြုလက်မှတ်နှင့် သင်တန်းသား သင်တန်းသူများအား တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုကိုမင်း(ပြန်/ဆက်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် မြို့သန့်ရှင်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

လွိုင်ကော် မတ် ၁၅

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ လွိုင်ကော်မြို့ပေါ် ရပ်ကွက်များအတွင်း သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု၊ ဌာနဆိုင်ရာရုံးများနှင့် ဝန်ထမ်းအိမ်ရာများပြုပြင်ဆောင်ရွက်မှုနှင့် မြို့ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ပေါ် ပြည်သူများ ပြန်လည်ဝင်ရောက်အခြေချနေထိုင်လျက်ရှိသည့် နောင်ယား(က)နှင့် နောင်ယား(ခ) ရပ်ကွက်များအတွင်း မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးနှင့် မီးဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် နောင်ယား(ခ)ရပ်ကွက်ရှိ ပြည်နယ်သစ်တောဦးစီးဌာနရုံး လေးခန်းတွဲနှစ်ထပ် ဝန်ထမ်းအိမ်ရာနှင့် ပြည်နယ်ရုံးဧည့်ရိပ်သာ ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အဆိုပါ ဝင်းအတွင်းရှိ ကန္ဒရဝတီသစ်တောပျိုးဥယျာဉ်၌ ယခုလာမည့် မိုးရာသီကာလတွင် စိုက်ပျိုးနိုင်ရန် ပြုစုပျိုးထောင်ထားသည့် ကျွန်း၊ မန်ကျန်ရှား၊ ဝါး၊ မဟော်ဂနီ၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ ခရေစသည့် ပျိုးပင် ၅၀၀၀၀ စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ယမန်နှစ်က ပျိုးထောင်ခဲ့သည့် ဝါးပျိုးပင်များ ပျက်စီးမှုမရှိစေရေး ပျိုးအိတ်အကြီးဖြင့် အသစ်လဲလှယ်ပေးရန်နှင့် ယခုနှစ် မိုးရာသီကာလတွင် စိုက်ပျိုးနိုင်သည့်နေရာအနှံ့ စိုက်ပျိုးနိုင်ရေး လိုအပ်သည်များ ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားရှိရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်မိုးလေဝသနှင့်ဧလေဗေဒညွှန်ကြားမှုဦးစီးဌာနရုံးသို့ရောက်ရှိကာ ပြည်နယ်ဦးစီးမှူးရုံးနှင့် နှစ်ခန်းတွဲတစ်ထပ် ဝန်ထမ်းအိမ်ရာပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေများ၊ မိုးလေဝသတိုင်းထွာရေးစခန်းရုံး ထိခိုက်ပျက်စီးခဲ့မှုများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းထွာရေးစက်များအား သက်ဆိုင်ရာအင်ဂျင်နီယာများဖြင့် ပြန်လည်ပြုပြင်၍ အသုံးပြုနိုင်ရန် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ယင်းနောက် လွိုင်ကော်မြို့ပေါ် ရပ်ကွက်များသို့ အဓိကရေဖြန့်ဝေပေးလျက်ရှိသည့် မိုင်းလုံးရပ်ကွက်ရှိ စည်ပင်သာယာရေးအဖွဲ့ အမှတ် (၁) ရေစက်ရုံသို့ရောက်ရှိကာ စက်ရုံအတွင်းရေမော်တာများ၊ မီးလိုင်းများ၊ ရေပိုက်လိုင်းများ တပ်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

သုတ(ပြန်/ဆက်)



မွန်ပြည်နယ်ဝန်ကြီးချုပ် မြို့သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး

မော်လမြိုင် မတ် ၁၅

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မော်လမြိုင်တောင်ပိုင်း တစ်လျှောက်နှင့် မော်လမြိုင်လေဆိပ် အနီးပတ်ဝန်းကျင်တွင် သစ်ပင်ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များကောက်ယူရှင်းလင်းခြင်း၊ သစ်ပင်သစ်ကိုင်းများရှင်းလင်းခြင်းများကို ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ရပ်ကွက်နေပြည်သူများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုအပေါ် ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မြို့သန့်ရှင်းသာယာလှပရေးနှင့် အများပြည်သူများ စိတ်အေးချမ်းမြေမှုရှိစေရေး ဆောင်ရွက်ပေးကြရန်နှင့် စည်းကမ်းမဲ့အမှိုက်များစွန့်ပစ်မှုမရှိစေရေး အထူးကြပ်မတ်ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့သည်။

မွန်ပြည်နယ်အတွင်း မြို့နယ်များတွင် မြို့သန့်ရှင်းသာယာလှပမှုရှိစေရေး၊ စွန့်ပစ်အမှိုက်များကင်းရှင်းစေရေး စုပေါင်းသန့်ရှင်းရေးကို ရပ်ကွက်နေပြည်သူများကလည်း ပူးပေါင်းပါဝင်၍ အပတ်စဉ်ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် မတ် ၁၅

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေး အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်း သာယာလှပရေး လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူ့ဆေးရုံများ၌လည်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အဖျောက်မြို့နယ်အပါအဝင် မြို့နယ် ၁၄ မြို့နယ်ရှိ စာသင်ကျောင်းများ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက စာသင်ကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၇)ရပ်ကွက်ရှိ ပြည်သူ့ဆေးရုံကြီး၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များကဆေးရုံဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။



ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ပွင့်ဖြူမြို့နယ် မုန်းဇလဲကျေးရွာရှိ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်

မကွေး မတ် ၁၅

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပွင့်ဖြူမြို့နယ် မုန်းဇလဲကျေးရွာရှိ မီးဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံ၍ အားပေးစကားများ ပြောကြားပြီး ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်သည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုန်းဇလဲကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအတွင်း မီးလောင်ပျက်စီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မုန်းဇလဲကျေးရွာ ဘုန်းတော်ကြီးကျောင်းသုံးကျောင်း၌ ဖွင့်လှစ်ထားရှိသော ယာယီမီးဘေးရှောင်စခန်းတွင် မီးဘေးသင့်ပြည်သူ ၁၄၄၅ ဦးအား တွေ့ဆုံ၍ အားပေးစကားများ ပြောကြားကာ မီးဘေးသင့်ပြည်သူများ၏ တင်ပြချက်များအပေါ် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ဝင်းဝင်းမြင့်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်း၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဆန်းတို့က မုန်းဇလဲကျေးရွာရှိ မီးဘေးသင့်အိမ်ထောင်စု ၃၇၂ စု၊ လူဦးရေ ၁၄၄၅ ဦးအတွက် နေထိုင်စားသောက်ရေး အဆင်ပြေစေရန် ထောက်ပံ့ငွေ၊ ဆန်၊ ဆီ၊ ကုလားပဲ၊ အဝတ်အထည် ကယ်ဆယ်ရေးပစ္စည်းများနှင့် သောက်ရေသန့်ဘူးများကို မီးဘေးသင့်ပြည်သူများထံ ထောက်ပံ့ပေးအပ်သည်။

ပွင့်ဖြူမြို့နယ် မုန်းဇလဲကျေးရွာ၌ မတ် ၁၂ ရက်က ပေါ့ဆမှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ပြီး ကျေးရွာရှိ အိမ်ခြေ ၄၅၀၊ အိမ်ထောင်စု ၄၇၀ ရှိသည့် အနက် အိမ်ခြေ ၃၆၀ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၃၇၂ စု၊ လူဦးရေ ၁၄၄၅ ဦး မီးဘေးဒဏ်သင့်ခဲ့ကာ ဌာနဆိုင်ရာတာဝန်ရှိသူများက မီးဘေးသင့်ပြည်သူများ အဆင်ပြေစွာနေထိုင်နိုင်ရေးအတွက် ဘုန်းတော်ကြီးကျောင်း သုံးကျောင်း၌ ယာယီမီးဘေးရှောင်စခန်းဖွင့်လှစ်ထားရှိပြီး လိုအပ်သည့် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မောင်ညီညာ

မရမ်းကုန်းမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

ရန်ကုန် မတ် ၁၅

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ကမ္ဘာအေးဘုရားကုန်းမြေအတွင်း မြို့နယ်လျှပ်စစ်ဌာနနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်းကာ တာဝန်ရှိသူများ၊ ဈေးသူ ဈေးသားများနှင့်အတူ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀ နာရီတွင် မီးငြိမ်းသတ်သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ကြသည်။



ဦးစွာ မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ဦးဇာနည်ထက်က မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ကြိုတင်ကာကွယ်ရမည့်အချက်များ၊ မီးသတ်ဆေးဘူး၏အချက်အလက်များနှင့် မီးငြိမ်းသတ်ရာတွင် အသုံးပြုပုံအဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားပြီး မြို့နယ်လျှပ်စစ်ဌာနမှ မြို့နယ်တာဝန်ခံ ဦးသီဟထွန်းက လျှပ်စစ်ဝိုင်ယာကြိုးမှ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များအကြောင်းကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ဈေးသူဈေးသားများကိုယ်တိုင် မီးငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်ဆေးဘူး၊ ဂက်စ်အိုးဖြင့် လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ပေးခဲ့ရာ ကမ္ဘာအေးဘုရားဝင်းအတွင်းရှိ ဈေးဆိုင်ခန်းများမှ ဈေးသူ ဈေးသားများက မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးလက်တွေ့သရုပ်ပြခြင်း၌ ပူးပေါင်းပါဝင်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင် နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွယ်ယမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူသယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

ဝတ္ထုတို

မောင်ချမ်းမြေ့ (ပညာရေး)

(၁)

" အောက်..အီး..အီး...အွတ်"

ကြက်တွန်သံကြား၍ ကိုလူအေး နိုးလာခဲ့သည်။ အိပ်ရာဘေးတွင် ချထားသော လက်ပတ်နာရီကိုယူ၍ ကြည့်လိုက်တော့ နံနက်ငါးနာရီထိုးနေလေပြီ။ ငါးနာရီဆိုသော အချိန်သည် စောသေးသည်ဟု သိသော်လည်း ကိုလူအေးအတွက် မစောတော့ပါ။ အိပ်ရာမှထကာ မျက်နှာသစ်ပြီး ယခင်နေ့ မှကျန်ထားသော ထမင်းကို ဆားဖြူး၍ စားပြီးနောက် အလုပ်သွားရန် ပြင်ဆင်လေသည်။ ဇနီးသည် မကြင်သည်လည်း အိပ်ရာမှထ၍ ကိုယ်လက်သန့်စင်ပြီး နောက် ထမင်း၊ ဟင်းချက်ရန် ပြင်ဆင်နေလေသည်။

"ကိုအေး... နေ့လယ် ထမင်းစား ပြန်ခဲ့မှာလား"

"မပြန်ခဲ့တော့ဘူး မကြင်။ ဒီနေ့ အစ်ကိုတို့အလုပ်သမားခေါင်းက သူ့မွေးနေ့ မို့ နံနက်စာကို သူကျွေးမယ်လို့ပြောတယ်"

" ဩော်.... အင်း။ ညနေ အိမ်ပြန်ခဲ့ရင်တော့ ဆန်တစ်ပြည်လောက် ဝယ်ခဲ့ဦး။ တစ်နေ့က ဝယ်ထားတဲ့ဆန်က ဒီနေ့ တစ်ရက်စာပဲ လောက်တော့မှာ"

"အေး...အေး မကြင်။ အစ်ကိုအိမ်ပြန်ခဲ့တဲ့အခါ ဝယ်ခဲ့မယ်။ သမီးကိုလည်း စောစောနှိုးလိုက်ဦး။ ကျောင်းနောက်ကျနေဦးမယ်"

" အင်းပါ...ကိုအေးရဲ့"

ဇနီးသည် မကြင်နဲ့ စကားပြောဆိုပြီး ကိုလူအေးတစ်ယောက် တိုင်တွင်ချိတ်ထားသော လွယ်အိတ်ကိုယူ၍ အလုပ်ဆီသို့ လမ်းလျှောက်ထွက်ခဲ့သည်။ကိုလူအေးသည် ကုန်တင်ကုန်ချလုပ်ငန်းတွင် အလုပ်လုပ်၍ မိသားစုအား ရှာဖွေကျွေးမွေးနေသော အိမ်ထောင်ဦးစီးတစ်ယောက်ဖြစ်သည်။ ကိုလူအေးသည် ကား နာမည်နှင့်လိုက်အောင်ပင်အေးအေးဆေးဆေးနေတတ်သူ တစ်ယောက်ဖြစ်ပြီး ကွမ်းစားသ၊ ဆေးလိပ်မသောက်၊ အရက်မသောက်သော လူရိုးကြီးတစ်ယောက်ပင်။ အလုပ်အတူလုပ်ကိုင်ကြသော ငယ်ပေါင်း သူငယ်ချင်းများဖြစ်သည့် ကိုဖိုးမောင်နှင့် ကိုမဲလုံးတို့က အရက်သောက်ဖို့ မည်သို့ပင် ဆွဲဆောင်ပြောဆို နေစေကာမူ ငြင်းလွှတ်မြဲပင်။ သို့အတွက် ကိုလူအေးသည် ကိုဖိုးမောင်နှင့် ကိုမဲလုံးတို့က မိန်းမကြောက်ရသူဟု စနောက်ခြင်း ခံရလေသည်။

(၂)

"မြန်မြန် သယ်ထားကြမယ်ဟေ့။ ရာသီဥတုက အခြေအနေမကောင်းဘူး။ မိုးရွာတော့မယ်နဲ့တူတယ်"

အလုပ်သမား ခေါင်းဆောင်၏ ပြောစကားကြောင့် ကိုလူအေး ကောင်းကင်သို့ မော့ကြည့်မိ၏။ အငြိုးအတေးကြီးစွာ ရွာချမည့်အလား။ မိုးသားတိမ်လိပ်တို့ သည်ကား ကောင်းကင်အပြည့်။ ယနေ့သည်ကား ယခင်နေ့များကဲ့သို့ မဟုတ်။ စက်လှေအဝင်၊ အထွက်များ၍ ကုန်တင်၊ ကုန်ချရသည်မှာ နားရသည်မရှိ။ မိုးမရွာခင် အလုပ်မြန်မြန်ပြီးမှသာ တော်ကာကြမည်ဟု ကိုယ်စီအသိစိတ်ဖြင့် ကုန်များကို သယ်သူကသယ်၊ ချသူကချကြလေသည်။ အလုပ်ပြီး၍ လုပ်အားခများကို အလုပ်သမားခေါင်းဆောင်ထံ ထုတ်ယူနေချိန်၌ မိုးစက် မိုးပေါက်များသည်ကား ရပ်ရွာစိုခွင်အနှံ့ ရွာသွန်းချလေသည်။

"ဟော့ကောင်.....လူအေး။ မင်း အိမ်ပြန်တော့မှာလား"

"အင်း.....မိုးနည်းနည်းစဲသွားရင် ပြန်တော့မှာ"

"ဒီနေ့ အလုပ်လုပ်ရတာ တော်တော် ပင်ပန်းတယ်ကွ။ ပြီးတော့ မိုးကလည်း ရွာနေတော့ ချမ်းလိုက်ကွာ။ ငါတို့နဲ့ တစ်ခွက် တစ်ဖလားလောက် လိုက်သောက်ပြီးမှ ပြန်လေကွာ"

"မသောက်ချင်ပါဘူးကွာ...ဖိုးမောင်ရာ။ ငါတစ်ခါမှ မသောက်ဖူးတာလည်း မင်းသိတာပဲ"

"မသောက်ဖူးတာကို သိပါတယ်ကွ။ အရင်လိုနေ့တွေဆို မင်းကိုမခေါ်ပါဘူးကွ။ ဒီနေ့က ပင်ပန်းလွန်း၊ ချမ်းလွန်းလို့ ခေါ်တာပါ။ တစ်ခွက်လောက်သောက်လိုက်ရင် ပင်ပန်းတာတွေ ပြေပျောက်သွားမှာကွ။ လိုက်ခဲ့စမ်းပါကွာ။ ယောကျ်ားမဟုတ်တာ ကျနေတာပဲ"

ကိုလူအေးသည်လည်း ကိုဖိုးမောင်တို့ ခေါ်ရာ အရက်ဆိုင်သို့ မငြင်းသာသည့် အဆုံးလိုက်၍အရက်သောက်ခဲ့လေသည်။ မိုးစဲသွား၍ ကိုဖိုးမောင်တို့အား နှုတ်ဆက်၍ ဇနီးသည် မကြင်မှာသော ဆန်တစ်ပြည်ကို ဝယ်ကာ အိမ်သို့ပြန်ခဲ့လေသည်။

(၃)

"ကိုအေး...ဒီနေ့ပြန်တာ နောက်ကျတယ်နော်။ ကုန်တင်၊ ကုန်ချရတာ များလို့လား"

ခြံဝတွင် ထွက်၍စောင့်ကြိုနေသော မကြင်က မေးလေသည်။

"ဟုတ်တယ်... မကြင်ရေ။ ဒီနေ့ စက်လှေအဝင်အထွက်က တော်တော်များတယ်။ ကုန်ပစ္စည်းတွေကလည်း တင်ရ၊ ချရတာလည်း မနားရဘူး။ အိမ်အပြန် နောက်ကျရတာက ဖိုးမောင်တို့ခေါ်လို့ အရက်နည်းနည်း သောက်ချလိုက်ကွာ"

"ဩော်..ကိုအေးရယ်။ တစ်ခါမှလည်း မသောက်ဖူးဘဲနဲ့ ဘာလို့သောက်ချရတာလဲ။ အစရှိ အနောင်နောင်ဆိုသလို ကိုအေး အရက်စွဲသွားပါဦးမယ်"

"အေးပါ...မကြင်ရာ။ အစ်ကိုလည်း ငြင်းပါသေးတယ်။နောက်မသောက်တော့ပါဘူးနော်။ ဒါနဲ့ သမီးလေးကော စာကျက်နေပြီလား"

"အင်း.....အိမ်စာတွေ လုပ်နေတာ"

"ဩော်...အင်းအင်း။ အစ်ကိုရေချိုးချေဦးမယ်နော်"

ဇနီးသည် မကြင်အား လွယ်အိတ်နှင့် ဝယ်လာသော ဆန်တို့ကိုပေး၍ ကိုလူအေး တစ်ယောက် မြစ်ဆိပ်သို့ ရေချိုးဆင်းခဲ့လေသည်။

(၄)

ကိုလူအေးသည် ပင်ပန်းသည်ကို အကြောင်းပြကာ အလုပ်သိမ်း၍ အိမ်ပြန်လာတိုင်း အရက်သောက်ပြီး ပြန်လာတတ်နေပေပြီ။ မကြင်၏ မသောက်ရန် တားဆီးမှုများကိုလည်း တစ်ခွက်တည်းပါဆိုသော စကားဖြင့် ရောင့်လွှဲ၍သောက်မြဲသောက်နေခဲ့လေရာ စွဲမှန်းမသိ စွဲနေခဲ့လေသည်။ အလုပ်သိမ်းချိန် အိမ်ပြန်ခါနီးမှ သောက်တတ်သော ကိုလူအေးသည် အလုပ်လုပ်ချိန်၌လည်း သောက်မိနေပေပြီ။ မကြင်သည်လည်း တားမရသည့်အဆုံး မိသားစုကို ရန်မရှာလျှင်ပြီးရောဆိုပြီး နေခဲ့လေရာ ကိုလူအေးသည်ကား အရက်သမားဘဝသို့ လုံးလုံးလျားလျား ရောက်နေခဲ့လေသည်။

"မကြင်ရေ....မကြင်"

အိမ်ရှေ့မှ ခေါ်သံကြောင့် ချုပ်လက်စ ကိုလူအေး၏ ပုဆိုးကိုချ၍ မကြင်ထွက်ခဲ့လေသည်။

"ကိုဖိုးမောင်ပါလား။ ဘာအကြောင်းရှိလို့လဲ"

"လူအေး ခြေချော်ကျလို့ သတိလစ်သွားတာနဲ့ ဆေးရုံတင်ထားရတယ်။ ဆေးရုံကိုလိုက်ခဲ့ဖို့ မကြင်ကို လာခေါ်တာ"

"ဟင်....တခြားဘာတွေ ဖြစ်သွားသေးလဲ ကိုဖိုးမောင်"

"သတိလစ်သွားရုံကလွဲလို့ ဘာမှတော့ မဖြစ်ပါဘူး။ အခုလည်း သူ့ဘေးနားမှာ မဲလုံးစောင့်နေပါတယ်"

မကြင်သည်လည်း သမီးလေးကို လက်တွဲ၍ ကိုဖိုးမောင်နှင့်အတူ ဆေးရုံသို့ လိုက်ခဲ့လေသည်။

(၅)

ကိုလူအေး...သတိရလာပြီလား။ သက်သက်သာသာနေနော်"

ကိုလူအေး မျက်လုံးကို ဖွင့်ကြည့်လိုက်တော့ သူ၏နံဘေးတွင် မကြင်နှင့် သမီးလေး ထိုင်နေသည်ကို တွေ့ရလေသည်။

"အစ်ကို ဘယ်ရောက်နေတာလဲ ... မကြင်"

"ကိုအေး ကုန်ထမ်းရင်း ခြေချော်ကျပြီး သတိလစ်နေလို့ ကိုဖိုးမောင်တို့က ဆေးရုံပို့ခဲ့တာ။ အခု ကိုအေး ဆေးရုံရောက်နေတာ"

"အစ်ကို...မှားသွားတယ် မကြင်ရယ်။ မကြင်ရဲ့ စကားတွေကိုလည်း အစ်ကို နားမထောင်ခဲ့ဘူး။ မကောင်းမှုဆိုတာကို သိလျက်နဲ့ အစ်ကို ရှေ့ဆက်တိုးခဲ့မိတယ်။ အစ်ကိုကြောင့် မကြင်စိတ်ဆင်းရဲရပြီ။ အစ်ကို တောင်းပန်ပါတယ်ကွာ"

"ကိုအေး အမှားကို ကိုအေးသိပြီး ပြန်ပြင်ရင် အချိန်မနောင်းသေးပါဘူး။ မကြင်ခွင့်လွှတ်ပါတယ်။ ပြီးတော့ ကိုအေး သတိမမူမိတဲ့ အချက်တစ်ချက်က သမီးလေးအတွက်ပါပဲ။ သမီးရှင် တစ်ယောက်ရဲ့ အဖေက အရက်သမား ဖြစ်နေမယ်ဆိုရင် ပတ်ဝန်းကျင်ရဲ့ အလယ်မှာ သမီးလေးမျက်နှာငယ်ရလိမ့်မယ်လေ။ ဒါကြောင့် ကိုအေးရဲ့ ဆုံးဖြတ်ချက်က အဓိကကျတယ်လို့ မကြင်ပြောချင်တယ်"

"အေးပါ....မကြင်ရာ။ အစ်ကို မကြင်ကိုရော၊ သမီးလေးကိုရော ကတိပေးပါတယ်။ နောက်နောင် လူတွေရဲ့ အကျင့်စရိုက်၊ ဘဝတွေကို ပျက်စီးစေတတ်တဲ့၊ ဖျက်ဆီးတတ်တဲ့ ဖျက်ပိုးဆိုတဲ့အရက်ကို အစ်ကို ဘယ်တော့မှ မသောက်တော့ပါဘူးကွာ"

ကိုလူအေးအား မကြင်နှင့် သမီးလေးက သိုင်းဖက်လျက်။ ကိုလူအေး၏ မျက်ဝန်းအိမ်မှာကား မျက်ရည်များ ပြည့်နှက်လျက်။ မကြင်၏ ပါးပြင်တွင်ကား မျက်ရည်ပုလဲကား စီးကျလျက်။ ကိုလူအေး၏ ကတိပေးမျက်ရည်နှင့် မကြင်၏ ဝမ်းသာမျက်ရည်တို့သည်ကား ပျော်ရွှင်ကြည်နူးဖွယ် ကောင်းသော မိသားစုဘဝဆီသို့ ဦးတည်လျက်ပင် တည်း။ ။



မီးအန္တရာယ် တားဆီးကာကွယ်

☆ သစ်ရွက်တွေ မြေခလို့ နွေလသို့ ရောက်လာပြီ၊ သူရိန်နေ မာန်ဟုန်တင်းလို့ ပူပြင်းလှသည်၊ ရန်သူမီးက ပတ်ကာလည် အနာမှသည် သူချောက်ချား၊ အမှိုက်လောင်စာ အိမ်နားရှိ အထူးသတိထား။။

☆ သုံးတတ်လျှင် အကျိုးများလို့ သူဝိုးများနှင့် ဆိုးခဲ့ပေ၊ မီးကြွင်းမီးကျန် သတိမထားတော့ မှားရတက်ပွေ၊ ဆေးလိပ်မီးဟွား အန္တရာယ်တွေ ရန်ထွေထွေ ပေါ့ဆမထား၊ တောမီးအန္တရာယ် လျှော့ပေါ့တွေး ဘေးဒုက္ခများ။။

☆ မီးချိတ်မီးကပ် အိမ်တိုင်းထားလို့ ရေပုံးသဲအိတ်များ ဆောင်ကြပါ၊ ဟောင်းနွမ်းဝိုင်ယာ မသုံးစွဲနှင့် လဲလှယ်လို့သာ၊ ကလေးတို့အား မီးဆော့ကစားတာ တားမြစ်ပါ မိဘတို့၊ မီးလောင်လျှင် သက်ဆိုင်ရာအား (ချက်ချင်း....) အကြောင်းကြားစို့။။ ။

ပန်းမာလာ

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍာအတွက် စာမူများပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍာကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍာတွင် မျိုးဆက်သစ်လူငယ် မောင်မယ်များအနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာ အပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်း မရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

စာတည်းအဖွဲ့

ပညာစခန်း လှမ်းကြစို့

- ယနေ့သည် ပညာခေတ် ထွန်းသစ်လို့ လာချေပြီ၊ ပညာသည် ဉာဏ်အလင်း ပဝင်းထိန်ညီ၊
- နေလထက် သာသည် ဖြာစည်ကာ ထွန်းပဖို့၊ ပညာ့ကမ္ဘာ ပညာနန်းကိုလ တက်လှမ်းပါစို့။
- ပညာရှင် ပညာတတ် မြတ်လှပေါ့ ဤလူ့ရွာ၊ ပညာကို လိုလားမှ တိုးပွားကြမှာ၊
- ကြိုးစားလို့ သင်ပါ နောင်အခါ ပြည့်အရေး၊ ပညာရှင် ပေါ်ထွက်မှ တိုးတက်မယ်လေး။
- သို့လေကြောင့် မောင်မယ်တွေ၊ နောင်အခါ အနေမြတ်ဖို့ ကျက်မှတ်ရှာဖွေ၊ ဇွဲလုံ့လ ပြုလို့လေ၊
- ခရူသို့လေ တရွှေ့ရွှေ့၊ မှန်မှန်သာ ကြိုးစားပါက တိုးပွားမှာဟော့။

ချစ်စု(ပညာရေး)

လှပပါစေ တို့မြန်ပြည်

- တို့မြန်ပြည် အလှတရား နှစ်ဆပွားလို့ တိုးတက်စေ။ နိုင်ရာဝန် ကိုယ်စီထမ်း ကြိုးပမ်းမိတ်ဆွေ။
- စည်းကမ်းရှိ ပြည်သူတွေ ညီတူလေ လျှောက်လှမ်းသွား။ မြန်မာ့ဂုဏ် အခြေမြင့်လို့ သွင်တင့်စေသား။
- စိတ်သန္တာန် တန်ခိုးထွား နိုးကြားလို့ သတိရှိမယ်။ လူမျိုးဘာသာ သာသနာအကျိုး သယ်ပိုးစဉ်ကွယ်။
- မွန်မြတ်သော စိတ်ဓာတ်ရယ် ရင်တွင်းဝယ် မွေးမြူလျက်။ ညီနောင်တွေ အစဉ်စည်းလုံး ရှင်ပြုံးရှေ့ဆက်။
- ဥမကွဲ အသိုက်မပျက်ဖို့ အမိုက်မဖက်နဲ့ မျိုးမြန်မာ။ မြန်ပြည်ထောင် အကျိုးပြု ရှေးရှုစဉ်သာ။
- အောင်မြင်မှု ပန်းတိုင်ဟာ တို့ရှေ့မှာ လက်တစ်ကမ်း။ ပျော်ရွှင်စွာ အားခွန်သစ်ဖြင့် ထုဆစ်လျှောက်လှမ်း။ ။

ရဲသွေးနီ (တက်ဝန်)

ဆောင်းပါး

မိမိကိုယ်ကို ကောင်းအောင်ထိန်းပါ

■ မောင်ကြည်လင်(ရွှေကြိုးကြာ)

"အတ္တ သမ္မာ ပဏိဓိစ" မိမိကိုယ်ကို ကောင်းအောင်နေထိုင်ခြင်းသည် မင်္ဂလာမည်ကြောင်း မင်္ဂလသုတ်တရားတော်ထဲတွင် ဗုဒ္ဓမြတ်စွာက ဟောကြားတော်မူခဲ့ပါသည်။ "ပတ်ဝန်းကျင်မှာ မင်းဘယ်လိုနေထိုင်သလဲ"ဟူသော မေးခွန်းကို မေးကြည့်လျှင် လူတိုင်းက "မိမိကိုယ်ကို ကောင်းအောင်နေထိုင်သူ" ဟု ဖြေကြပါလိမ့်မည်။" "ဟို တစ်ယောက်က ဘယ်လိုနေထိုင်လဲ"ဟု ထပ်မေးကြည့်လျှင် "သူကတော့ ပတ်ဝန်းကျင်နဲ့ အဆင်မပြေပါဘူး၊ ပေါင်းသင်းရခက်တဲ့လူ" စသည်ဖြင့် တစ်ပါးသူ့ကောင်းသည့်အကြောင်းကို အဆက်မပြတ်ပြောပြနေတတ်ကြပါသည်။ သူတစ်ပါးမကောင်းကြောင်း ပြောတတ်သူသည် "မိမိကိုယ်ကို ကောင်းအောင် ထိန်းတတ်သူ"လားဟု ပြန်မေးရပေလိမ့်မည်။

တစ်နေ့တွင် မြေခွေးတစ်ကောင်မှာ ကေသရာဇာခြင်္သေ့ကြီးဆီ ရောက်လာပြီး "သတ္တိရှိရင် မင်းနဲ့ငါ အားပြိုင်ရအောင်" ဟု ပြော၍ စိန်ခေါ်လိုက်ပါသည်။ မြေခွေး စိန်ခေါ်သည်ကို ခြင်္သေ့ကြီးက လုံးဝဂရုမစိုက်ဘဲ မသိသလို နေလိုက်ပါသည်။ ထိုအခါ မြေခွေးက "ဟား...ဟား... မင်းက သရဲဘောကြောင်တဲ့အကောင်၊ သတ္တိမရှိတဲ့အကောင်၊ မင်းငါ့ကို တုန်နေအောင်ကြောက်တယ်ဆိုပြီး တစ်တောလုံးသိအောင် ငါ လျှောက်ပြောလိုက်မယ်" ဟု ခြိမ်းခြောက်လိုက်ပါတော့သည်။

ထိုသို့ ပြောလိုက်သောအခါတွင် ခြင်္သေ့ကြီးက မြေခွေးကို သေချာကြည့်ပြီး "ငါ့ကို အများကငကြောက်လို့ ပြောချင်ပြောကြပါစေကွာ၊ မင်းလို နိမ့်ကျတဲ့မြေခွေးလိုအကောင်မျိုးနဲ့တောင် တုပပြီး ရန်ပြိုင်ဖြစ်တတ်တဲ့ အကောင်ပါလားဆိုပြီး အများက အထင်သေးကြမှာကိုတော့ ငါမခံနိုင်ဘူး" ဟု ပြန်ပြောလိုက်ပါသည်။

ထိုပုံပြင်လေးတွင် ကျွန်တော်တို့ကိုပေးသော သင်ခန်းစာမှာ ကျွန်တော်တို့သည် လူတိုင်းနှင့် ယှဉ်ပြိုင်ရန် မထိုက်တန်သကဲ့သို့ သွားပုပ်လေလွင့် စကားလုံးတိုင်းကိုလည်း လိုက်ပြီး တုံ့ပြန်ဖြေရှင်းနေရန် မလိုအပ်ပါဟူသော အသိကို သင်ခန်းစာပေးလိုခြင်း ဖြစ်ပါသည်။ ထို့အတူ မိမိအပေါ် ဆက်ဆံရေးမကောင်းသူများကို ခြင်္သေ့မင်းကဲ့သို့ နှလုံးမူပြီး တိတ်ဆိတ်စွာပင် နေလိုက်သင့်ပါသည်။ မည်သူကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ မိမိကောင်းဖို့ရန်သာ ဦးတည်နေထိုင်ခြင်းပင် ဖြစ်ပါသည်။

"လူဟာ ကိုယ့်ကိုယ်ကို တစ်ရက်ပြီးတစ်ရက် ပိုပြီးယဉ်ကျေးလာအောင်၊ ပိုပြီး ကရုဏာထားတတ်လာအောင်၊ ပိုအသိဉာဏ်ရှိလာအောင် ကြိုးစားနေရမယ်၊ အဲဒီလို မလုပ်ဘူးဆိုရင် လူဟာ လူပီသတဲ့လူမဖြစ်တော့ဘူး"ဟု ဆရာတော်ဦးဇောတိက၏ "လွတ်လပ်သောစိတ်" စာအုပ်တွင် ရေးသားထားပါသည်။ ထို့ကြောင့် လူပီသပြီး ကောင်းမွန်သော လူတစ်ယောက်ဖြစ်စေရန် မိမိ၏ အလေ့အကျင့်၊ အပြုအမူများ ဖြူစင်ရမည်။ မိမိကိုယ်ကိုလည်း တန်ဖိုးထားတတ်ကြရပေမည်။

မိမိကိုယ်ကို ကောင်းမွန်သောလူတစ်ယောက် ဖြစ်လာရန် ကတိတည်ရန်လိုအပ်သည်။ ကတိတည်ခြင်းဟုဆိုရာတွင် တစ်ပါးသူအပေါ် ကတိတည်ခြင်း၊ မိမိကိုယ်ကို ကတိတည်ခြင်းဟူ၍ ရှိသည်။ မိမိကိုယ်ကို ချစ်မြတ်နိုးသူသည် မိမိချမှတ်ထားသည့် ရည်မှန်းချက်များ၊ ဆုံးဖြတ်ချက်များကို အောင်မြင်မှုရရှိစေရန် ကြိုးစားတတ်ကြသည်။ ထိုသို့ မိမိချမှတ်ထားသည့်အတိုင်း ကြိုးစားမှသာလျှင် ယုံကြည်စိတ်လည်း တိုးပွားလာမည်။ စိတ်ခွန်အားလည်း တိုးတက်လာမည် ဖြစ်ပါသည်။

တစ်ပါးသူအပေါ်တွင် နှုတ်မလွန်စေရန် အထူးသတိထားရန် လိုအပ်သည်။ သူတစ်ပါးအပေါ် ကတိမတည်ခြင်းကြောင့် တစ်ပါးသူ၏ ဥပေက္ခာပြုမှုကို ခံရနိုင်ပါသည်။ ထို့ကြောင့် နေ့စဉ်မိမိကိုယ်ကိုသာ ပြိုင်ရမည်။ ကိုယ့်ကိုယ်ကိုပိုချစ်၍ တည်ကြည်ရန် ကြိုးစားသင့်ပါသည်။

လူအများစုသည် များသောအားဖြင့် ကိုယ့်ကိုယ်ကို အားကိုးရန် မေ့နေတတ်ကြသည်။ မိတ်ဆွေ၊ သူငယ်ချင်း၊ အထောက်အပံများမရှိလျှင် မအောင်မြင်နိုင်ဟု ထင်တတ်ကြပါသည်။ အလုပ်တစ်ခုလုပ်ရာတွင် သူတစ်ပါးကို အားကိုးနေမည်ဆိုပါက မိမိအောင်မြင်တိုးတက်မှု နည်းပါးနိုင်ပါသည်။ မိမိကိုယ်ကို ကောင်းအောင်နေထိုင်ကြသည့်အခါ မာနကိုလည်း ဖယ်ရှားသင့်သည်။ မာနထားခြင်းကြောင့် မိမိကိုယ်ကို ကောင်းအောင်ထိန်းရန် ခက်ခဲသွားနိုင်ပါသည်။ မာနသည် အတ္တအပေါ်တွင် အခြေတည်ပြီး ပေါ်ပေါက်လာခြင်းဖြစ်သည်။

လူသဘာဝအရ မှားယွင်းသော ခံယူချက်ရှိသူ၊ မှန်ကန်သောခံယူချက်ရှိသူဟူ၍ ကွဲပြားတတ်ကြသည်။ မှားယွင်းသော ခံယူချက်ရှိသူသည် လူကောင်းတစ်ယောက်ဖြစ်လာရန် အလွန်ခက်ခဲပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် မှားယွင်းသော ခံယူချက်ရှိသူသည် အတွေးမှား၊ အမြင်မှား၊ အယူအဆမှားတတ်ကြခြင်းကြောင့် ဖြစ်ပါသည်။ မှန်ကုန်သော ခံယူချက်ရှိသူသည် အကောင်းမြင်သောစိတ်ရှိခြင်းကြောင့်၊ အတွေး၊ အမြင်၊ အယူအဆမှန်ကန်ခြင်းကြောင့် အောင်မြင်မှုကို လွယ်ကူစွာ လက်ခံရရှိနိုင်ပါသည်။ သို့သော် လူတချို့သည် မိမိ၏ အတွေးအမြင်ပေါ်တွင် မူတည်၍ တန်ဖိုးကို သတ်မှတ်ကြပါသည်။ ထိုသို့ သတ်မှတ်ခြင်းသည် မှန်ကန်သည်ဟုလည်း မယူဆသင့်ပေ။

"သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ" ဟု လူတိုင်းနီးပါး ပြောတတ်ကြပါသည်။ တစ်ဖက်လူက မိမိအပေါ် လူမှုရေး၊ စီးပွားရေး၊ ပေါင်းသင်းဆက်ဆံရေးစသည်တို့အပေါ်တွင် ကောင်းမွန်သည့်အခါ မိမိကလည်း ပြန်လည်ကောင်းမွန်နိုင်သည်ဟူသော အဓိပ္ပာယ်ဖြစ်သည်။ သို့သော် တစ်ဖက်လူက မိမိအပေါ် မကောင်းခဲ့လျှင် တန်းတူတုံ့ပြန်ခြင်းဖြင့် မကောင်းမှုကို လုပ်ဆောင်မည်ဟုလည်း ဆိုနိုင်ပါသည်။ ကျွန်တော်တို့ ခံယူသင်သည့်မှာ " သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ"ဟု ဆိုခြင်းထက် "သင်ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ကျွန်ုပ် ဆိုးမည်မဟုတ်ပါ၊ သင့်အပေါ် အမြဲကောင်းနေမည်"ဟု ခံယူသင့်ပါသည်။

မိမိကိုယ်ကို ကောင်းအောင်ထိန်းခြင်းသည် မပျောက်မပျက်သောဘဏ္ဍာများကို စုဆောင်းထားခြင်းပင် ဖြစ်ပါသည်။ ထို့အပြင် ကောင်းသောလောကမံနှင့်သာ ကြုံတွေ့ကြရပါသည်။ မိမိကိုယ်ကို ကောင်းအောင်ထိန်းခြင်းသည် စိတ်ချမ်းမြေ့နိုင်ပါသည်။ သောက ကင်းစေသည်။ အများ၏ လေးစားခြင်းလည်း ခံရသည်။ မိမိကိုယ်ကို ကောင်းအောင်ထိန်းခြင်းသည် ပညာရှိတို့က ချီးမွမ်းကြကြောင်းကို "အကြင်သူသည် ပညာရှိတို့ ချီးမွမ်းသောအလုပ်ကို ကျင့်ကြံလိုက်နာရာ၏။ ထိုအမှုကို ပယ်ရှား၍ မပြုကျင့်ဘဲနေပါက ခုနစ်ဘဝဆက်၍ နေထိုင်သော်လည်း ပျော်ရွှင်မှုရနိုင်မည်မဟုတ်"ဟု သိရှုကုရယ်ကျမ်းတွင် ဖော်ပြထားပါသည်။

သူတစ်ပါးကြောင့် မိမိကိုယ်ကို ပြုပြင်ပြောင်းလဲနေထိုင်ခြင်းထက် မိမိကိုယ်တိုင် အသိစိတ်ဖြင့် ကောင်းအောင်နေထိုင်ရပေလိမ့်မည်။ မနေ့ကထက် ယနေ့ပိုကောင်းရန်ကြိုးစားရမည်။ ကိုယ့်ကိုယ်ကို ဗဟိုပြု၍ ကောင်းမွန်အောင်ထိန်းသိမ်းလျက် နေထိုင်ရပါမည်။ "ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကျိုး၍ ကောင်းကျိုးကိုယ်၌ တည်စေမင်း" ဟူသော စာဆိုရခိုင်သူမြတ်၏ လောကသာရဖျို့လာ လမ်းညွှန်ချက်များကို လိုက်နာ၍ မိမိကိုယ်ကိုကောင်းအောင်ထိန်းကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။

ပန်းတိုင်သို့

- ★ ကြိုးစားလေ အခက်အခဲ မကြောက်ဘဲ ရင်ဆိုင်ပါ။ တစ်နေ့ဝယ် အောင်မြင်ခြင်းက လက်ငင်းရောက်လာ။
- ★ ကျင်လည်သော အလုပ်မှာ ကောင်မွန်စွာ ဆောင်ရွက်။ ကံဥာဏ်ညီ ဝီရိယ ကို မျှတပေါင်းဖက်။
- ★ ဘဝကို အလွယ်မတွေး ဇွဲသုံးပေး တိုးတက်စေ။ ပန်းတိုင်သည် လက်တစ်ကမ်း လျှောက်လှမ်းမိတ်ဆွေ။
- ★ ဇွဲသတ္တိ ပြည့်ဝအခြေ ဂုဏ်ရည်တွေ ထွန်းတောက်။ ပျင်းရိဉာဉ် ဖယ်ကြဉ်ရှား နိုးကြားဆက်လျှောက်။
- ★ သတိဉာဏ် စဉ်းစားပြု ရှေးရှုလို့ နေထိုင်ရန်။ ကံဆိုတာ အလုပ်ပဲမို့ အောင်ပွဲလှမ်းကြဲ။
- ★ အရှုံးမပေး အနိုင်မခံ လမ်းမှန်သို့ တည့်မတ်။ ကိုယ်တိုင်ပြင် ကိုယ်ထွင်လမ်းက ဂုဏ်လှမ်းမွန်မြတ်။ ။

ရွှေမြိုင်သူ (မြန်မာစာ)



ပေါင်းတည်မြို့နယ်၌ နွေရာသီ အားကစားသင်တန်းဆင်းပွဲကျင်းပ

ပေါင်းတည် မတ် ၁၅

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူးဖွင့်လှစ်သည့် နွေရာသီ အခြေခံအားကစားသင်တန်းဆင်းပွဲကို မတ် ၁၄ ရက်က မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်က အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲတွင် အေရိုးဗစ်နှင့် ဝူရှူး သင်တန်းသား သင်တန်းသူများက သရုပ်ပြသကြပြီး အားကစားနည်းသင်တန်းအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါနွေရာသီအခြေခံအားကစားသင်တန်းများ၌ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ပြီး အေရိုးဗစ်၊ ဘောလုံးနှင့် ဝူရှူး အားကစားနည်းများကို ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

ရွှေသား(IPRD)

မန်းရွှေစက်တော် ဘေးမဲ့တောဥယျာဉ်၌ ဌာနေဖွား ဒေသရင်းမျိုးစိတ် ရွှေသမင် ၆၂ ကောင် ထိန်းသိမ်းစောင့်ရှောက်ထား



မင်းဘူး မတ် ၁၅

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ ရွှေစက်တော်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောဥယျာဉ်၌ ဌာနေဖွား ဒေသရင်းမျိုးစိတ်ရှားပါးစာရင်းဝင် မြန်မာ့ရွှေသမင် ၆၂ ကောင် ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။

ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဥယျာဉ်သည် မြန်မာနိုင်ငံအလယ်ပိုင်း မင်းဘူး(စကု)မြို့နယ်၌ တည်ရှိပြီး ဧရိယာ စတုရန်းမိုင် ၂၁၃ ဒသမ ၄ မိုင် ကျယ်ဝန်းကာ အပူပိုင်းခြောက်သွေ့သော သန်းဒဟတ် တောများကို လည်းကောင်း၊ မုန်းချောင်းနှင့် မန်းချောင်း ရေဝေကုန်းတန်းများကို လည်းကောင်း ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရန် ၁၉၄၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့သည်။

၂၀၁၂ ခုနှစ်တွင် နေပြည်တော်ဆာဖာရီဥယျာဉ်နှင့် ပုဂံလောက နန္ဒာဥယျာဉ်များမှ ရွှေသမင် အထီးငါးကောင်၊ အမ ခုနစ်ကောင်ဖြင့် မွေးမြူထိန်းသိမ်းခဲ့ခြင်း ဖြစ်ပြီး ယခုအချိန်တွင် အထီး ၁၈ ကောင်၊ အမ ၃၅ ကောင် စုစုပေါင်း ရွှေသမင် ၅၃ ကောင်ရှိကာ ယခုလက်ရှိ ရွှေသမင်သားကိုးကောင် ပေါက်ဖွားလာရာ စုစုပေါင်း ၆၂ ကောင်အား အစာရေစာများ တိုက်ကျွေးသည့်အပြင် ဖြည့်စွက်စာများကိုပါ ဝယ်ယူကျွေးမွေး၍ အနီးကပ် ဂရုတစိုက်ထိန်းသိမ်း စောင့်ရှောက်ထားရကြောင်း သိရသည်။

“ကြယ်လိပ်တို့၊ ရွှေသမင်တို့ ဆိုတာ ကမ္ဘာ့ရှားပါးမျိုးစိတ်စာရင်းဝင်တွေပါ။ အသေအပျောက်လည်း များတယ်။ မြန်မာ့ရွှေသမင်တွေ ဆိုရင် မြန်မာတစ်နိုင်ငံတည်းမှာသာ ရှိတဲ့ ဌာနေဖွား ဒေသရင်းမျိုးစိတ်တွေ ဖြစ်ပြီး အလွန်မတန်မှ ရှားပါးတဲ့အတွက် မျိုးသုဉ်း မျိုးဆက်မပြတ်စေရေး၊ ရွှေသမင်သားပေါက်တွေ တိုးပွားလာစေရေး အတွက် ဂရုတစိုက်ထိန်းသိမ်းစောင့်ရှောက်ထားရပါတယ်။ ဒီနှစ် ရွှေစက်တော် ဘုရားပွဲနဲ့ အခြားအထင်ကရ နေရာတွေကိုလာရောက်လည်ပတ်တဲ့အခါ ရွှေစက်တော် ဘေးမဲ့တော ဥယျာဉ်မှ ဒေသရင်းမျိုးစိတ် မြန်မာ့ရွှေသမင်ခြံမှာ ရွှေသမင် ၆၂ ကောင် ရှိပါတယ်။ လာရောက်လေ့လာကြည့်ရှုလို့ရပါတယ်” ဟု ရွှေစက်တော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုက ပြောသည်။

ဇေယျာနိုင်(ရွှေကန်မြေ)

စဉ့်ကိုင်မြို့နယ်၌ မီးခိုးမြှုပ်ငွေ့တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ



စဉ့်ကိုင် မတ် ၁၅

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ထန်းသုံးပင် ကျေးရွာ၌ မီးခိုးမြှုပ်ငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး ဟောပြောပွဲကို ယမန်နေ့က အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိမိအောင်က ကျေးရွာနေပြည်သူများ သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်နှင့် ကောင်းမွန်သော လူနေမှုစနစ်များ ရရှိစေရန် ကျေးရွာများ၌ အမှိုက်ကန်များ ဆောင်ရွက်ထားရှိပြီး အမှိုက်များ စနစ်တကျစွန့်ပစ်ရေး၊ ကျေးရွာဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ရေး၊ သစ်တော သစ်ပင်များ ကာကွယ်ထိန်းသိမ်းရေး စသည့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စိုးစံက သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု ဂေဟစနစ်များ ကောင်းမွန်စေရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် မီးခိုးမြှုပ်ငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အကြောင်း သိကောင်းစရာများကို ဆွေးနွေးဟောပြောသည်။

ဖြန့်ဝေ

ထို့နောက် တက်ရောက်လာသည့် ကျေးရွာရပ်မိရပ်ဖများနှင့် ကျေးရွာသူ ကျေးရွာသားများက မီးခိုးမြှုပ်ငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး ဆိုင်ရာ ဆွေးနွေး ဟောပြောသည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပြီး အသိပညာပေးလက်ကမ်း စာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

နွေကာလတွင် ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ ကြိုတင်သတိပေးနှိုးဆော်ချက်

နေပြည်တော် မတ် ၁၅

မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကာလဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံတက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်နိုင်ပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နွေကာလဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလများအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

မိုး/၈လ

ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိ ငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့် သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် ညဘက်နှင့် နံနက်စောစောတို့တွင် အောက်ဆီဂျင်လျော့နည်းမှု ဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလင်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်းစသည့် နည်းလမ်းများအား ရေတွင် ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဇော်ဖတ်၊ ဝါစေ့ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- မွေးမြူရေးကန်အားလိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ် နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ဘားအံမြို့နယ် ကော့ဂွန်းကျေးရွာရှိ သိမ်ကျောင်းဘုန်းတော်ကြီးကျောင်း ရှေးဟောင်းသိမ်အား ပြုပြင်မွမ်းမံပြီးစီး၊ ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ

ဘားအံ မတ် ၁၅

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်သူ ပြည်နယ်သားများ စုပေါင်းပြုပြင်မွမ်းမံလှူဒါန်းသော ဘားအံမြို့နယ် ကော့ဂွန်းကျေးရွာရှိ သိမ်ကျောင်းဘုန်းတော်ကြီးကျောင်း ရှေးဟောင်းသိမ်အား ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို မတ် ၁၄ ရက် နံနက် ၉ နာရီခွဲက အဆိုပါဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သိမ်တော်ကြီးအားလုည့်လည်ကြည့်ရှုပြီး သိမ်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီးတို့ကို ကပ်လှူပူဇော်ကြသည်။

ထို့နောက် အလှူတော်မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ကော့ဂွန်းဂူဝကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များသည် ကော့ဂွန်းဂူဝကျောင်းဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကာ ဗုဒ္ဓသာသနာ့စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားပြီးမြောက်ပြီး မင်္ဂလာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြသည်။

ဆက်လက်၍ ကရင်ပြည်နယ်အစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၄ ရက် မွန်းလွဲ ၂ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက မတ် ၁၇ ရက်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို စတင်ဖြေဆိုကြမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေး သက်ဆိုင်ရာဌာနဆိုင်ရာအသီးသီးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးက လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက သက်ဆိုင်ရာဌာန



များအလိုက် တက္ကသိုလ်ဝင်စာမေးပွဲအား ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ဖြေဆိုနိုင်ရေးနှင့် အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားမှုနှင့် ပြည်နယ်အစိုးရအဖွဲ့က ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)



ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

ခရမ်းလွန်ရောင်ခြည်အန္တရာယ်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားစွာရှိနေသည့်အချိန်များတွင် ခရမ်းလွန်ရောင်ခြည်နှင့်ထိတွေ့မှုကြောင့်နေလောင်ခြင်း၊ အသားအရောင်ညှိမဲ့လာခြင်းတို့ကိုဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာလာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအရွယ်မတိုင်မီအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းလာခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

ကာကွယ်နိုင်မည့်နည်းလမ်းများ

၁။ ခရမ်းလွန်ရောင်ခြည်မြင့်မားစွာကျရောက်နိုင်သည့် နံနက်(၁၀)နာရီမှညနေ(၄)နာရီအတွင်းတွင် နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ပါက မိမိအသားကိုနေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့မိစေရန် မျက်နှာ၊ လည်ပင်းနှင့်ပခုံးတို့ကို ပါလုံခြုံသော ထီး၊ ဦးထုပ်စသည်တို့ကို ဆောင်းသွားပါ။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သောချည်သားထူထူပွပွအဝတ်အထည်များကို ဝတ်ဆင်ပါ။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်းထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို (၉၉)%အထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကိုတပ်ဆင်ပါ။

၃။ အဝတ်ကင်းလွတ်နေသောလက်၊လည်ပင်းနှင့်ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့မဟုတ်)SPF ၁၅+ ပါဝင်သောနေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ (၁၅)မိနစ်ခန့်ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေးတစ်ခါလိမ်းပြီး (၂)နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ကလေးငယ်များနှင့်သက်ကြီး ဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။ အသက်တစ်နှစ်အောက်ကလေးငယ်များကို နေပူထဲသို့ခေါ်ဆောင်ခြင်း မပြုပါနှင့်၊ ကလေးများကို အရိပ်ထဲတွင်သာ ကစားစေပါ။

မတ်လ၊ ၂၀၂၅ခုနှစ်



ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

ကြိုတင်ကာကွယ် အပူဒဏ် အန္တရာယ်

လိုက်နာဆောင်ရွက်ရန် အချက်များ

- အရိပ်ရ၍ အေးမြသောနေရာများတွင်သာနေပါ။
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပုခုံးတို့ကိုပါလုံခြုံသော အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များကိုဝတ်ဆင်ပါ။
- နေ့ခင်းနေ့လည်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ။
- ရေများများသောက်ပါ။

ရှောင်ကြဉ်ရန်အချက်များ

- နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်းနေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။
- ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။
- နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ။
- ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ခြင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ခြင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ မှပြုစုထုတ်ဝေသည်။

(မတ်လ ၂၀၂၅)

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန်ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

မြန်မာ့ရိုးရာလက်မှုအတတ်ပညာတစ်ခုဖြစ်သည့် အိုးလုပ်ငန်းများ မတိမ်ကောစေရေး လက်ဆင့်ကမ်းထိန်းသိမ်း

မြန်မာတို့သည် ယဉ်ကျေးမှုအရာတွင် ကမ္ဘာနှင့်ရင်ပေါင်တန်းတိုးတက်ခဲ့သည်။ အနောက်နိုင်ငံများလောက် စက်မှုအရာတွင် ထွန်းကားမှုမရှိသော်လည်း ရှေးအစဉ်အဆက်ကတည်းကရှိခဲ့သည့် မိရိုးဖလာလက်မှုပညာများတွင်မူ အဆင့်အတန်းနိမ့်ကျခြင်းမရှိခဲ့ဟု ဆိုနိုင်ပါသည်။

ဆလိုင်းကိုကီး(မဟာဝိဇ္ဇာ)



မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုလက်မှုအတတ်ပညာရပ်များတွင် အိုးလုပ်သည့်အတတ်ပညာသည် ဦးစွာပထမထွန်းကားခဲ့သည့် လက်မှုပညာတစ်ရပ်ဖြစ်သည်ဆိုလျှင် မှားမည်မထင်ပါ။ အိုးလုပ်ငန်းသည် မြန်မာ့ယဉ်ကျေးမှုဖြစ်တည်စကာလကပင် ပေါ်ပေါက်ခဲ့သည့်အားလျော်စွာ မြန်မာတို့၏ဘာသာစကား၊ စာပေစသည်တို့တွင် ထွေးရောယှက်တင် ပါဝင်နေသည်ကိုလည်း လေ့လာတွေ့ရှိရသည်။

ကမ္ဘာပေါ်တွင် လူသားများစတင်ပေါက်ဖွားလာသည့်အချိန်မှစတင်၍ နေထိုင်စားသောက်မှုပုံစံသည်လည်း တဖြည်းဖြည်း ပြောင်းလဲလာခဲ့ပေသည်။ စားသောက်ရန်အတွက် အိုးအင်ခွက်ယောက်များ လိုအပ်လာခဲ့သည်။ အစောပိုင်းတွင် ဝါးမှရရှိသော ဝါးကျည်တောက်၊ ဝါးခွက်များကိုအသုံးပြုပြီး သစ်ဥသစ်ဖုများကိုသာ စားသောက်ခဲ့ကြသည်။ ထိုမှ ရာသီဥတုကြောင့် တောမီးလောင်ကျွမ်းသဖြင့် သားရဲတိရစ္ဆာန်တို့၏ မီးလောင်ကျွမ်းသော အသားများမှ မွှေးကြိုင်သင်းပျံ့သောရနံ့ရရှိကာ မီးဖြင့်ချက်ပြုတ်စားသောက်လျှင်ရနိုင်ကြောင်း သိရှိလာကြသည်။ နောက်ပိုင်းကာလတွင် အိုးအင်ခွက်ယောက်များ လိုအပ်လာခဲ့ပေသည်။ ရှေးခေတ်ကမ္ဘာသူကမ္ဘာသားတို့သည် ဝါးဆစ်ဘူး၊ သစ်ရွက်၊ ကျောက်ခွက်စသည်တို့ကို ထည့်စရာအဖြစ် သုံးစွဲကြရာမှ အိုးအင်ခွက်ယောက်များကို စတင်တီထွင် ဖန်တီးလာခဲ့ခြင်းဖြစ်သည်။

ကျောက်ခေတ်သစ်နေရာဒေသများ

မြန်မာနိုင်ငံတွင် ကျောက်ခေတ်သစ်နေရာဒေသများစွာရှိသည့်အနက် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ရွာအနီးရှိ ရှင်ရဲတစ်ထောင်ကုန်း၊ အမရပူရမြို့နယ် တောင်သမန်အင်းဒေသ၊ ပုသိမ်ကြီးမြို့နယ် ရွှေစာရံဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ပိုင်းထောင်ကြီးရွာ ထောက်မကုန်းဒေသ၊ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပခန်းကြီးကြေးရိုးကုန်းဒေသတို့ကိုတူးဖော်ခဲ့ကြရာ ကျောက်ခေတ်သစ်ကာလ လက်နက်များ၊ အရိုးစူးသွား၊ ကျောက်ကွင်း၊ အရိုးစု၊ ပုတီးစေ့တို့နှင့်အတူ မြေထည်အိုးခွက်၊ အိုးခြမ်းကွဲတို့ကို တွေ့ရှိခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံ၏ အစောဆုံးမြေထည်ပစ္စည်းအထောက်အထားများကို ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာငံမြို့နယ် ပြဒါးလင်းဂူတူးဖော်မှုမှ စတင်တွေ့ရှိခဲ့ရပေသည်။ ပြဒါးလင်းဂူနံရံပေါ်တွင် ရေးဆွဲခဲ့သော ရှေးဦးလူတို့၏ပန်းချီပုံများနှင့် သက်တမ်းအပြိုင် အစောဆုံးမြေထည်များသည် လွန်ခဲ့သောနှစ်ပေါင်း ၁၀၀၀၀ မှ ၁၁၀၀၀ ကာလ အထိကြာရှည်ခဲ့ပြီဖြစ်သည်။ မြေထည်များကို လေ့လာကြည့်ပါက လက်ရာကြမ်းသော လက်ထွင်းအိုး (ခေါ်) လက်လုပ်အိုး (Handmade Pottery) များဖြစ်သည်။

ယေဘုယျအားဖြင့် မြန်မာ့ကျောက်ခေတ်သစ်ကာလ မြေထည်အိုးခြမ်းကွဲများ၏ မြေထည်အမျိုးအစားမှာ မီးခိုးရောင်ရွှဲနှစ်ဖြင့်ပြုလုပ်သော မြေထည်နှင့် အနီရောင်သဲစပ်ရွှဲစေးမြေထည်တို့ဖြစ်သည်။ ဘုတလင်မြို့နယ် ညောင်ကန်ဒေသ၊ မုန်ထူးဒေသ၊ တောင်သာမြို့နယ် နှောကန်ဒေသနှင့် ရမည်းသင်းမြို့နယ် မြို့လှဒေသတို့ကို တူးဖော်သုတေသနပြုရာတွင် ကြေးဦးခေတ် Chalcolithic Period မှသည် Dawn of the Iron Age နှင့် သက်ဆိုင်သော မြေအိုးမြေခွက်အမြောက်အမြားကို လူနေထိုင်ရာဒေသ (Inhabited Area) တွင်သာမက သင်္ချိုင်းနေရာ (Burial site)တို့တွင်လည်း တွေ့ရှိရသည်။ အဓိကမြေထည်အမျိုးအစားများမှာ အနီရောင်မြေထည်များဖြစ်ပြီး အိုးမျက်နှာပြင်အချောကိုင်အရောင်တင်ခြင်း မရှိသေးချေ။ မြေအိုးမြေခွက်ပုံသဏ္ဌာန်မျိုးစုံတွေ့ရှိရပြီး ထင်ရှားသည်များမှာ အောက်ခြေခုံတွင် လက်ကိုင်ရိုးရှည်နှင့် အပေါ်ပိုင်း ပန်းကန်ပါရှိသော မြေကလပ်များ၊ အချို့မှာ အောက်ခြေဝိုင်းတစ်ခုတည်းပေါ်တွင် လက်ကိုင်ရိုး ပန်းကန်နှစ်ခု၊ သုံးခုပါရှိသော မြေကလပ်များ (Dish on Stand)၊ ဆင်ရုပ်၊ နွားရုပ်၊ ဝက်ရုပ် စသည်ဖြင့် လက်ကိုင်အဖုံးပါသော ဖင်လုံးကိုယ်ထည်ကား အိုးများ၊ ဆလင်ဒါပုံစိမ်ရည်အိုးများ၊ နှုတ်ခမ်းလန်ဖင်လုံးနှင့် ချက်ပြုတ်အိုး၊ နှုတ်ခမ်းလန်ဇောက်နက်ခွက်၊ မြေပန်းကန်၊ အောက်ခြေပြားခွက်၊ အောက်ခြေလုံးခွက်၊ လည်ပင်းရှည်အိုးစသည်တို့ဖြစ်သည်။

အိုးတော်ဆက်အမှုထမ်းများနေထိုင်ရန် ရပ်ကွက်များကိုပင် သီးသန့်ပေး

အိုးဟုဆိုရာတွင် အိုးပုတ်မှစ၍ ချိုးရုပ်၊ စလယ်ဝင်အိုး၊ ခွက်ဝင်အိုး၊ အိုးစရည်း၊ အိုးကြီးထုတ်များအထိ ပုံစံအရွယ်အစားအမျိုးမျိုးရှိလေသည်။ အချို့အရပ်ဒေသများတွင် သောက်ရေအိုး၊ ရေတကောင်း၊ လက်ဖက်ရည်ကရားတို့တွင် ကိန္နရာရုပ်၊ နဂါးရုပ်၊ ဘီလူးရုပ် စသည်ဖြင့် အနုပညာလက်ရာများဖော်ထားသည်ကို တွေ့ရလေသည်။ မြန်မာဘုရင်များအုပ်စိုးစဉ်က အိုးလုပ်ငန်းကို အရေးတယူအသားပေးခဲ့ကြသဖြင့် အိုးတော်ဆက်အမှုထမ်းများနေထိုင်ရန် ရပ်ကွက်များကိုပင် သီးသန့်ပေးခဲ့ကြသည်ကို တွေ့ရပေသည်။ ထို့ကြောင့် စစ်ကိုင်း၊ အမရပူရ၊ မန္တလေး၊ ရွှေဘို စသော ထီးစိုက်နန်းတည် မြို့ကြီးများ၌ ယနေ့တိုင် အိုးတော်ရပ်၊ အိုးပို့ရပ်ဟူသော အမည်များဖြင့် ရပ်ကွက်များတည်ရှိနေကြသည်။

အိုးထိန်းစက်(Potters Wheel)ကိုသုံး၍ မီးဖုတ်သော ရှေးသမားရိုးကျနည်းဖြင့်ပင် အိုးထုတ်လုပ်ကြသဖြင့် ရပ်သုံးရွာသုံး၊ ပြည်တွင်းသုံးများအဆင့်ထက်မတိုးတက်နိုင်ဘဲရှိခဲ့လေသည်။ ကိုလိုနီခေတ်တွင် ပြည်ပမှ ကြွေထည်၊ ဖန်ထည်နှင့် ဒန်အိုးဒန်ခွက်များဝင်ရောက်လာသောအခါ ရိုးရာအိုးလုပ်ငန်းမှာ ပျောက်ကွယ်မသွားသော်လည်း ရက်ကန်းလုပ်ငန်းကဲ့သို့ပင် မှေးမှိန်ကျဆင်းသွားလေတော့သည်။ ထို့ကြောင့် မြန်မာ့အိုးလုပ်ငန်း ခေတ်မီတိုးတက်စေရေးအတွက် ခေတ်မီနည်းပညာများ လိုအပ်သည်ဖြစ်ရာ အိုးလုပ်မည့်မြေအမျိုးအစားကို ဓာတ်ခွဲစမ်းသပ်ပြီး မြေအမျိုးအစားများကို ရောနှောပေါင်းစပ်ခြင်းစသော သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် သင်ကြားပို့ချရန် အင်းစိန်အင်ဂျင်နီယာကျောင်း၌ မြေထည်လုပ်ငန်းဌာနကို ဖွင့်လှစ်၍ အိုးလုပ်ငန်းကျွမ်းကျင်ပညာရှင် မစ္စတာ နစ်ကိုလပ်ဦးစီးပြီး အိုးထွက်ရာဒေသများဖြစ်သည့် သထုံခရိုင် ရင်းငြိမ်ဒေသ၊ ပခုက္ကူခရိုင် ကျောက်တပ်ဒေသ၊ ရမည်းသင်းခရိုင် လက်ပံနှင့် အင်းတော်ကလေးဒေသ၊ ရွှေကျင်ခရိုင် ကုသိန္နာရုံဒေသ၊ သာယာဝတီခရိုင် မင်းလှဒေသတို့မှထွက်ရှိသော မြေများတွင် ဆီလီကွန်ဒိုင်အောက်ဆိုက်၊ တိုက်တေနီယမ်အောက်ဆိုက်၊ အလူမီနီယမ်အောက်ဆိုက်၊ သံအောက်ဆိုက်၊ ကယ်လ်ဆီယမ်အောက်ဆိုက်၊ မဂ္ဂနီဆီယမ်အောက်ဆိုက်၊ ပိုတက်ဆီယမ်အောက်ဆိုက်၊ ဆိုဒီယမ်အောက်ဆိုက် ပါဝင်နှုန်းများကို ဓာတ်ခွဲစမ်းသပ်ပေးခဲ့သည်။ ရင်းငြိမ်၊ ရမည်းသင်း၊ မင်းလှ၊ ပခုက္ကူတို့မှ မြေများသည် မြေဖြူမျိုး (White Clay) ဖြစ်ကြောင်း တွေ့ရှိရသည်။ မင်းလှမြေတွင် ကေအိုလင် ၄၇ ရာခိုင်နှုန်းပါဝင်ပြီး ပခုက္ကူမြေတွင် ကေအိုလင် ၇၅ ရာခိုင်နှုန်းပါဝင်ကာ ထိုမြေများနှင့် ရောနှောပါရှိသောသဲသည် ဆေးထည့်ရန် ဖန်ပုလင်းများပြုလုပ်နိုင်ကြောင်း တွေ့ရှိခဲ့သည်။ ယင်းသို့စမ်းသပ်စစ်ဆေးရာတွင် မြန်မာနိုင်ငံအတွင်းရှိ မြေထည်လုပ်ငန်းများ၌ အသုံးပြုသော သဘာဝပစ္စည်းရိုင်းများကို ဓာတ်သဘော အရစမ်းသပ်ခြင်း၊ အစိုးရဌာနရုံးအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် အုတ်ဖုတ်မည့်မြေကြီးများ စမ်းသပ်ခြင်း၊ လက်ဖက်ရည်အိုး၊ ပန်းအိုး၊ ပန်းကန်ပြား၊ ကြွေကရား စသောပစ္စည်းအမျိုးမျိုးစမ်းသပ်ပြုလုပ်ခြင်း၊ မြေထည်၊ ကြွေထည်ပစ္စည်းသစ်များတိုးတက်ဖြစ်မြောက်အောင် လုပ်ဆောင်ပေးခြင်း၊ ကြွေထည်ပစ္စည်းများ၊ မီးခံအုတ်၊ နံရံကပ်ကြွေပြားနှင့် အိမ်တွင်းလက်မှုလုပ်ငန်းများအတွက် အုတ်ကြွပ်ပြားများဖြစ်မြောက်လာရေးအတွက် စမ်းသပ်မှုများပြုလုပ်ပေးခြင်း အစရှိသည်တို့ ပါရှိကြလေသည်။ ထို့ပြင် မြန်မာနိုင်ငံအတွင်းရှိ အိုးဖိုများအတွက် မြေထည်၊ ကြွေထည်ပြုလုပ်ရန် နည်းသစ်များကို စီမံပေးသောလုပ်ငန်းများလည်းပါရှိသည်။

အိုးလုပ်ငန်းများ တည်ရှိဆဲပင်ဖြစ်

မြန်မာ့ရိုးရာအိုးလုပ်ငန်းသည် ရှေးယခင်ကပင် ဆင်းသက်လာခဲ့သည့် ရိုးရာလက်မှုအတတ်ပညာတစ်ရပ်ဖြစ်ပြီး အထူးသဖြင့် ပျူယဉ်ကျေးမှုထွန်းကားခဲ့ရာ မြန်မာနိုင်ငံအလယ်ပိုင်း မြေပြန့်လွင်ပြင်နှင့် မြစ်ဝှမ်းဒေသများ၊ အရှေ့ပိုင်း၊ အနောက်ပိုင်းနှင့် မြောက်ပိုင်း၊ တောင်ပိုင်း စသည့်ဒေသများတွင်လည်း ရိုးရာအစဉ်အလာအလိုက် အိုးလုပ်ငန်းများ တည်ရှိဆဲပင်ဖြစ်သည်။ မြေအိုး၊ မြေထည်အကြမ်းစားများကို ရပ်သုံးရွာသုံးအတွက် ထုတ်လုပ်ပေးသည့် ကျေးရွာဒေသများစွာရှိသည့်အနက် တွံတေး၊ မော်လမြိုင်၊ ရွှေဘို၊ ကျောက်မြောင်းဒေသတို့မှာ စဉ့်အိုးစဉ့်ခွက်များ ထုတ်လုပ်ရာဒေသများနှင့် ပျဉ်းမနား၊ ရွှေဂူ၊ လွိုင်လင်တို့တွင် မြေထည်စဉ့်သုတ် အချောထည်၊ လက်ဖက်ရည်ကရား၊ ညောင်ရေအိုး စသည့်ပစ္စည်းများထွက်ရှိရာ ဒေသများအဖြစ် ထင်ရှားလေသည်။ မျက်မှောက်ကာလ၌ မြန်မာနိုင်ငံအတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ရှိ မြို့၊ ရွာနေရာဒေသအချို့တို့တွင် ဒေသအလိုက်ထွက်ရှိသော မြေအမျိုးအစားပေါ်အမှီပြုကာ မြန်မာ့ရိုးရာမြေအိုးနှင့် စဉ့်အိုးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင်စီးပွားဖြစ်သော်လည်းကောင်း၊ အသေးစားလက်မှုလုပ်ငန်းတစ်ခုအဖြစ်သော်လည်းကောင်း ဆက်လက်လုပ်ကိုင်လျက်ရှိကြသည်။

စာမျက်နှာ ၂၅ သို့ ✪

“မြန်မာ့အိုးလုပ်ငန်းကို ခေတ်မီတိုးတက်စေရေးအတွက် ခေတ်မီနည်းပညာများ လိုအပ်သည်ဖြစ်ရာ အိုးလုပ်မည့်မြေအမျိုးအစားကို ဓာတ်ခွဲစမ်းသပ်ပြီး မြေအမျိုးအစားများကို ရောနှောပေါင်းစပ်ခြင်း စသောသုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် သင်ကြားပို့ချရန် အင်းစိန်အင်ဂျင်နီယာကျောင်း၌ မြေထည်လုပ်ငန်းဌာနကိုဖွင့်လှစ်၍ အိုးလုပ်ငန်းကျွမ်းကျင်ပညာရှင် မစ္စတာနစ်ကိုလပ် ဦးစီးပြီး အိုးထွက်ရာဒေသများမှထွက်ရှိသော မြေများတွင် ဆီလီကွန်ဒိုင်အောက်ဆိုက်၊ တိုက်တေနီယမ်အောက်ဆိုက်၊ အလူမီနီယမ်အောက်ဆိုက်၊ သံအောက်ဆိုက်၊ ကယ်လ်ဆီယမ်အောက်ဆိုက်၊ မဂ္ဂနီဆီယမ်အောက်ဆိုက်၊ ပိုတက်ဆီယမ်အောက်ဆိုက်၊ ဆိုဒီယမ်အောက်ဆိုက် ပါဝင်နှုန်းများကို ဓာတ်ခွဲစမ်းသပ်”

◎ စာမျက်နှာ ၂၄ မှ

မြန်မာနိုင်ငံတွင် ဆယ့်နှစ်လရာသီရှိသည့် အနက် တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်း၊ တန်ခူးလများသည် အိုးစိမ်းရိက်၊ အိုးဖုတ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လေ့ရှိသည့် အချိန်ကာလများဖြစ်သည်။ အိုးဖုတ်လုပ်ငန်း လုပ်ကိုင်ရာတွင် နေရာဒေသအပေါ်မူတည်၍ အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများ ပုံစံအမျိုးမျိုးကွဲပြားလျက်ရှိပြီး ရွှံ့စေးမြေ(မြေနက်)၊ တောင်မြေ(မြေနီ)၊ မြေဖြူ(အဝါရောင်အနည်းငယ်သန်းသည့်မြေ)၊ မြေစီး၊ မြေစေးနှင့် ကုန်းသဲ၊ နုန်းမြေများဖြင့် ပြုလုပ်ကြသည်ကို တွေ့ရှိရသကဲ့သို့ နေရာဒေသအလိုက် ရာသီဥတုကွဲပြားမှုများရှိခြင်းကြောင့် ခိုင်ခံ့ကောင်းမွန်သည့် အိုးတစ်လုံးရရှိရေး အိုးပြုလုပ်သည့်အချိန်ကာလများမှာလည်း ကွာခြားလျက်ရှိသည်ကိုတွေ့ရသည်။

အဆင့်ဆင့်အချိန်ပေးလုပ်ကိုင်ရသော လုပ်ငန်းတစ်ခုဖြစ်

အိုးလုပ်ငန်းသည် လက်ဝင်ပြီး အိုးလုပ်သားများအဖို့ အဆင့်ဆင့်အချိန်ပေးလုပ်ကိုင်ရသော လုပ်ငန်းတစ်ခုဖြစ်ပေသည်။ အိုးတစ်လုံးစတင် ပြုလုပ်တော့မည်ဆိုလျှင် ပထမဦးစွာ အိုးလုပ်ရန်လိုအပ်သော ရွှံ့စေးမြေ(မြေနက်)၊ မြေစီးများကို တူးယူရသည်။ တူးယူရရှိသည့်မြေတုံးများကို လိုအပ်သည့် အရွယ်အစားရရှိသည်အထိ ထုချေခြင်း၊ မောင်းဆုံဖြင့်ထောင်းခြင်းတို့ပြုလုပ်ကာ နေလှန်းပေးရသည်။ ထိုမှတစ်ဆင့်ရရှိလာသည့်မြေများကို ထပ်မံ၍ ဆန်ခါဖြင့်ချကာ အိစက်နေသောမြေများကို ရွေးထုတ်ပေးရသည်။ ရွေးပြီးသောမြေများကို ပိုမိုမာကြောလာစေရန် နေရာဒေသများအလိုက် ရရှိနိုင်သည့်ကုန်ကြမ်းအပေါ်မူတည်၍ ကုန်းသဲ၊ တောင်မြေ(ခေါ်)မြေနီ စသည်တို့နှင့်ရောစပ်ကာ အမှုန့်ကြိတ်ရသည်။ ထို့နောက် အမှုန့်ကြိတ်ပြီးသော မြေညက်များနူးနပ်၍ သမစေရန် ရေဖြင့်ဆွတ်လောင်းပြီးလျှင် အကြိမ်ကြိမ်မွှေနှောက်ကာ နှပ်ထားရသည်။ အချို့ကျေးလက်ဒေသများတွင် အိုးပြုလုပ်ရန်အတွက် သဲပါဝင်နှုန်းနည်းပါးသော မြေဖြူများရရှိနိုင်သဖြင့် အမှုန့်ဖြစ်သည်အထိ ထုချေရန်မလိုဘဲ မြေနီမှုန့်ဖြင့် သမအောင်မွှေနှောက်ကာ ရေဖြင့်နှပ်ထားကြသည်။ ရေဖြင့်နှပ်ထားသည့်မြေများ မခြောက်စေရန် ပလတ်စတစ်(သို့မဟုတ်) အခြားအဝတ်စတစ်ခုခုဖြင့် ဖုံးအုပ်ထားပေးရသည်။

အိုးလုပ်ရန် လိုအပ်သောကိရိယာများမှာ (၁)အိုးထိန်းစက် (အိုးထွင်းစက်ဟုလည်း ခေါ်ကြသည်)၊ (၂) ပလာ၊ (၃)လက်ခုတို့ ဖြစ်ကြသည်။ အိုးထိန်းစက်ဆိုသည်မှာ အကျယ်တစ်တောင်ခန့်ရှိသော သစ်သားပိုင်းတစ်ခုကို အလယ်တွင် ဝင်ရိုးတိုင်ကဲ့သို့ တိုင်တိုကလေးစိုက်ထား၍ ထိုတိုင်ငုတ်လေးတွင် အကျယ်တစ်တောင်ခန့်ရှိသော သစ်ပြားဝိုင်းတစ်ခုကို ဆုံလည်ကဲ့သို့ စရွေးစွပ်ထားခြင်းဖြစ်သည်။ ထိုသစ်ပြားဝိုင်း၏ ဘေးနှစ်ဖက်တွင် လက်ကိုင်ရန် သစ်သားစွန်းလေးနှစ်စ ပြုလုပ်ထားသည်။ ထိုအစွန်းလေးနှစ်စကို လက်နှင့်ကိုင်၍ လှည့်လျှင် သစ်ပြားဝိုင်းလေးသည် အလွယ်တကူ လည်ပတ်နိုင်လေသည်။ လက်ခုဆိုသည်မှာ မြေညက်ကို မီးဖုတ်ထားသော လက်သီးဆုပ်သာသာ အရွယ်ရှိသည့် ခုံးပြားပြားပုံသဏ္ဌာန်ရှိသော ကိရိယာတစ်မျိုးဖြစ်သည်။ လက်ခုတွင် ခတ်လက်ခုနှင့် လုံးလက်ခုဟူ၍ နှစ်မျိုးရှိသည်။ ခတ်လက်ခုကို အိုး၏အထူအပါးကိုညှိရာ၌ ပြည်ပလာ၊ ပန်းပလာတို့နှင့် တွဲဖက်၍အသုံးပြုသည်။ လုံးလက်ခုကိုမူ ရွှံ့သားထူသည့်နေရာမှ ရွှံ့သားပါးသည့်နေရာသို့ ဖြန့်ညှိရာ၌ မော်လုံးပလာနှင့်တွဲဖက်၍ အသုံးပြုသည်။ အိုးပုံလောင်းရာတွင် လူနှစ်ယောက်လုပ်ကိုင်ကြရသည်။ ပထမလူတစ်ယောက်က အိုးထိန်းစက်



ကို ချာချာလည်အောင်လှည့်ပေးရသည်။ ဒုတိယလူတစ်ယောက်က အသင့်ရှိပြီးဖြစ်သော ရွှံ့မြေညက်ကိုလုံး၍ ချာချာလည်နေသော အိုးထိန်းစက်၏ အလယ်ဗဟိုတွင်တည်ကာ လက်နှစ်ဖက်ဖြင့် အလိုရှိသောအိုးပုံစံသို့ရောက်အောင် ပြုပြင်ပေးသည်။ ထိုသို့အိုးပုံလောင်းခြင်းသည် သုံးမိနစ်မျှကြာလျှင်ပြီးစီးသည်။ အိုး၏အကြီးအသေးကိုလိုက်၍ ရွှံ့မြေကို မှန်းဆယူငင်ပြီးလျှင် ချာချာလည်နေသော အိုးထိန်းစက်ပေါ်သို့တင်လိုက်ပုံနှင့် ထိုရွှံ့တုံးကို လက်နှစ်ဖက်ဖြင့်ပြုပြင်ပေးရုံမျှဖြင့် တဖြည်းဖြည်း အိုးဖြစ်လာပုံတို့မှာ အလွန်ကြည့်၍ ကောင်းပေသည်။ ထိုလုပ်ငန်းကို အိုးထွင်းသည်ဟု ခေါ်ကြသည်။ ထွင်းပြီး (ပုံလောင်းပြီး)သောအိုးကို အိုးခတ်မည့်သူထံ ပို့ရလေသည်။

အိုးခတ်သူသည် အထက်တွင်ဖော်ပြခဲ့သော လက်ခုကို အိုး၏အတွင်းဘက်မှခုခု၍ ခံ၍အပြင်ဘက်မှ ပလာဖြင့်ခတ်၍၊ ပုတ်၍ အထူအပါးကို ညှိပေးရသည်။ ထိုသို့အထူအပါးညှိရာ၌ မြေနက်၊ မြေနီရောစဉ်က အချိုးမကျခဲ့လျှင် ပလာတွင် ရွှံ့မြေညက်များ ကပ်၍ပါလာတတ်သည်။ ထိုသို့ဖြစ်လျှင်သဲကြမ်းကို ဖြူးပေးရသည်။ သဲကြမ်းအဖြူးများသော အိုးသည် နောင်အခါ၌ ရေစိမ့်များ၍ ရေအေးသည်။ ပြာသိုလတွင်ပြုလုပ်သည့် ရေအိုးသည် အေးသည်ဟု ဆိုကာ သောက်ရေအိုးတည်ရန် ပြာသိုအိုးကို ရွေးချယ်၍ ဝယ်လေ့ရှိကြသည်။ အမှန်မှာ ပြာသိုလတွင် လုပ်သဖြင့် ရေအေးသည်မဟုတ်ပေ။ အိုးခတ်စဉ်က သဲကြမ်းများများ ဖြူးပေးခြင်းကြောင့်သာ အေးခြင်းဖြစ်သည်။ အိုးခတ်၍ ၁၅ မိနစ်ခန့်ကြာသော အခါ မှန်ကူကွက်စသော ပန်းပုံလေးများဖော်ပြီးပါက အိုးတစ်လုံးကို အချောကိုင်ပြီးဖြစ်လေသည်။ အိုးလုပ်သားတို့၏လက်ဆနှင့်ကျွမ်းကျင်မှုအပေါ်မူတည်ပြီး မိမိလိုချင်သည့်အိုးပုံသဏ္ဌာန်များနှင့် အပွင့်ပုံစံများဖန်တီးကြသည်။ ပုံဖော်ထားသည့် အိုးများ အိုးဖင်မကပ်စေရန် ပြာမှုန့်ကပ်ပေးပြီး အနည်းငယ်ခြောက်သွားအောင် အရိပ်ထဲတွင် ၃/၄ နာရီခန့်ထားကြသည်။ အိုးဖင်ခြောက်သွားသည့်အိုးများကို ပျမ်းမျှအားဖြင့် နှစ်ရက်ခန့်နေပူထဲထုတ်လှန်းကာ ခြောက်သွားသည့်အိုးများ အရောင်လှစေရန် မြေနီမှုန့်ကိုရေဖျော်၍ အချိုးကျသုတ်လိမ်းပေးခြင်း၊ ဓာတုပစ္စည်းတစ်မျိုးသုတ်ပြီး ချော်ရည်လောင်းခြင်းများပြုလုပ်ကြသည်။ အချောကိုင်ပြီးလျှင် နေပူရာတွင်ဖြစ်စေ၊ လေသလပ်ရာတွင်ဖြစ်စေ ဖြန့်ချထားရသည်။

ပလာသုံးမျိုးရှိ

ပလာဆိုသည်မှာ အရှည်တစ်ပေခန့်နှင့် ဖြက်သုံးလက်မခန့်ရှိသော သစ်သားလက်ရိုက်တစ်မျိုးဖြစ်သည်။ ထိုပလာတွင် (၁) ပြည်ပလာ၊ (၂) မော်လုံးပလာ၊ (၃)ပန်းပလာဟူ၍ သုံးမျိုးရှိသည်။ ပြည်ပလာကို အိုးအထူအပါးညီစေရန်ညှိရာ၌ အသုံးပြုသည်။ မော်လုံးပလာကို အိုးအထူအပါးညှိရာ၌ပင် အိုး၏ဖင်ပိုင်းကဲ့သို့ ရွှံ့သားထူသည့်နေရာမှ ရွှံ့သားပါးသည့်နေရာသို့ ဖြန့်ညှိရာ၌ အသုံးပြုသည်။ ပန်းပလာကိုမူ အထူအပါးညှိ၍ စိတ်ကြိုက်ပုံစံသို့ ရောက်သည့်အခါ မှန်ကူကွက်လေးများ၊ ပန်းနွယ်ပန်းပွင့်လေးများ၊ ကျေးရုပ်လေးများစသည်ဖြင့် အိုးကိုအလှဖော်ရာ၌ အသုံးပြုသည်။

အိုးမီးဖုတ်လုပ်ငန်း စတင်တော့မည်ဆိုလျှင် ပထမဦးဆုံး ထင်းစီခြင်း၊ ထင်းခွေခြင်းများပြုလုပ်ပြီး မီးဖုတ်မည့်အိုးများကို စနစ်တကျခွေရသည်။ စနစ်တကျခွေထားသည့် အိုးပတ်ပတ်လည်ကို ထင်းထပ်မံစီကာ ကောက်ရိုးများဖြင့် သေချာဖုံးအုပ်ပြီး အိုးမီးဖုတ်ကြရသည်။ ထိုသို့အိုးမီးဖုတ်ရာတွင် သတ်မှတ်ထားသည့် ထင်းအရွယ်အစားနှင့် အချိုးအစားကို မှန်ကန်စွာအသုံးပြုတတ်ရသည့်အပြင် မီးအပူချိန်ကိုလည်း မှန်ကန်စွာချိန်ဆတတ်မှသာ အိုးကောင်းများရရှိမည်ဖြစ်သည်။ မီးအပူချိန်ကို ၁၀၀ မှ ၁၁၀၀၊ ၁၂၀၀ စင်တီဂရိတ်အထိ သုံးရပြီး အိုးကြီး ၄၀ မှ ၅၀ ခန့်နှင့် အိုးအမျိုးအစားပေါင်း ၁၀၀၀၀ ခန့် မီးဖုတ်ပါက တစ်ရက်ခွဲခန့်ကြာမြင့်တတ်သော်လည်း မီးအေးအေးဖြင့် မီးဖုတ်ပေးပါက ငါးရက်ခန့်အထိ ကြာမြင့်လေ့ရှိကြောင်း သိရသည်။ အိုးများကျက်သော်လည်း အပူရှိန်ကျန်ရှိနေသေးခြင်းကြောင့် ချက်ချင်းမထုတ်ယူဘဲ သုံးရက်မှ ငါးရက်ခန့်အထိ အအေးခံကာ ဖိုပေါက်ဖွင့်ထားကြသည်။ ဖိုထဲမှထုတ်ယူပြီးပါက အချောသပ်ရန် အဆင့်သာ ကျန်ရှိတော့ရာ ရာသီဥတုကောင်းမွန်ခြင်းမရှိပါက အပြင်မထုတ်ဘဲ ဖိုထဲတွင်သာထားတတ်ကြသည်။

အိုးလုပ်ငန်းကို မိသားစုအလိုက် မိရိုးဖလာ လုပ်ကိုင်ကြသူများရှိသလို အသေးစားစီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် အိုးလုပ်သားများငှားရမ်းကာ စီးပွားဖြစ်လုပ်ကိုင်ကြသူများလည်းရှိသည်။ စီးပွားဖြစ်လုပ်ကိုင်သူများအနေဖြင့် အိုးလုပ်သားအနည်းဆုံး သုံးဦးမှ ၁၀ ဦးနှင့်အထက် ငှားရမ်းလုပ်ကိုင်ကြပြီး နေရာဒေသအပေါ်မူတည်၍ လုပ်အားခနှင့် အခြားရင်းနှီးကုန်ကျစရိတ်မှာလည်း ကွာခြားလျက်ရှိသည်။

နိုင်ငံခြားစျေးကွက်များအထိပါ တင်ပို့

ယခုနောက်ပိုင်းတွင် မြန်မာ့လက်မှုထည် အိုးလုပ်ငန်းကို ခေတ်မီဆန်းသစ်သော အိုးအမျိုးမျိုးနှင့် အလှပန်းအိုးများကို ပုံဖော်ပြုလုပ်လာကြပြီဖြစ်သည်။ မြန်မာ့အိုးများကို မြန်မာနိုင်ငံအနှံ့အပြားတို့တွင် ရေလမ်း၊ ကုန်းလမ်းစနစ်များဖြင့် တင်ပို့ရောင်းချခြင်း၊ ဝယ်ယူအသုံးပြုခြင်းများရှိသည့်အပြင် နိုင်ငံခြားစျေးကွက်များအထိပါ တင်ပို့ရောင်းချလျက်ရှိပါသည်။ သမိုင်းမှတ်တမ်းများအရ မြန်မာ့အိုးများကို ထိုင်း၊ တရုတ်၊ ဂျပန်၊ မလေးရှား၊ စင်ကာပူ၊ ဩစတြေးလျ၊ နယ်သာလန်နိုင်ငံတို့နှင့် နယူးယောက်မြို့များက မှာယူအသုံးပြုလျက်ရှိကြောင်း သိရသည်။

အချို့နေရာဒေသများတွင် အိုးလုပ်ငန်းကျွမ်းကျင်လုပ်သားပညာရှင်နည်းပါးပြီး မိရိုးဖလာလုပ်ကိုင်လာသူများကသာ အစဉ်အလာမပြတ်လုပ်ကိုင်ကြသည်ကိုတွေ့ရသည်။ ထို့အပြင် မြေအိုးပြုလုပ်ရာတွင် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများ ရှားပါးလာခြင်း၊ ဝယ်ယူအသုံးပြုသည့် ကုန်ကျစရိတ်များပြားခြင်း၊ တစ်ဆင့်ခံဝယ်ယူပြုလုပ်သည့် မြေအိုးများမီးဖုတ်ရာတွင် အိုးကျ (အိုးကွဲ)များပြားလာခြင်းတို့ကြောင့် အိုးဖောက်သည်(ဝယ်ယူသူ) ရှားပါးလာမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေကြရပြန်သည်။ အိုးလုပ်ငန်းသည် ရှေးအစဉ်အဆက်ကပင် လူကြီးများက လူငယ်မျိုးဆက်များထံ လက်ဆင့်ကမ်းပေးလာခဲ့သောပညာရပ်တစ်ခုဖြစ်သည်။ သို့ရာတွင် ယနေ့ခေတ်လူငယ်များက အိုးလုပ်ငန်းသည် ဝင်ငွေနည်းပါးသည့် လုပ်ငန်းတစ်ခုဟုမှတ်ယူကာ လက်ဆင့်ကမ်းပညာသင်ယူသော အိုးလုပ်သားများ မရှိသလောက်ရှားပါးလာသည်။

ယနေ့လူဘောင် အဖွဲ့အစည်းတွင် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသော နည်းပညာရပ်များနှင့် စိန်ခေါ်မှုများစွာရှိလာပြီဖြစ်ရာ အလုပ်အကိုင် အခွင့်အလမ်းဖန်တီးနိုင်ရေးနှင့် မိသားစုအဝိုင်းငွေ ပိုမိုရှာဖွေနိုင်ရေးတို့အတွက် မြို့ပြများ(သို့မဟုတ်) ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ရန်ကိုသာ ပိုမိုဦးစားပေးလာကြသည်။ အချို့ဒေသများတွင် အိုးလုပ်ငန်းပညာရပ်ကို ကျွမ်းကျင်ပိုင်နိုင်စွာလုပ်ကိုင်နိုင်သည့် သက်ကြီးပိုင်းများကြောင့် အိုးလုပ်ငန်းများ ပုံမှန်လည်ပတ်လျက်ရှိသော်လည်း ပိုမိုတိုးချဲ့လုပ်ကိုင်ရန် မစွမ်းဆောင်နိုင်ခြင်း၊ လက်ဆင့်ကမ်းလုပ်ကိုင်မည့် လူငယ်လုပ်သားများ ရှားပါးလာခြင်းနှင့် ကုန်ကြမ်းရှားပါးခြင်းတို့ကြောင့် ရိုးရာအမွေအနှစ်လုပ်ငန်းတစ်ခုဖြစ်သည့် အိုးလုပ်ငန်းပျောက်ကွယ်သွားမည်မှာ စိုးရိမ်ဖွယ်ရာဖြစ်သည်။ ထို့အပြင် မြေထည်လက်မှုအသုံးအဆောင်များနေရာတွင် ဝယ်ယူအသုံးပြုရလွယ်ကူသည့် ခေတ်မီအသုံးအဆောင်ပစ္စည်းများနေရာယူလာခြင်းသည်လည်း မြေထည်လက်မှုလုပ်ငန်းများအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာပြီဖြစ်သည်။ မြန်မာ့ရိုးရာမြေထည်၊ စဉ့်ထည် ပစ္စည်းများဖြစ်သည့် စဉ့်အိုး၊ မြေအင်တုံ၊ ပန်းအိုး၊ ငရုတ်ဆုံ၊ ဆီမီးခွက်၊ ကလေးကစားစရာမြေထည်လက်မှုပစ္စည်းများသည် ပြောင်းလဲလာသည့် လူမှုအသိုက်အဝန်းအတွင်း ရပ်တည်ရန် ခက်ခဲလျက်ရှိနေပြီဖြစ်သည်။

နိုင်ငံတကာတွင် လက်မှုပညာအသုံးအဆောင်များကို ကျွမ်းကျင်ပညာရှင်များနှင့် ခေတ်မီနည်းပညာပုံပိုးကာ ရောင်းတမ်းဝင်အသုံးအဆောင်များအဖြစ် တန်ဖိုးမြှင့်တင်စီစဉ်ဆောင်ရွက်ကြသလို မြန်မာနိုင်ငံရှိ ရိုးရာလက်မှုအတတ်ပညာတစ်ခုဖြစ်သည့် မြေအိုးလုပ်ငန်းများကိုအသေးစားစီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ပိုင်းဝန်းအားပေးမြှင့်တင်ဆောင်ရွက်မည်ဆိုပါက ပိုမိုထွန်းကားကျယ်ပြန့်လာကာ နှစ်ပေါင်းများစွာတိုင်အောင် ရေရှည်တည်တံ့နေမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကျမ်းကိုးစာရင်းများ-

၁။ **ဒေါက်တာသန်းထွန်း၊ "မြန်မာ့အိုးသမိုင်းနှင့် ဖြည့်စွက်စာတမ်း ၈ စောင်"၊ ၂၀၁၃ခုနှစ်၊ မတ်လ။**

၂။ **"မြန်မာ့အိုးခွက်လုပ်ငန်း"၊ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၁၀)။**

၃။ **DOCA(မကွေး)၊ "ရေစကြိုဒေသထွက်ပခန်းအိုး"၊ စားသုံးသူရေးရာဦးစီးဌာန၊ Website၊ ၂၀၂၂ခုနှစ်၊ မေလ။**

၄။ **အခြားစာပေများ။**

မော်ဘီမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မတ် ၁၅

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် ခမ္မရေအေးကံကလေးကျေးရွာအုပ်စုရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ကံကလေးကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၁ ပါးနှင့် ဒေသခံပြည်သူ ၁၄၀ တို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်း ဒေသကြီး မဟာအောင်မြေမြို့နယ် သံလျက်မော် အနောက်ရပ်ကွက်နှင့် ပတ်ဝန်းကျင်ရပ်ကွက်များရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အဆိုပါရပ်ကွက်ရှိ ရန်မျိုးလုံပေါ်တော်မူမြတ်စွာဘုရားမဟာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၈၁ ပါးနှင့် ဒေသခံပြည်သူ ၁၅၃ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမြက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



❖ TG United အသင်းမှ

သရေကစားကာ လက်ကျန်နှစ်ပွဲအလိုတွင် ခုနစ်မှတ်အသာရပြီး ချန်ပီယံဖြစ်ခဲ့သည်။ TG United အသင်းသည် ချန်ပီယံဖြစ်ခွင့်နှင့်အတူ လာမည့်ရာသီတွင် လိဂ်–၁ ပြိုင်ပွဲသို့ တန်းတက်ခွင့်ရခဲ့သည်။ ပွဲစဉ်(၂၀)တွင် 7 Brother အသင်းက Black Cross အသင်းကို လေးဂိုး–သုံးဂိုး၊ ရွှေပြည်သာယူနိုက်တက်အသင်းက 7 Dragon အသင်းကို လေးဂိုး–နှစ်ဂိုး၊ JZ Yangon အသင်းက Maryar အသင်းကို လေးဂိုး–သုံးဂိုးဖြင့် အနိုင်ရခဲ့ပြီး KKY အသင်းနှင့် Gold Dream အသင်းတို့က တစ်ဂိုးစီသရေ၊ Pacific Sun Far အသင်းနှင့် TG United အသင်းတို့က သုံးဂိုးစီသရေ၊ YCDC Marga Youth အသင်းနှင့် လက်ဝဲသုန္ဒရအသင်းတို့က သုံးဂိုးစီ သရေကျခဲ့သည်။

ပွဲစဉ်(၂၀)အပြီးတွင် TG United အသင်းက ရမှတ် ၄၈ မှတ်ဖြင့် ချန်ပီယံဖြစ်ခဲ့ပြီး Pacific Sun Far အသင်းက ၄၁ မှတ်၊ Gold Dream အသင်းက ၃၉ မှတ်၊ JZ Yangon အသင်းနှင့် 7 Dragon အသင်းက ၃၃ မှတ်စီ၊ Black Cross အသင်းနှင့် YCDC Marga Youth အသင်းတို့က ၂၇ မှတ်စီ၊ 7 Brother အသင်းက ၂၁ မှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းက ရမှတ် ၂၀၊ KKY အသင်းက ၁၈ မှတ်၊ လက်ဝဲသုန္ဒရအသင်းက ၁၆ မှတ်၊ Maryar အသင်းက ၁၃ မှတ် ရရှိထားသည်။

သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MFF

✪ ကျောပုံးမှ

ညနေပိုင်းကျင်းပသည့်ပွဲတွင် 10/Mon အသင်းက TGK Hmawbi အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ TGK Hmawbi အသင်းသည် ပထမပိုင်းတွင်သွင်းယူသည့် ဂိုးဖြင့် ဦးဆောင်နိုင်သော်လည်း ဒုတိယပိုင်းတွင် နှစ်ဂိုးပြန်ပေးရကာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ၁၇ မိနစ်တွင် ကျော်မင်းထွန်းက TGK Hmawbi အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူသော်လည်း 10/Mon အသင်းအတွက် ၆၆ မိနစ်တွင် ညီညီအောင်က ချေပဂိုးနှင့် ၈၃ မိနစ်တွင် အောင်ကျော်အေးက အနိုင်ဂိုးသွင်းယူခဲ့သည်။

ပြိုင်ပွဲတတိယနေ့ကို မတ် ၁၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၈ နာရီခွဲတွင် ဗဟန်းမြက်ခင်းတုကွင်း၌ W United အသင်းနှင့် Asia Lion အသင်း၊ ညနေ ၄ နာရီတွင် ဗဟန်းမြက်ခင်းတုကွင်း၌ Happy Friendship အသင်းနှင့် Zan United အသင်း၊ သုဝဏ္ဏလေ့ကျင့်ရေးကွင်း–၂၌ Young Boy အသင်းနှင့် Enjoy Brother အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MNL

ဟိုပုံးမြို့နယ်၌ အများပြည်သူအလုပ်ပိတ်ရက်ရှည်ကာလအတွင်း အပန်းဖြေခရီးသွားလာသူများ၊ ဘုရားဖူးကောင်းမှုကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိ

ဟိုပုံး မတ် ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် အများပြည်သူအလုပ်ပိတ်ရက်ရှည်ကာလအတွင်း ဘုရားစေတီများ၊ အထင်ကရနေရာများ၌ အပန်းဖြေခရီးသွားလာသူ၊ ဘုရားဖူးကောင်းမှုကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိသည်။

ဟိုပုံးမြို့နယ်အတွင်းရှိ ထမ်းဆန်းဟိတ္ထိပါလ ဓမ္မစက္ကသာသနာ့ရောင်ခြည် လိုဏ်ဂူတော်၊ ထမ်းဆန်းရွှေတိဂုံစေတီတော်၊ မယ်တော်ကျောင်း၊ သိရိမင်္ဂလာ ရွှေချမ်းသာမွေတော်ဘုရားကြီးနှင့် မြို့မရေလွှဲဆည် စသည့်နေရာများတွင် ရပ်ဝေးရပ်နီးမှ အပန်းဖြေခရီးသွားလာသူများ၊ ဘုရားဖူးကောင်းမှုကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ပွင့်လင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ နွေဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ တစ်ခါတစ်ရံ ရေကြီးရေလျှံခြင်းများနှင့် မီးလောင်ကျွမ်းမှုများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် လေပြင်းတိုက်ခတ်မှုအန္တရာယ်၊ ရေကြီးရေလျှံမှုအန္တရာယ်နှင့် မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော်အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၆) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် တစ်ပိုင်တစ်နိုင် ကနဦးမီးငြိမ်းသတ်နိုင်သော မီးသတ်ဆေးဘူးများအား အလွယ်တကူ ရယူနိုင်သောနေရာတွင် ထားရှိပြီး အဆင်သင့်အနေအထားဖြစ်နေရန်နှင့် မီးတားလမ်းများ ပြုလုပ်ထားရှိရန်၊

(၇) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန် အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

အနုပညာ



စံချိန်သစ်တင်လိုက်တဲ့ ရိုဆယ်

တောင်ကိုရီးယား အမျိုးသမီးတေးဂီတအဖွဲ့ BLACKPINK ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ရိုဆယ်ဟာ သူ့ရဲ့တေးသီချင်းသစ် APT နဲ့ မှတ်တိုင်သစ်စိုက်ထူခဲ့ပါတယ်။ ဘရူနိုမားစ်နဲ့ တွဲဖက်သီဆိုထားတဲ့ အဆိုပါတေးသီချင်း ဗီဒီယိုဟာ လတ်တလောမှာ ယူကျူကနေတစ်ဆင့် ကြည့်ရှုသူ ၁ ဒသမ ၃ ဘီလီယံ ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၁၃ ရက်မှာ အဆိုပါတေးသီချင်းဟာ ယူကျူကနေတစ်ဆင့် ကြည့်ရှုသူ ၁ ဒသမ ၃ သန်း ကျော်လွန်ခဲ့တာပါ။ အဆိုပါတေးဗီဒီယိုဟာ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၈ ရက်မှာ စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး စတင်ထုတ်လွှင့်ပြီးနေက် ၁၄၆ ရက်အကြာမှာ ကြည့်ရှုသူ ၁ ဒသမ ၃ ဘီလီယံ ပြည့်ခဲ့တာဖြစ်ပြီး ဒါဟာ အာရှတေးသံရှင်တွေအနက် ကြည့်ရှုသူ ၁ ဒသမ ၃ ဘီလီယံ အမြန်ဆုံး ပြည့်မြောက်ခဲ့တဲ့ တေးဗီဒီယိုအဖြစ်လည်း မှတ်တမ်းသစ်တင်နိုင်ခဲ့ပါတယ်။

တေးသီချင်းသစ်အတွက် ပြင်ဆင်နေတဲ့ ဂျေဟုတ်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့ BTS ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျေဟုတ်ဟာ တစ်ကိုယ်တော်တေးသီချင်းသစ်တစ်ပုဒ်ကို ပြင်ဆင်နေပြီး လတ်တလောမှာ အဆိုပါတေးသီချင်းသစ်ကို စမ်းသပ်ထုတ်လွှင့်ခဲ့ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၁၅ ရက်မှာ ဘစ်ဟစ်မြူးဇစ်က ထုတ်ပြန်ခဲ့တဲ့ သတင်းအရ ဂျေဟုတ်ရဲ့တေးသီချင်းသစ်ကို ဖန်တီးနေပြီး Mona Lisa လို့ အမည်ပေးထားကာ လာမယ့်သီတင်းပတ်အတွင်း စတင်ထုတ်လွှင့်ပေးဖို့ရာ စီစဉ်ထားတယ်လို့ သိရပါတယ်။ အဆိုပါတေးသီချင်းဟာ ဟစ်ဟော့နဲ့ အာရမ်ဘီ တေးသီချင်းအမျိုးအစားဖြစ်ပြီး ရာစုနှစ်တစ်ခုကြာအထိ ကမ္ဘာကြီးကို လွှမ်းမိုးထားနိုင်ခဲ့တဲ့ ဂန္ဓဝင်မြောက်လက်ရာ မိုနာလီဆာနဲ့ ဆွဲဆောင်မှုရှိတဲ့သူတစ်ဦးကို နှိုင်းယှဉ်ထားပုံကို ဖော်ကျူးထားတာလည်းဖြစ်ပါတယ်။ ဒီသီချင်းနဲ့အတူ ဂျေဟုတ်က လူတစ်ဦးရဲ့ စစ်မှန်တဲ့ဆွဲဆောင်မှုဟာ ရုပ်ပိုင်းဆိုင်ရာ လှပမှုမျိုးမဟုတ်ဘဲ ထိုသူမှာရှိတဲ့ ထူးခြားတဲ့အရည်အသွေးတွေသာဖြစ်တယ်လို့ လှစ်ဟပြခဲ့ပါတယ်။



Mona Lisa ကို မတ် ၂၁ ရက် ကိုရီးယားစံတော်ချိန် မွန်းလွဲ ၁ နာရီမှာ စတင်ထုတ်လွှင့်ပေးမှာဖြစ်တယ်လို့ လည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်



ယူကေရဲ့ တေးအယ်လ်ဘမ်စာရင်းတွင် နံပါတ် ၃ နေရာမှာ ရပ်တည်နေတဲ့ ဂျန်းနီ

တောင်ကိုရီးယား အမျိုးသမီးတေးဂီတအဖွဲ့ BLACKPINK ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျန်းနီဟာ သူ့ရဲ့ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်နဲ့ မှတ်တိုင်သစ်စိုက်ထူနိုင်ခဲ့ပါတယ်။ သူ့ရဲ့ တေးအယ်လ်ဘမ် Ruby ဟာ ယူကေရဲ့တေးအယ်လ်ဘမ်စာရင်းတွင် နံပါတ် ၃ နေရာမှာ ရပ်တည်နေကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ်၁၄ ရက်မှာ ထုတ်ပြန်ခဲ့တဲ့ အချက်အလက်တွေအရ ဂျန်းနီရဲ့ တေးအယ်လ်ဘမ်ဟာ ယူကေရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်တွေအနက် နံပါတ် ၃ နေရာကို ရယူထားနိုင်ခဲ့တာ တွေ့ရပါတယ်။ ဒါဟာ ကေပေါ်ပ်အမျိုးသမီးတေးသံရှင်တစ်ဦးအနေနဲ့ ယူကေရဲ့ တေးအယ်လ်ဘမ်စာရင်းမှာ နံပါတ် ၃ နေရာအထိ အထမဆုံးအကြိမ် တက်လှမ်းနိုင်ခဲ့တာပါ။ ဒါ့အပြင် ကေပေါ်ပ်အမျိုးသားတေးဂီတအဖွဲ့ BTS အဖွဲ့ဝင် ဂျိုးဂုတင်ထားခဲ့တဲ့စံချိန်ကိုလည်း လိုက်မီနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒါ့အပြင် ဂျန်းနီရဲ့ တစ်ကိုယ်တော်တေးသီချင်း သုံးပုဒ်ဟာလည်း ယခုသီတင်းပတ်အတွင်း ယူကေရဲ့ တစ်ကိုယ်တော်တေးသီချင်းဇယားမှာ ပါဝင်နေပါတယ်။ Like JENNIE ဟာ နံပါတ် ၃၆၊ Handlebarsက နံပါတ် ၄၁ နဲ့ Extral က နံပါတ် ၆၆ နေရာတွေမှာ ရပ်တည်နေတာဖြစ်တယ်လို့ သိရပါတယ်။

★ **စတုတ္ထအကြိမ်မှ**

ယှဉ်ပြိုင်ထိုးသတ်ကြသော်လည်း ပထမအချီတွင် အနိုင်အရှုံးမပေါ်ဘဲဖြစ်နေခဲ့သည်။ ထို့ကြောင့် ဒုတိယအချီကို ဆက်လက်ယှဉ်ပြိုင်ထိုးသတ်ကြရာ ဒုတိယအချီ ၂ မိနစ် ၄ စက္ကန့်၌ ဗန်လုထောင်၏ အားပါသော လက်သီးချက်ကြောင့် ဖြိုးသူအောင် အထိနာကာ ဆက်လက်ယှဉ်ပြိုင်ထိုးသတ်နိုင်ခြင်း မရှိသဖြင့် ဗန်လုထောင်က အနိုင်ရရှိခဲ့သည်။

ထို့အတူ လေးချီပြိုင်ပွဲများဖြစ်သည့် ၆၂ ကီလိုတန်း ကောင်းခန့်ကျော်နှင့် ရှိုင်းမင်းထွန်းတို့ပွဲစဉ်တွင် ပထမအချီ ၁ မိနစ် ၄ စက္ကန့်၌ ရှိုင်းမင်းထွန်းက အလဲထိုးဖြင့် အနိုင်ရရှိခဲ့သလို ၆၁ ဒသမ ၂၃ ကီလိုတန်း အောင်မြင့်မြတ်နှင့် ကောင်းခန့်ဦးတို့ ပွဲစဉ်တွင် ကောင်းခန့်ဦးက ပထမအချီမှာပင် အလဲထိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထို့ပြင် လေးချီပြိုင်ပွဲများဖြစ်သည့် ၅၀ ဒသမ ၈ ကီလိုတန်း အောင်ကျော်သက်နှင့် ဗောဇနေနိုင်တို့ ပွဲစဉ်၌ တတိယအချီတွင် ဗောဇနေနိုင်က အောင်ကျော်ထက်ကို အလဲထိုးဖြင့် အနိုင်ရရှိခဲ့ပြီး ၅၅ ဒသမ ၃၄ ကီလိုတန်း အောင်ကောင်းမြတ်နှင့် ဇိုင်းဒန့်အောင်တို့ပွဲစဉ်၌ ဇိုင်းဒန့်အောင်က အမှတ်ဖြင့် အနိုင်ရရှိခဲ့ကာ ၆၀ ကီလိုတန်း ဇော်ဇော်နိုင်နှင့် စန်းလွင်ဦးတို့ပွဲစဉ်တွင် ဇော်ဇော်အောင်က အလဲထိုးဖြင့် အနိုင်ရရှိခဲ့သည်။

၆၀ ကီလိုတန်း ဆဲလ်မွဲလ်ကျူးနှင့် ရေမွန်းဒိုတို့ ပွဲစဉ်မှာ သူတစ်ပြန်ကိုယ်တစ်ပြန် အကြိတ်အနယ်ရှိခဲ့သော်လည်း လေးချီပြီးဆုံးသည်အထိ အနိုင်အရှုံး မပြတ်သားဘဲဖြစ်နေခဲ့ရာ ဒိုင်များ၏ဆုံးဖြတ်ချက်အရ ရေမွန်းဒိုက အမှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ၆၃ ဒသမ ၅၀ ကီလိုတန်း သက်နိုင်အောင်နှင့် ထက်အောင်လင်းတို့ ပွဲစဉ်တွင် သက်နိုင်အောင်က တတိယအချီ ၂ မိနစ် ၁၅ စက္ကန့်၌ အလဲထိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာဘောက်ဆင်အဖွဲ့ချုပ်(MBC)အနေဖြင့် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်အတွင်း PBM–1၊PBM–2 ပြိုင်ပွဲများနှင့် ယခု ၂၀၂၅ ခုနှစ်တွင် PMB–3 နှင့် PBM–4 ပြိုင်ပွဲများကို ကျင်းပနိုင်ခဲ့ပြီး ပြိုင်ပွဲများကို ဆက်လက်ကျင်းပယှဉ်ပြိုင်စေမည်ဖြစ်ကာ အဆိုပါပြိုင်ပွဲများမှ အလားအလာရှိသော ကစားသမားများကို ရွေးချယ်ပြီး နိုင်ငံတကာပြိုင်ပွဲများ၌ ယှဉ်ပြိုင်ကစားရန် စေလွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။ **လင်းရာမ**

၂၀၂၅ ခုနှစ်အတွက် အာဆီယံဆု(ASEAN Prize 2025) လျှောက်ထားနိုင်ကြောင်း ကြေညာချက်

၁။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့်နယ်ပယ်များတွင် အာဆီယံအလိုက်အဝန်းထူထောင်ရေးတို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၅ ခုနှစ် အာဆီယံဆု (ASEAN Prize 2025)ကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်–

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ၊
(ခ) အာဆီယံနှင့်ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ၊
(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ၊
(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပေါင်းစည်းရေးနှင့် စံနှုန်းများမြှင့်တင်ရေး ဆောင်ရွက်မှုများ၊
(င) အာဆီယံအလိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ။

၂။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် အကဲဖြတ်အဖွဲ့ကို လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၃။ အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား(သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကိုအခြေခံပြီး ပြည်သူကိုဦးတည်၍ ပြည်သူကို ဗဟိုပြုသည့် အာဆီယံအသိုက်အဝန်းထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ် ရေးသားဖော်ပြရမည်ဖြစ်ပါသည်။

၄။ အကျဉ်းချုပ်တွင် ပါရှိရမည့်အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https:// asean.org/nomination-form/ တွင် download ရယူဖြည့်စွက်ပြီး အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော် (သို့မဟုတ်) amns.mofa@gmail.com သို့ **၁၁-၄-၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

■

"ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃)၊ မြေကွက်အမှတ်-(၃၈၇)၊ ဧရိယာ(၀. ၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်တည်ရှိရာအမှတ်- ၃၈၇၊ ဌေးကြာရဲ(၁၃)လမ်း၊ ၃-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ် တွင်သောအကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်အမည်ပေါက်လက်ဝယ်ပိုင်ဆိုင်သူ ဦးအောင်ဇော်စိုး ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင် ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါမြေကွက်နှင့်မြေကွက်ပေါ် ရှိအကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆိုဤကြေညာချက်ပါသည့်နေ့မှစ၍(၇)ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အတွင်းကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်နန်းဆင့်ဆင့်ထွန်း (LL.B) ဒေါ်မိုးမိုးအေး (LL.B)
D.B.L,D.M.L D.B.L,D.M.L,D.I.L
(စဉ်-၁၂၆၃၉) WIPO,DL-101 Switzerland (စဉ်-၈၅၅၈)
(တရားလွှတ်တော်ရှေ့နေများ) (ဖုန်း-၀၉-၄၂၅၃၅၈၂၀)
အမှတ်-၈၃၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

"ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၂-ကမာကဆစ်)၊ မြေကွက်အမှတ်-(၁)၊ မြေဧရိယာ(၂၄၀၀)စတုရန်းပေရှိနှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်း မြေကွက်တည်ရှိရာအမှတ်-၁၊ ရာဇသင်္ကန်လမ်းမ၊ ကမာကဆစ်ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ် တွင်သောအကျိုးခံစားခွင့်အရပ်ရပ်အားတရားဝင်အမည်ပေါက်လက်ဝယ်ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးကျော်စိုးလွင် (၉/အမဇ(နိုင်) ၀၃၉၂၆၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်စရံငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါမြေကွက်နှင့်မြေကွက်ပေါ် ရှိအကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆိုဤကြေညာချက်ပါသည့်နေ့မှစ၍(၇)ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အတွင်းကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်နန်းဆင့်ဆင့်ထွန်း (LL.B) ဒေါ်မိုးမိုးအေး (LL.B)
D.B.L,D.M.L D.B.L,D.M.L,D.I.L
(စဉ်-၁၂၆၃၉) WIPO,DL-101 Switzerland (စဉ်-၈၅၅၈)
(တရားလွှတ်တော်ရှေ့နေများ) (ဖုန်း-၀၉-၄၂၅၃၅၈၂၀)
အမှတ်-၈၃၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅/ဘီ)၊ မြေကွက်အမှတ် (၂ အေ/၈)၊ ဧရိယာ(၀.၀၆၃)ဧကေ၊ မြေကွက်တည်နေရာအမှတ်(၁၀/F)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်လမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးကျော်စိန် [၁၂/စခန(နိုင်)၀၀၄၀၁၆]၊ ဒေါ်မေမေခင် [၁၂/စခန(နိုင်)၀၀၄၀၁၄] အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်များဖြစ်သူ (ဖခင်) ဦးကျော်စိန်သည် (၅-၈-၂၀၂၁)ရက်နေ့နှင့်(မိခင်) ဒေါ်မေမေခင်သည် (၁၁-၄-၂၀၂၀) ရက်နေ့တို့တွင် အသီးသီးကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဒေါ်ခင်ခင်စိန်[၁၂/စခန(နိုင်)၀၀၄၀၁၈]၊ ဦးထွန်းထွန်းစိန် [၁၂/စခန(နိုင်)၀၀၄၀၁၀] တို့မှငင်းတို့ (၂)ဦးတည်းကိုသာ မွေးဖွားခဲ့ပြီး အခြားသော အမွေစားအမွေခံသား/သမီးများနှင့် မွေးစားကိတ္တိမသား/သမီးများ လုံးဝမရှိပါကြောင်းနှင့် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင် အမွေဆက်ခံထိုင်ဆိုပါကြောင်း အခြားမည်သူ တစ်ဦးတစ်ယောက်မျှ အမွေဆက်ခံ ပိုင်ဆိုင်ခြင်းမရှိပါကြောင်း မင်္ဂလာတောင်ညွှန့်မြို့နယ် တရားရုံး မှတ်ပုံတင်အမှတ်- ၆၈၀/၂၀၂၅(၁၀-၁-၂၀၂၅)ရက်နေ့ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဦးကျော်စိန်နှင့် ဒေါ်မေမေခင်တို့၏ သေဆုံးမှုလက်မှတ်များ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ် (၆၀)ဂရန်မူရင်း၊ နိုင်ငံသား စိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ကျောင်းလမ်း၊ မြေကွက်အမှတ် (၂၆၀ မ/၅)၊ အကျယ်အဝန်း (၁၅၃x၅၅)ပေရှိ မြေကွက်နှင့် အိမ်အပါအဝင်ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးသန်းဌေး နိုင်ငံသားစိစစ်ရေးကတ် [၁၂/အစန(နိုင်)၁၇၆၉၈၃] အား ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဆန်းမင်းအောင်၊ နိုင်ငံသားစိစစ်ရေးကတ် [၁၂/တကန(နိုင်)၁၃၅၅၂၂]က အထက်ပါမြေကွက်နှင့်အိမ်ကို အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးဆန်းမင်းအောင်
[၁၂/တကန(နိုင်)၁၃၅၅၂၂]

လွှဲအပ်ညွှန်ကြားချက်အရ
ဦးကြည်စွမ် (ထားဝယ်) (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၄၄၈၄/၈၈)
ဖုန်း-၀၉ - ၄၄၇၄၄၇၂၂၅

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့၊ ကျောင်းစုရပ်ကွက်၊ တောင်ဘက်စုလမ်းရှိ အကွက်အမည်- ကျောင်းစုတောင်ရပ်၊ အကွက်အမှတ်-C5၊ ဦးပိုင်အမှတ်-၂/၇၊ ဧရိယာ(၀.၁၆၇)ဧကေ၊ မြေအမျိုးအစား- လယ်ခြံမြေ၊ ဦးစိန်ကြီးအမည်ပေါက် ခြံမြေနှင့် ယင်းခြံမြေပေါ်တွင် ဆောက်လုပ်ထားသော (၃ပင် x ၄ပင်) သွပ်မိုး၊ တစ်ထပ်တိုက်နေအိမ်တစ်လုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။ (နေအိမ်နှင့် ခြံမြေ၏ အလားလေးရပ်မှာ အရှေ့ဘက်- ဦးကုလားကြီးနေအိမ်၊ အနောက်ဘက်- ဒေါ်ကရင်မကြီးနေအိမ်၊ တောင်ဘက် - ဒေါ်ခင်အုန်းမြင့်(၄၊က်ပျော်ခြံ)၊ မြောက်ဘက် - တောင်ဘက်စုလမ်း)အား ဒေါ်ကြည်ကြည်စန်း [၇/သဝတ(နိုင်)၀၇၉၀၂၃] က အဆက်ဆက်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နီလာ [၇/သဝတ(နိုင်)၁၄၅၅၃၃၆]မှ အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါသည်။ ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထား(မူရင်း)ခိုင်လုံစွာဖြင့် မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် စာချုပ်အား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်သူ
ဒေါ်နီလာ
[၇/သဝတ(နိုင်)၁၄၅၅၃၃၆]

လွှဲအပ်ချက်အရ
ဦးဇော်ညီညီဝိန် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၉၂)
အမှတ်(၉)၊ ရေဝေရပ်ကွက်၊ သာယာဝတီမြို့။
ဖုန်း- ၀၉-၅၃၆၀၄၆၆

သားအဖြစ်မှ အမွေပြုတ်ရုန်းကျတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၃၃ရပ်ကွက်၊ ၀ိုလ်မင်းရောင် လမ်းနေဦးတင်အောင်လင်း(၁၂/သကတ(နိုင်)၁၂၈၆၄၃)၊ ဒေါ်ယဉ်ယဉ်မြ(၁၂/သကတ(နိုင်)၁၃၁၃၇၃)၏သားဖြစ်သူမောင်ရိုးမင်းဦး(၁၂/သကတ(နိုင်)၂၀၄၄၃၈) သည် မိဘများ၏ဆုံးမမှုကိုမနာခံဘဲခွင့်မလွှတ်နိုင်သောအပြုအမူများပြုလုပ်၍အိမ်ပေါ်မှ ဆင်းသွားပါသဖြင့် ရာသက်ပန် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင်ထင်းနှင့်ပတ်သက်သည့် လူမှုရေးအရှုပ်အရှင်းနှင့်အခြားမည်သည့် ကိစ္စကိုမှတာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ကြောင်းမောင်ရိုးမင်းဦးနှင့်အများသိစေရန်ကြေညာအပ်ပါသည်။

ဦးတင်အောင်လင်း + ဒေါ်ယဉ်ယဉ်မြ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ စံပယ်ခြံ(၁)လမ်း၊ အမှတ်(၃၂/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း (၁၈ ပေ x ၈၃ ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်နေထိုင်လျက်ရှိပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးခင်မောင်ရီ (ဘ) ဦးစံခွေး [၁၂/လမန(နိုင်)၀၇၀၂၄၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (၁၃-၃-၂၀၂၅)ရက်နေ့တွင် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးခင်မောင်ချို
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၃၂၀)
အမှတ်(၆၆)၊ နတ်သျှင်နောင်လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉ - ၄၃၀၈၈၅၄၉

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ရန်ကုန်-အင်းစိန်လမ်း ၊ The Century Condo ရှိ Type-A ၊ အခန်းအမှတ်(A-၂၂၀၇)၊ (၂၂လွှာ)၊ အကျယ်အဝန်း (၁၈၅၄)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ပါကွန်ဒိုတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၄၄၂၆၁၂ဖြင့် အမှတ်(၅၊ ၆)၊ ရွှေကိန္နရီအိမ်ဆိုင်၊ လေးထောင့်ကန်လမ်း၊ သဃ်နန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့တွင် တည်ထောင်ဖွင့်လှစ်ထားသော ထွန်းမြတ်အောင်ကုမ္ပဏီမှ အပေါင်အနှံ အချုပ်အရှင်းကင်းရှင်းကြောင်း၊ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံ ကတိပြုပြောဆိုလာသည့်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူတို့က ဝယ်ယူရန်အတွက် ထွန်းမြတ်အောင် ကုမ္ပဏီအား(စရန်ငွေ) တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးမျိုးဝင်း **ဦးအာကာဦး**
တရားလွှတ်တော်ရှေ့နေ **အထက်တန်းရှေ့နေ**
(စဉ်-၁၉၀၇၀) **(စဉ်-၅၄၇၆၄)**
ရုံးအမှတ်-(၁၂)၊ ပထမထပ်၊ အနော်ရထာလမ်း(ပန်းဆိုးတန်းလမ်း ထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၉၀၇၀၇၃

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

ဆောက်လုပ်ခွင့်ပါမစ်ကြန့်ကြာနှေးကွေးနေတဲ့အတွက် မြေပိုင်ရှင်အိမ်ပိုင်ရှင်မှ ကြန့်ကြာမှုကြောင့် နစ်နာမှုဖြစ်ပေါ်နေတဲ့အတွက် ကန်ထရိုက်တာသို့ အသိပေးအကြောင်းကြားခြင်း

ဒေါ်ထားထားနွယ်
လုပ်ငန်းအပ်နှံသူ
(မြေပိုင်ရှင်/အိမ်ပိုင်ရှင်)
[၁၂/သကတ(နိုင်)၀၉၈၇၄၂]
အမှတ်(၄၄)၊ မိုးသောက်ပန်းလမ်း၊ စုပေါင်းအိမ်ရာ၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၀၉- ၄၄၇၈၇၁၃၅၅

ဦးဇော်ခိုင်မြင့်
(ခ)ပေါလ်(ခ)ဂျိုးဇက်ကရုပ်ချက်
လုပ်ငန်းလက်ခံသူ (ကန်ထရိုက်တာ)
[၁၂/မဂတ(နိုင်)၀၀၅၀၃၆]
လိုင်စင်နံပါတ် LC ၃၅၁၁
အမှတ်(၅၉)၊ ဒေါ်သိန်းတင်လမ်းနှင့် လမ်း(၉၀)ထောင့်၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁။ (၅-၁-၂၀၂၄)နေ့စွဲပါ (၆)ထပ်တိုက် ရင်ခွဲဆောက်လုပ်ရန်အတွက် လုပ်ငန်းအပ်နှံသူ ဒေါ်ထားထားနွယ်နှင့် လုပ်ငန်းလက်ခံသူ ဦးဇော်ခိုင်မြင့်(ခ)ပေါလ်(ခ)ဂျိုးဇက်ကရုပ်ချက် လိုင်စင်နံပါတ် LC ၃၅၁၁ တို့သည် အထက်ပါနေ့စွဲ(၅-၁-၂၀၂၄)နေ့တွင် လုပ်ငန်းအပ်နှံသူ မြေရှင်နှင့် လုပ်ငန်းလက်ခံသူ ကန်ထရိုက်တာတို့ ကန်ထရိုက်စနစ်အရ အကျိုးတူ (၆)ထပ်တိုက်ရင်ခွဲ တစ်ခြမ်းပေးတစ်ခြမ်းယူ ဆောက်လုပ်ရန် နှစ်ဦးသဘောတူခဲ့ကြပါသည်။

၂။ ဒေါ်ထားထားနွယ် မြေပိုင်ရှင်၊ အိမ်ပိုင်ရှင် နေထိုင်ပိုင်ဆိုင်သော အဆောက်အအုံ အဆောက်အဦဆောက်လုပ်မည့်နေရာ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ စုပေါင်းအိမ်ရာ၊ မိုးသောက်ပန်းလမ်း၊ အမှတ်(၄၄)၊ အကျယ်အဝန်း (အလျား ၄၂ပေ x၃၈ပေ အနံ ၅၅ပေ) မြေကွက်နှင့် ထိုမြေကွက်ပေါ်မှာရှိတဲ့ အဆောက်အအုံ အဆောက်အဦကို ဒေါ်ထားထားနွယ်မှ ဖယ်ရှားရှင်းလင်းပေးခဲ့ပြီး (၉-၂-၂၀၂၄) နေ့တွင် ဖယ်ရှားပေးခဲ့ရပါသည်။ (ကန်ထရိုက်တာ ဇော်ခိုင်မြင့် လုပ်ငန်းလက်ခံသူ)က လုပ်ငန်းစလုပ်ရန် (မြေစမ်းရန်)အတွက်ဆိုပြီး ပြောဆိုခြင်းအတွက် မြေပိုင်ရှင် အိမ်ပိုင်ရှင်က ရှင်းလင်းဖယ်ရှား ပြောင်းရွှေ့ပေးခဲ့ရပါသည်။

၃။ ထို့ကြောင့် ဒေါ်ထားထားနွယ်က (၉- ၂- ၂၀၂၄)အတွင်း ပြောင်းရွှေ့ပေးခဲ့ပြီး အိမ်ငှားနေထိုင်သောအိမ်မှ (၉-၂-၂၀၂၄)ခုနှစ်မှာ ဒေါ်ထားထားနွယ် ပိုင်ဆိုင်သော မြေပေါ်သို့ ပြန်လည်ပြောင်းရွှေ့ နေထိုင်နေပြီးဖြစ်ကြောင်းသိစေရန် အသိပေးရှင်းလင်းပြောကြားရခြင်း ဖြစ်ပါသည်။

၄။ ကန်ထရိုက်တာမှာလည်း ဆောက်လုပ်ခွင့်ပါမစ် ကြန့်ကြာနေတဲ့အတွက် အိမ်ရှင်မှ နောက်ထပ် **သက်တမ်း(၃)လ သို့မဟုတ် (၆)လ ထပ်တိုးပေးမည်ဖြစ်ကြောင်း**နှင့် [အိမ်ပုံစံနှင့် ဆောက်လုပ်ခွင့်ပါမစ်ကျပါက ဒေါ်ထားထားနွယ် အိမ်ရှင်မြေရှင်ရရှိမည့် အခြေခံဘက် မြေညီတစ်ခန်းအား (အားချင်းအန္တရာယ်ကင်း လုံခြုံနေထိုင်လို့ရအောင်) ကန်ထရိုက်တာမှ ပြုလုပ်ပေးရမည်ဖြစ်ကြောင်းနှင့် အိမ်ရှင်အတွက် [ကြန့်ကြာမှုကြောင့် နစ်နာမှုအတွက် ခေတ်ကာလနှင့်အညီ (တစ်လငါးသိန်းကျပ်)ကို (၉- ၂- ၂၀၂၅)ခုနှစ်မှစ၍ သက်တမ်းတိုးကာလအတွင်းနှင့် အကယ်၍ အိမ်ပုံစံနှင့် ဆောက်လုပ်ခွင့်ပါမစ်သက်တမ်းတိုးကာလအတွင်းမှာရရှိပါက (၆)ထပ်တိုက်ကို (၁)နှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်ပေးရမည့်ကာလအတွင်း] ကြန့်ကြာမှုကြောင့် နစ်နာမှုအတွက် ခေတ်ကာလနှင့်အညီ (တစ်လငါးသိန်းကျပ်)ကို (၉- ၂- ၂၀၂၅)ခုနှစ်မှစ၍ (၆)ထပ်တိုက်ပြီးစီးသည်အထိ လစဉ်ပေးရမည်ဖြစ်ကြောင်းကို ကန်ထရိုက်တာထံသို့ အသိပေးအကြောင်းကြားရခြင်း ဖြစ်ပါသည်။

မှတ်ချက်။ ။အိမ်ပုံစံနှင့် ဆောက်လုပ်ခွင့်ပါမစ်ကို **[(၁၅ လ)ကျော် (၁၈ လ) (၁နှစ်နှင့်၆လ)]** အချိန်အတွင်း ပြုလုပ်နိုင်ခြင်းမရှိပါက လုပ်ငန်းလက်ခံသူက ကန်ထရိုက်တာနှင့် ချုပ်ဆိုထားသောစာချုပ်ပါနေ့စွဲ (၅-၁-၂၀၂၄)ပါ ကန်ထရိုက်ကို ပေးထားသော တစ်ခြမ်းအား လုပ်ငန်းအပ်နှံသူ မြေပိုင်ရှင် အိမ်ပိုင်ရှင်မှ ပြန်လည်သိမ်းပိုက်ရယူမည် ဖြစ်ကြောင်းနှင့် လုပ်ငန်းအပ်နှံသူ မြေပိုင်ရှင် အိမ်ပိုင်ရှင်၏ နစ်နာမှု၊ ကြန့်ကြာမှု၊ နှေးကွေးနေမှု (အိမ်ပုံစံနှင့်ဆောက်လုပ်ခွင့်ပါမစ်)တို့အတွက် လုပ်ငန်းလက်ခံသူ ကန်ထရိုက်တာမှ လုပ်ငန်းအပ်နှံသူ၏ စာပို့ဒ်နံပါတ်(၅)ပါတောင်းဆိုချက်ကို မလိုက်လျောပါက ဤကန်ထရိုက်တာနှင့် အကျိုးတူဆောက်လုပ်သည့်လုပ်ငန်းအား ရပ်စဲမည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားရခြင်းဖြစ်ပါသည်။

ဒေါ်ထားထားနွယ်
လုပ်ငန်းအပ်နှံသူ
(မြေပိုင်ရှင်/အိမ်ပိုင်ရှင်)
[၁၂/သကတ(နိုင်)၀၉၈၇၄၂]
အမှတ်(၄၄)၊ မိုးသောက်ပန်းလမ်း၊ စုပေါင်းအိမ်ရာ၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၄၄၇၈၇၁၃၅၅

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်
MYANMAR SEAFARERS FEDERATION

MSF အဖွဲ့ချုပ်၏ 7th Annual General Meeting - AGM (သတ္တမအကြိမ် နှစ်ပတ်လည် အသင်းသားမျက်နှာ စုံညီအစည်း အဝေး) အခမ်းအနားကျင်းပမည့်သတင်းထုတ်ပြန်ချက်

MSF အဖွဲ့ချုပ်၏ 7th Annual General Meeting - AGM (သတ္တမအကြိမ်နှစ်ပတ်လည် အသင်းသားမျက်နှာ စုံညီအစည်း အဝေး) အခမ်း အနားအား ၂၀၂၅ ခုနှစ်၊ ဧပြီလ လဆန်းပိုင်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း အသင်းဝင် အသင်းသားများအား အသိပေးကြေငြာ အပ်ပါသည်။

သတ္တမအကြိမ်နှစ်ပတ်လည် အသင်းသားမျက်နှာ စုံညီအစည်းအဝေး၏အခမ်းအနားအစီအစဉ်များအား MSF အဖွဲ့ချုပ်၏ လူမှုကွန်ယက်စာမျက်နှာဖြစ်သော FACEBOOK ACCOUNT နှင့် FACEBOOK PAGE များတွင်မကြာမီရက်အနည်းငယ်အတွင်းထုတ်ပြန်ကြေငြာသွားမည်ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဦးဟုတ်စွမ် (ဒုဥက္ကဋ္ဌ)	-	၀၉ ၂၅၁ ၀၂၂ ၄၆၈
ဦးဘခိုင် (အထွေထွေအတွင်းရေးမှူး)	-	၀၉ ၅၀၆၁၃၅၈
ရုံးဖုန်းများ	-	၀၉၄၀၀၀၆၆၇၀၂ / ၀၉၇၇၇၇၆၇၁၈၂

အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်၊ သီလ (၉) လမ်း၊ အမှတ်–၂၈၇/ခ နေ **ဒေါ်သန်းရင်** (၁၂/ဥကတ (နိုင်) ၀၃၆၉၅) နှင့် **ဒေါ်ထွေးတင်** (၁၂/ဥကတ (နိုင်) ၀၃၆၅၇၇) တို့၏ တရားဝင် လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ –

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်၊ သီလ (၉) လမ်း၊ အမှတ် – ၂၈၇/ခ၊ ဧရိယာ (အလျား ၁၃ ပေ x အနံ ၆၀ ပေ) ရှိ နှစ် (၆၀) ဂရန်မြေနှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား (၁၃–၃–၂၀၂၅) ရက်စွဲပါ "မိသားစုသဘောတူ ချုပ်ဆိုသော မိသားစုပိုင်မှုဆိုင်ရာသဘောတူစာချုပ်" အရ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်သန်းရင်နှင့် ဒေါ်ထွေးတင်တို့မှ လုံးဝပိုင်ဆိုင် အကျိုးခံစားခွင့် ရရှိသွားပြီဖြစ်ကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်နှင့်မျှ သက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးခိုင်လင်းထွန်း(LL.B) အထက်တန်းရှေ့နေ (စဉ်–၄၃၁၄၇/၁၃)
အမှတ်–၁၂၂၊ ပ–ထပ်၊ အနော်ရထာလမ်းနှင့်ပန်းဆိုးတန်းလမ်းထောင့်၊ (၄) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉–၇၉၃၆၉၄၆၅၀

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အောင်မင်္ဂလာ(၃)လမ်း၊ အမှတ်(၉၅)၊ ဘိုးဘပိုင်မြေအမျိုးအစား အလျား(၁၆)ပေx အနံ(၅၉)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တိုက်အိမ်အဆောက်အဦနှင့် ရေမော်တာ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိနေထိုင်ပိုင်ဆိုင်ကြောင်းနှင့် တရားဝင်စီမံခန့်ခွဲ ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဒေါ်အေးအေး [၁၃/မဖန(နိုင်)၀၂၁၃၅၇]၊ ဒေါ်အေးအေးအောင် ISN –၁၆၈၇၂၆၊ ဒေါ်မြမြဆွေ [၁၂/အစန(နိုင်)၀၁၄၁၁၇]၊ ဒေါ်အေးအေးသွယ် [၁၂/အစန(နိုင်)၁၄၀၂၁၉]တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးခွန်ဆန်းဦး [၃/ဘအန(နိုင်)၂၇၀၄၇၈]နှင့် ဦးသူရလင်းလင်း [၈/မကန(နိုင်)၂၀၇၀၄၂]တို့က တိုက်အိမ်ခြံမြေတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ တိုက်အိမ်ခြံမြေကွက် ရောင်းဝယ်ခြင်းနှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း နောက်ဆုံးထားပြီး စာရွက်စာတမ်းမူရင်းဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**
ဒေါ်တိုးတိုးအောင်မြင့်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၉၄၃)
စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ၀၉–၇၇၆၁၀၃၂၂၈

ဒေါ်သဲလ်မာမင်း(ဘ)ဦးလှမင်း [၇/ကပက(နိုင်)၀၅၈၄၅၇]နှင့် အများသိစေရန် အသိပေးကြေညာခြင်း

